7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၁၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၁၉ ၊ ၂၀၁၃)

TRI
LIVES BRILLIANTLY

# ကြော်ငြာအားကောင်းကောင်းနှင့် အပျောက်ကုဆေးခန်းများ တိုင်းဒေသကြီးအစိုးရစစ်ဆေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၁၇**

ပြည်တွင်းမီဒီယာများတွင် ရောဂါအပျောက်ကုသပေးသည်ဆိုပြီး ကြော်ငြာအားကောင်းကောင်းသုံးကာ နိုင်ငံခြားသားဆရာဝန်များဖြင့် ကြော်ငြာသောရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးခန်းများကို စစ်ဆေးအရေးယူတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အစိုးရအဖွဲ့ကို တင်ပြီးပြီ။ အမြန်ဆုံး ဆောင်ရွက်ဖို့လည်း ညွှန်ကြားထားတယ်။ ဒီကိစ္စကြောင့် လူအများနစ်နာနေတဲ့အတွက် အမြန်ဆုံးဆောင်ရွက်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းကပြောသည်။

ဆေးခန်းမှတ်ပုံတင်သည့်အချိန်က မြန်မာဆရာဝန်များအမည်ဖြင့် မှတ်ပုံတင်ပြီး ဆေးကုသခန်းရှေ့တွင် မြန်မာဆရာဝန်နာမည်တပ်ထားသော်လည်း အတွင်းတွင် နိုင်ငံခြားသားဆရာဝန်က ဘာသာပြန်အကူအညီဖြင့် ကုသခြင်းများ၊ ဆေးတစ်ခွက်စာလျှင်အနည်းဆုံး ငွေကျပ်တစ်သိန်းခန့် တောင်းခံမှုများ ကြုံတွေ့နေရမှုအတွက် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအဖွဲ့မှ ညွှန်ကြားစာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ယခုလအတွင်းရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ရောဂါအမြစ်ပြတ်ပျောက်ကင်းသည်ဆိုသည့် ကြော်ငြာအားကြောင့်ဆေးခန်းရောက်ရှိသွားပြီး ငွေကြေးသိန်းချီကုန်ကျသည့် ဆေးခန်းများအကြောင်း ရင်ဖွင့်ပြောစကားများလည်း အင်တာနက်စာမျက်နှာများတွင် တွေ့မြင်နေရသည်။

စာ(၈)သို့

## လိင်အသားပေးဇာတ်ဝင်ခန်းများ ထိန်းချုပ်သင့်ပြီလား



**မြန်မာဗီဒီယိုကားမှ ဇာတ်ဝင်ခန်းတစ်ခု**

**အေးသူစံ**

မင်းသားနှင့်မင်းသမီးတို့၏ ပွင့်လင်းလွတ်လပ်သော ချစ်ရည်လူးသည့်ဇာတ်ဝင်ခန်းများကို မြန်မာနိုင်ငံတွင် တစ်နှစ်၊ နှစ်နှစ်အတွင်း ပေါ်ပေါ်ထင်ထင်ကြည့်ရှုကြရလိမ့်မည်ဟု မည်သူမျှမျှော်လင့်ထားမည်မဟုတ်ပါ။ မြန်မာဇာတ်ကားဇာတ်ဝင်ခန်းအချို့ကို နိုင်ငံခြားဇာတ်ကားများကဲ့သို့ အမြင်မသင့်တော်သောဇာတ်ဝင်ခန်းများအား ကြည့်ရလိမ့်မည်ဟုလည်း တွေးဆထားကြမည်လည်း မဟုတ်ပါ။

မြန်မာဒါရိုက်တာရိုက်သည့် ဇာတ်ဝင်ခန်း၊ မြန်မာသရုပ်ဆောင်များ၏ သရုပ်ဆောင်ချက်များဟုတ်ပါလေစဟု ရင်သပ်ရှုမော အံ့ဩရလောက်သည့် လိင်အသားပေးဇာတ်ဝင်ခန်းပါမြန်မာဇာတ်ကားအချို့ ဗီဒီယိုဈေးကွက်အတွင်း ထွက်ပေါ်လာသည်။ မြန်မာ့ယဉ်ကျေးမှုစံနှုန်းနှင့် နှိုင်းယှဉ်ချိန်ထိုးကာ ကြည့်ရှုသူအများစုက ကန့်ကွက်ကြသည်။ ကြိုဆိုလက်ခံသူအချို့လည်း ရှိသည်။

**သတင်းစာမျက်နှာ(H)သို့**



**ညနေခင်း ကျောင်းဆင်းချိန်တွင်တွေ့ရသည့် အထက်တန်းကျောင်းသူလေးများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဘော်ဒါကျောင်းသားများ အစိုးရကျောင်းများနှင့် ကင်း၍မရသေး

**နေလင်းထွန်း**

ကိုယ်ပိုင်ကျောင်းလက်မှတ်မရှိသော ပုဂ္ဂလိကဘော်ဒါကျောင်းတစ်ခုသည်ကျောင်းသား၊ကျောင်းသူများအား အချိန်ပြည့်စာသင်ခြင်း၊စာမေးပွဲစစ်ဆေးခြင်းတို့ပြုလုပ်ခဲ့ပြီး ကျောင်းပြောင်းလက်မှတ်ထုတ်မပေးနိုင်ခြင်းကြောင့် လှိုင်သာယာရဲစခန်းတွင် အရေးယူခံနေရပြီဖြစ်သည်။

လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ပုဂ္ဂလိကဘော်ဒါဆောင်တစ်ခု၌ ယခင်ပညာသင်နှစ်တွင် ဆဋ္ဌမတန်း၊ သတ္တမတန်း၊အဋ္ဌမတန်း၊နဝမတန်းပညာသင်ယူသောကျောင်းသား၊ကျောင်းသူများသည် ယခုပညာသင်နှစ်တွင် ၄င်းဘော်ဒါကျောင်း၌ ဆက်လက်ပညာသင်ယူလိုခြင်း မရှိတော့သဖြင့် ကျောင်းထွက်လက်မှတ်ထုတ်ပေးရန်တောင်းဆိုခဲ့ရာထုတ်ပေးနိုင်ခြင်းမရှိသဖြင့် ကျောင်းသားမိဘများက ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြခြင်းဖြစ်ကြောင်း ဇွန်လ ၁၁ ရက်၊ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းမှတ်တမ်းအရသိရသည်။

စာ(၈)သို့




7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ဇီးကုန်းတွင် သောက်ရေကန်တူးရင်း ထူးဆန်းပစ္စည်း ရှာပုံတော်ဖွင့်

**ဇော်မင်းထိုက်**

**ဇီးကုန်း၊ ဇွန်-၁၇**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ အမှတ် ၃ ရပ်ကွက်၊ သိမ်ကြီးရိုးလမ်းရှိ ခြံတစ်ခြံတွင် ထူးဆန်းသည့် ပစ္စည်းများ တွေ့ရှိနိုင်လောက်သည့် မျှော်လင့်ချက်ဖြင့် မြေတူးဖော်လျက်ရှိကြောင်း ရေကန်တူးဖော်လှူဒါန်းသော စီးပွားရေးလုပ်ငန်းရှင် ဦးဝင်းသိန်းက ပြောသည်။



မြေတူးစက်အကူအညီဖြင့် တူးဖော်နေစဉ်

ဓာတ်ပုံ-ဇော်မင်းထိုက်

အဆိုပါ နေရာမှာ ယခင်က ချောင်းဖြစ်ဟန်ရှိပြီး ကောနေခြင်းဖြစ်နိုင်ကြောင်း၊ ထိုရပ်ကွက်တွင် ရေရှားပါးသဖြင့်ရေကန်တူးလှူဒါန်းခြင်းဖြစ်ကြောင်း၊ မြေတူးဖော်ရင်း ကျွန်းတုံးကြီးနှင့် အုတ်အစအနများ တွေ့ရှိ၍ ဇွန် ၄ ရက်တွင် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ ဇွန် ၅ ရက်နှင့် ၁၅ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှုကြောင်း ၎င်းက ပြောဆိုသည်။

ဘူမိဗေဒပညာရှင်၏ ခန့်မှန်းချက်မှာ ထူးဆန်းသော ပစ္စည်းများရှိနိုင်ကြောင်း၊ သံထည်ပစ္စည်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်း မဟုတ်ဟု သုံးသပ်ကြောင်း သတင်းရရှိသည်။

တူးဖော်နေသည်မှာ အနက် ၁၃ပေခန့်ရှိသည့်တိုင် ပစ္စည်းတစ်စုံတစ်ရာတွေ့ရှိမှု မရှိသေးသော်လည်း နိုင်ငံတော်မှ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များပါ လုံခြုံရေးချထားပြီး လာရောက်ကြည့်ရှုသူများလည်းရှိသည်။

“ဂျပန်ခေတ်က ပစ္စည်းတစ်ခုခုတင်ပြီးတွန်းတဲ့ သစ်သားတန်းတွေ့ထားတယ်။ အဲဒီအောက်ခံ မြေကလည်း ပစ္စည်းတွေချဖို့ ပြုလုပ်ထားတဲ့ မြေမာအမျိုးအစားဖြစ်တယ်”ဟု ဘူမိဗေဒပညာရှင် ပါမောက္ခဦးစိုးသိန်းက ပြောသည်။

“အရင်တုန်းက ဂျပန်စကားတတ်တဲ့ ဘုန်းကြီးတစ်ပါးနဲ့ ဂျပန်တစ်ယောက် တူးဖူးသေးတယ်လို့ ပြောတယ်။ အဲဒါနဲ့ ဘူမိဗေဒပညာရှင်နဲ့အတူ ဂြိုဟ်တုကနေကြည့်တယ်။ ရတနာတွေရှိနိုင်တယ်ဆိုပြီး ဝန်ကြီးချုပ်ကိုသွားပြောတယ်။ ဝန်ကြီးချုပ်ကလာကြည့်ပြီး လုံခြုံရေးချထားဖို့ ညွှန်ကြားတယ်။ သူလာတာ ဇွန် ၄ ရက်ကဆိုတော့ အဲဒီနေ့ကပဲလုံခြုံရေး ချထားတယ်”ဟု ဇီးကုန်းမြို့နယ် ခေတ္တမြို့ မြို့နယ်မှူး ဒုရဲမှူးချစ်ဆွေက ပြောသည်။ “အောင်မြင်ဖို့များပါတယ်။ လမ်းစတွေလည်း တွေ့နေပါပြီ။ ဒီနေ့တောင် သဲလွန်စနှစ်ခု တွေ့သေးတယ်။ နှစ်ရက်၊ သုံးရက်လောက်ဆို အဖြေပေါ်လောက်တယ်”ဟု တူးဖော်နေသောအဖွဲ့ဝင်တစ်ဦးက ပြောသည်။

“သကြင်္န်ကျော်လောက်မှာ စတူးတယ်။ ရက်တော့မမှတ်မိဘူး။ ရေရရှိရေး တူးနေတာပါ။ သူတို့ တူးနေရင်းနဲ့ ကျွန်းတုံးကြီးတွေ့တယ်။ ဘာမှမတွေ့တော့လည်း သောက်သုံးကန်ရတာပေါ့။ ဘူမိဗေဒပညာရှင်ကြီးလည်း ပါပါတယ်။ သူကိုယ်တိုင်ရှာလိုက်တော့ အစအနတွေ့တယ် နေမှာပေါ့”ဟု ရေကန်တူးဖော်သည့် ခြံပိုင်ရှင်ဒေါ်ညွန့်ညွန့်သောင်းက ပြောသည်။

# ဖိလစ်ပိုင်တွင် ကမ္ဘာ့ဘဏ်ပံ့ပိုးမှုဖြင့် ဆင်းရဲမွဲတေမှုလျှော့ချနေခြင်းကို မြန်မာသွားရောက်လေ့လာ

**ခင်မေဇော်**

**မနီလာ**-မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ လေးရက်ကြာသွားရောက်ပြီး ကမ္ဘာ့ဘဏ်ထောက်ပံ့မှုဖြင့် လုပ်ဆောင်နေသော ဆင်းရဲမွဲတေမှုလျှော့ချရေးစီမံချက်များကို လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ နယ်စပ်ရေးရာဒုဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းက လေ့လာရေးခရီးစဉ်သည် မြန်မာနိုင်ငံတွင်လူမှုအဖွဲ့အစည်းများက ဦးဆောင်ပြုလုပ်သည့် ဖွံ့ဖြိုးရေးစီမံကိန်း (CDD) အကောင်အထည်ဖော်ရေးအတွက် ခိုင်မာစေခဲ့ကြောင်းပြောသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က စီမံချက်များအကောင်အထည်ဖော်နေသောမြို့များကို သွားရောက်လေ့လာခဲ့ရာတွင် ဒေသခံအုပ်ချုပ်သူများနှင့် ၎င်းတို့၏ဖွံ့ဖြိုးရေးစီမံကိန်းအပေါ် ပံ့ပိုးမှုများ၊ လူ့အဖွဲ့အစည်းများကို အားဖြည့်ပေးရေးအစီအစဉ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် တစ်ဆင့်ခံစီမံချက်များအတွက် လုပ်ငန်းစဉ်များကို လေ့လာခွင့်ရခဲ့ကြောင်း ခရီးစဉ်အဆုံးကျင်းပသည့် ကွန်ဖရင့်တွင် ဗိုလ်ချုပ်ဇော်ဝင်းက သတင်းထောက်များအား ပြောကြားသည်။

ထိုဒေသများတွင် ကမ္ဘာ့ဘဏ်အစီအစဉ်ဖြင့် ရေလွှတ်မြောင်း၊ ရေသွယ်ရေးစနစ်၊ နေ့ကလေးထိန်းကျောင်း၊ မိလ္လာစနစ်၊ ရေလွှမ်းရေလျှံမှုကာကွယ်ရေးစနစ်နှင့် လမ်းစနစ်များကို ဆောင်ရွက်နေသည်။

၂၀၀၃ ခုနှစ်က စတင်ခဲ့သော ထိုစီမံကိန်းသည် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ခဲ့ပြီး ခြောက်နှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အဆင်းရဲဆုံးမြို့နယ် ၄၂ ခုမှ ရွာပေါင်း လေးထောင်ကျော်ကို ကူညီပေးနိုင်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ အလားတူစီမံချက်ကို ဆင်းရဲသောကျေးလက်ဒေသအတွက် အခြေခံအဆောက်အအုံနှင့် လူကိုဗဟိုပြုသောနည်းဖြင့် ချဉ်းကပ်ရန်၊ အရေးပေါ်နှင့်ကန့်သတ်အခက်အခဲများကို အစိုးရက ချက်ချင်း ထိထိရောက်ရောက် တုံ့ပြန်နိုင်ရေးစွမ်းရည်ကို မြှင့်တင်ရန်တို့အတွက် ရည်ရွယ်နေသည်။

မြန်မာနိုင်ငံတွင် လူမှုအဖွဲ့အစည်းက ဦးဆောင်ပြုလုပ်သည့် ဖွံ့ဖြိုးရေးစီမံကိန်း (CDD)အတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၈၀ ပံ့ပိုးပေးပြီး ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၁၉ဘဏ္ဍာရေးနှစ်အထိ မြို့နယ် ၁၅ ခုတွင် အကောင်အထည်ဖော်ရန်ဖြစ်ကြောင်းမြန်မာကိုယ်စားလှယ်အဖွဲ့ ဦးဆောင်သူ ဗိုလ်ချုပ်ဇော်ဝင်းကပြောသည်။

ဆယ်စုနှစ် နှစ်ခုမျှ မြန်မာနိုင်ငံကို အကူအညီဖြတ်တောက်ခဲ့သော ကမ္ဘာ့ဘဏ်၏ ပထမဆုံးပြန်ပေးသည့် အကူအညီလည်းဖြစ်သည်။

“ကျေးလက်ဒေသတွေမှာ လမ်းတွေဖောက်ဖို့၊ ပြင်ဖို့၊ တံတားတွေ၊ လျှပ်စစ်မီးတွေနဲ့ ရေရရှိရေးတွေ ကိုအဓိကထားလုပ်ဆောင်မှာပါ” ဟု ဗိုလ်ချုပ်ဇော်ဝင်းက ပြောသည်။ စီမံချက်ကို ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ် နမ့်ဆမ်မြို့နယ်၊ တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်တို့တွင် စတင်စမ်းသပ်လုပ်ဆောင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၂၆ ရာခိုင်နှုန်းရှိသည်ဟု အစိုးရကထုတ်ပြန်ထားပြီး ဖိလစ်ပိုင်က ၂၂ ဒသမ ၃ရာခိုင်နှုန်း ရှိသည်။

**ကိုးကား-Business World Online**



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# အနိမ့်ဆုံးလစာ ယာယီနှုန်းထားသတ်မှတ်ပေးရန် အလုပ်သမားများ တောင်းဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၁၇**

အနိမ့်ဆုံး အခကြေးငွေနည်းဥပဒေတွင် လုပ်ခနှုန်းထား သတ်မှတ်ချက်ပါဝင်ခြင်းမရှိသည့် အတွက် ယာယီနှုန်းထား သတ်မှတ်ပေးရန်လိုအပ်ကြောင်း အလုပ်သမားများနှင့် အလုပ်သမားအရေး ဆောင်ရွက်သူများက တောင်းဆိုလိုက်သည်။

အလုပ်သမားများ တောင်းဆိုလျက် ရှိသည့် လုပ်ခလစာတိုးမြှင့်ရေးဆိုင်ရာ အနိမ့်ဆုံးအခကြေးငွေနည်းဥပဒေကို ဇွန်လအတွင်း ထုတ်ပြန်မည် ဖြစ်သော်လည်း လုပ်ခနှုန်းထား သတ်မှတ်ချက် ပါဝင်မည်မဟုတ်ကြောင်းသိရသည်။

ယင်းနည်းဥပဒေထွက်ရှိပြီး လုပ်ခနှုန်းထား သတ်မှတ်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးတို့တွင် ကော်မရှင်များ ဖွဲ့စည်းကာ ပြည်နယ်တစ်ခုနှင့်တစ်ခု လုပ်ငန်းကဏ္ဍပေါ်မူတည်၍ သတ်မှတ်သွားမည်ဖြစ်သည်။ ထို့ပြင်လုပ်အားခနှုန်းထား သတ်မှတ်နိုင်ရန် အချိန်ကာလ လေးလခန့်ကြာမြင့်ဦးမည်ဖြစ်ကြောင်း သတ်မှတ်ချက်နှုန်းထား ပမာဏချင်းတူညီမည်မဟုတ်ကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက်ကတည်းက အလုပ်သမားတွေက လုပ်အားတိုးပေးဖို့ တောင်းဆိုနေတာ။ အခု အခြေခံလုပ်အားခဥပဒေတော့ ထွက်ပြီးပါပြီ။ နည်းဥပဒေထွက်ဖို့ကျန်တယ်။ နည်းဥပဒေထွက်တော့လည်း နှုန်းထားသတ်မှတ်ချက်မပါဘူး။ နှုန်းထားသတ်မှတ်နိုင်ဖို့ ထပ်စောင့်ရဦးမယ်ဆိုရင် ဘာလို့ ဒီလောက်ဆွဲဆန့် နေတာလဲ။ ဒီကြားထဲ နှုန်းထား ယာယီသတ်မှတ် မပေးထားရင်တော့ ဒီတောင်းဆိုမှုတွေကတော့ ရှိနေဦးမှာပဲ" ဟု အလုပ်သမားအရေး ဆောင်ရွက်လျက်ရှိသည့် ဦးဇော်ကပြောသည်။

အလုပ်သမားအရေးဆောင်ရွက်လျက်ရှိသူ ဦးနောင်အောင်က "အနိမ့်ဆုံးအခကြေးငွေနည်းဥပဒေမှာ ငွေကြေးမပါသေးတဲ့ကိစ္စဘာမှမပြောချင်ပါဘူး။ ရေရှည်ကောင်းဖို့အတွက် သေချာသုတေသနလုပ်ရမှာပဲ။ ဒါပေမဲ့လတ်တလောဖြေရှင်းဖို့အတွက် ဆိုရင် ယာယီနှုန်းထားသတ်မှတ်ပေးဖို့လိုအပ်တယ်"ဟုဆိုသည်။



*အလုပ်ထုတ်ခံရသည့် လုပ်သားများအတွက် စံကောင်းပီနံအိတ်စက်ရုံမှ အလုပ်သမားများ ဆန္ဒပြစဉ်* ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

"ကျွန်တော်တို့ကတော့ ဒီနည်းဥပဒေထဲမှာပါစေချင်တယ်။ လုပ်ခလစာဥပဒေကို အများကြီးမျှော်လင့်ထားတာပါ။ ဒါကျွန်တော်တို့ရဲ့ အသက်ပဲ။ ကျွန်တော်တို့က အများကြီးလည်း မတောင်းဆိုပါဘူး။ လက်ရှိဝန်ထမ်းတွေအတွက် ဘယ်လိုမှမလောက်လို့ပါ။ ဒီနည်းဥပဒေမှာ မပါလို့ နှုန်းထားသတ်မှတ်ဖို့ ကြာနေအုံးမယ်ဆိုရင် ဒီပဋိပက္ခတွေက ဆက်ဖြစ်နေအုံးမှာပဲ။ ဖိနှိပ်ခံရတာ၊ အခွင့်အရေးတွေဆုံးရှုံးတာ ဖြစ်နေဦးမှာပဲ"ဟု စံကောင်း ပီနံအိတ် စက်ရုံမှ အလုပ်သမားအောင်ကျော်ထက်က ပြောသည်။

လက်ရှိ စက်မှုဇုန်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော စက်ရုံအလုပ်သမားအများစုမှာ တစ်ဦးလျှင် တစ်လအခြေခံ လစာငွေ ကျပ်နှစ်သောင်းဝန်းကျင်ခန့်သာ ရှိပြီး ရှားပါးစရိတ်၊ ထုတ်ကုန်အကျိုးခံစားခွင့်၊ အချိန်ပိုကြေးစသည့် အချက်များပါဝင်မှသာ တစ်လလျှင် လုပ်အားခ ကျပ်ငွေငါးသောင်းဝန်းကျင်သာ ရရှိကြသည်။ ပြီးခဲ့သည့်မေလအတွင်း အလုပ်သမားများ လုပ်အားခတိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ်အတွင်း ထပ်မံဖြစ်ပွားရခြင်းသည် အစိုးရမှ နိုင်ငံ့ဝန်ထမ်းများအား လုပ်ခလစာငွေကျပ်နှစ်သောင်းအား နှစ်ကြိမ်တိုးမြှင့်ပေးခဲ့မှုနှင့် ဆက်နွှယ်ခဲ့ကြောင်း အလုပ်သမားအရေး ဆောင်ရွက်သူများက သုံးသပ်ပြောဆိုသည်။

ထို့အပြင် အနည်းဆုံးအခကြေးငွေ နှုန်းထားကို ပြည်နယ်၊ တိုင်းဒေသကြီးတို့တွင် ကော်မရှင်အဖွဲ့ဖွဲ့စည်းပြီးနောက် သုတေသနပြုလုပ်ကာ သက်ဆိုင်ရာလုပ်ငန်းရှင်၊ အလုပ်သမား သမဂ္ဂများနှင့် အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းပြီး ဗဟိုကော်မတီက ဆုံးဖြတ်သတ်မှတ်ပေးမည်ဖြစ်သည်။

ယာယီနှုန်းထားသတ်မှတ်ပေးမှုနှင့် ပတ်သက်၍ အလုပ်သမားအရေးဆောင်ရွက်သူများက အခြေခံလစာ(သို့) ရှားပါးစရိတ်အဖြစ် ကျပ်ငွေနှစ်သောင်းခန့်တိုးမြှင့်ပေးရန်ဖြစ်ပြီး ရက်မှန်ကြေး၊ အချိန်ပိုကြေးတို့တွင် ထည့်သွင်းရမည်မဟုတ်ကြောင်း ၎င်းတို့ကဆိုသည်။



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

CRIME မှုခင်း သတင်း CORNER

## သုံးရက်အတွင်း ကျပ်သိန်း ၁,၃၀၀ကျော် တန်ဖိုးရှိ စိတ်ကြွဆေးများဖမ်းမိ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်- ၁၄**

ရန်ကုန်မြို့အတွင်း WY စာတန်းပါ စိတ်ကြွဆေးပြားများကို သုံးရက်အတွင်း ကျပ်သိန်း ၁,၃၀၀ကျော်ဖိုး ဖမ်းဆီးမိခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

ပြီးခဲ့သည့် ၂ ရက်အတွင်း အလေးချိန် ၂,၁၄၅ဂရမ်ပါရှိသည့် ကျပ်သိန်း ၁,၃၇၆ ကျော်တန်ဖိုးရှိ WYစာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားပေါင်း နှစ်သောင်းကျော်ကို မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ဖမ်းဆီးရမိခဲ့သည်အမှု သုံးမှုရှိသည့်အနက် ၂မှုမှာ ယခုလ ၁၂၊ ၁၃ ရက်တို့တွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မင်္ဂလာဈေးနှင့် ယုဇနပလာဇာဈေးအနီးရှိ ကားမှတ်တိုင်တို့တွင် ဖမ်းဆီးမိခဲ့ပြီး ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိသော စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၂၁,၄၁၅ကို ဖမ်းမိခဲ့ခြင်းဖြစ် သည်။

ထို့ပြင်တာမွေမြို့နယ်အတွင်း ယခုလ ၁၂ ရက်က အမျိုးသားတစ်ဦးထံမှ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိဆေးပြားပေါင်း ၄၀တို့အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးမှုနှင့်ပတ်သက်၍ ယခုလ ၁၄ရက်တွင် ဖမ်းဆီးရမိခဲ့သည့်အမှု မရှိခဲ့ကြောင်း သိရသည်။

စိတ်ကြွဆေးပြား ဖမ်းဆီးရမိခဲ့သည့်ပြစ်မှုကျူးလွန်သူ လေးဦးအနက် နှစ်ဦးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေထိုင်ကြသူများ ပါဝင်ထားကြောင်းသိရသည်။ ထို့အပြင် မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၃၉၇မှုအနက် ၁၀၅ မှု မှာ စိတ်ကြွဆေးပြားဖမ်းဆီးရမှုဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း စိတ်ကြွဆေးပြား ဖမ်းဆီးရမိမှုမှာ ဒုတိယအများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

# ကျွဲ၊ နွားရောဂါအဖြစ်များနေ၍ အသားကို သတိထားစားရန်လိုအပ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၁၆**

ယခုကဲ့သို့ရာသီအကူးအပြောင်းအချိန် ကျွဲ၊ နွားများတွင် ရောဂါများ ဖြစ်ပွားတတ်သဖြင့် ကျွဲ၊ နွားများ သေဆုံးလျှင် မည်သည့်အကြောင်းကြောင့် သေဆုံးသည်ကို သိရှိရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ အကြောင်းကြားစစ်ဆေးပြီး ရောဂါကြောင့် သေဆုံးခြင်းမဟုတ်မှသာ စားသုံးသင့်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးကပြောသည်။

တစ်ပတ်အတွင်း ကချင်ပြည်နယ်ရှိမြို့နယ်နှစ်ခုတွင် ကျွဲ၊ နွားများ ဒေါင့်သန်းရောဂါနှင့် ခွာနာ၊ လျှာနာရောဂါများ ဖြစ်ပွားခဲ့ပြီး ရောဂါကြောင့် တိရစ္ဆာန်များသေဆုံးသည့်အပြင် ရောဂါပိုးကြောင့် သေဆုံးသည့် ကျွဲနွားများ၏အသား စားမိသဖြင့် လူများတွင် ရောဂါပိုးကူးစက်ခံရသည့်ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့သည်။

ဒေါင့်သန်းရောဂါဖြင့် သေဆုံးသည့် ကျွဲသား စားမိရာမှ ရွာသားအချို့တွင် ဒေါင့်သန်းရောဂါပိုး ကူးစက်ခဲ့သည့်ဖြစ်စဉ်အပြီး နှစ်ရက်အကြာတွင် ကချင်ပြည်နယ်တွင်ပင် ကျွဲ၊ နွား ၉၁ ကောင် တွင် ခွာနာ၊ လျှာနာ ရောဂါဖြစ်ပွားသည့် လက္ခဏာများတွေ့ရှိခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

"ဒီရာသီကတော့ ဖြစ်ပွားလေ့ရှိတယ်။ ဒီလိုအဖြစ်များတဲ့ ရာသီမှာ ကာကွယ်ဆေးလည်း အခမဲ့ထိုးပေးပါတယ်။ အခုထိ တစ်နိုင်ငံလုံး အများအပြားမဖြစ်ပေမယ့် ကာကွယ်ဆေးထိုးတဲ့ အနည်းအများပေါ် မူတည်ပြီး ဖြစ်ပွားနှုန်း အနည်းအများလည်း ဖြစ်လာနိုင်ပါတယ်" ဟု ဒေါက်တာအောင်ကြီးက ပြောသည်။

ထိုရောဂါများအား ကာကွယ်ဆေးထိုး၍ ကာကွယ်နိုင်ပြီး အချို့သောရောဂါများသည် ရောဂါဖြစ်ပွားလာပါက ပျောက်ကင်းအောင်ကုသရန်ခက်ခဲသည့်အပြင် ကူးစက်နှုန်းမြန်သည့်အတွက် သေဆုံးနှုန်းမြင့်မားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွား ၁၄ သန်းခန့်ရှိပြီး ရာသီအကူးအပြောင်းအချိန်တွင် ကျွဲ၊ နွားများ၌ ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ခွာနာ၊ လျှာနာရောဂါများ ဖြစ်ပွားမှုများကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

# မြန်မာဆင်ဖြူငှား၍ ချင်းမိုင်တိရစ္ဆာန်ရုံတွင် ပြသမည်

**ရဲနောင်**

**ရန်ကုန်၊ ဇွန်-၁၆**

ထိုင်း-မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမှ ဆင်ဖြူတစ်ကောင်ငှား၍ ချင်းမိုင်တိရစ္ဆာန်ရုံတွင် ပြသသွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားကြောင်း နိုင်ငံတကာသတင်းဌာနများတွင် ဖော်ပြသည်။

၂၀၁၄ခုနှစ်တွင်မြန်မာ-ထိုင်းနှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၆၅)နှစ်ပြည့်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံဘာလီတွင် ကျင်းပနေသော အရှေ့အာရှ-လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးကမြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ဆွေးနွေးတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဆင်ဖြူတော်သည် နှစ်နိုင်ငံချစ်ကြည်ရေးခိုင်မြဲမှုသင်္ကေတအဖြစ်သတ်မှတ်နိုင်ကြောင်း၊ ယခင်က တရုတ်နိုင်ငံသည်လည်း ပန်ဒါဝက်ဝံကို ချစ်ကြည်ရေးအတွက် ပေးအပ်မှုများရှိခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးကပြောသည်။

ယခုအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာအစိုးရ၏ တာဝန်ရှိသူများကို တင်ပြဆွေးနွေးပေးသွားမည်ဟု ပြောကြားခဲ့သည်။ ဆင်ဖြူတော်အား ချင်းမိုင်တိရစ္ဆာန်ရုံတွင် ခြောက်လထားရှိမည်ဖြစ်ပြီး နိုင်ငံခြားခရီးသွားများ ကြည့်ရှုရန် ပြသပေးသွားမည် ဟု သိရသည်။ မြန်မာနိုင်ငံတွင် စုစုပေါင်း ဆင်ဖြူ ခုနစ်ကောင်ရှိပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ထားရှိပြသထားသည်။



Life

7 DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013

# အမေရိကကို နယ်ချဲ့လာသော မြန်မာအစားအစာများ

ထားထားမြင့်

လက်ဖက်သုပ် (ရိုးရာလက်ဖက်ကို ပဲအကြော်များ ငေါ်ဖီများနှင့် သုတ်ထားသော အသုပ်)၊ နန်းကြီးသုပ် (မြန်မာရိုးရာစတိုင် ဆန်ခေါက်ဆွဲအသုပ်)၊ မုန့်ဟင်းခါး (ဟင်းရည်ဖြင့် စားရသော ရိုးရာဆန်ခေါက်ဆွဲ)၊ သီးစုံချဉ်ရည် (အသီးအနှံများကို မန်ကျည်းသီးချဉ်ရည်ဖြင့် ချက်ထားသောဟင်းရည်)

မြန်မာရှေးပုရပိုက်ပုံစံပြုလုပ်ထားသော အစားအသောက် မီနူးစာရင်းက ဝါရှင်တန်ဒီစီတရုတ်တန်း ဘာမားစားသောက်ဆိုင်ကို လာသူတိုင်း ခေါင်းချင်းဆိုင်တိုင်ပင်ရသော အစားအသောက်စာရင်းတစ်ခု ဖြစ်သည်။ မြန်မာလူမျိုး အသိများနှင့် လာစားသူများကတော့ ပြဿနာ သိပ်မရှိ။ မြန်မာ မိတ်ဆွေကို မီနူးမှာ ရေးထားတာ ဘယ်လိုအစားအသောက်များလည်း မေးလိုက်ရုံသာ ဖြစ်သည်။ မြန်မာအစားအစာနှင့် မရင်းနှီးသူများအတွက် ဘယ်လိုအစားအစာများလည်း သေချာသိအောင် အတော်လေးအချိန်ယူရပါသည်။



ဆန်ဖရန်စစ္စကိုရှိ မန္တလေးမြန်မာစားသောက်ဆိုင် ဓာတ်ပုံ - David Paul Moris

စားသောက်ဆိုင် နံရံများတွင် မြန်မာယွန်းပန်းချီကားများ ချိတ်ဆွဲထားသလို အချို့နံရံတွေမှာ ဘုရားရုပ်တုတော်များနှင့် ပန်းပုအချို့ကို အလှပြတင်ထားပါသည်။ ဆိုင်အတွင်းတိုးတိုးတိမ်တိမ်လေး လွှင့်ပျံ့နေသော တေးဂီတက စီဒီခွေဖြင့် ဖွင့်ထားသော မြန်မာစောင်းသံဖြစ်ပါသည်။ ဘားမားစားသောက်ဆိုင်က ဝါရှင်တန်ဒီစီရှိ တစ်ခုတည်းသော မြန်မာစားသောက်ဆိုင် ဖြစ်ပါသည်။ အခြားတရုတ်၊ ထိုင်း၊ ဗီယက်နမ်ဆိုင်များကဲ့သို့ လူများ ကြိတ်ကြိတ်တိုးမနေသော်လည်း သူ့မိတ်နှင့်သူ အသင့်အတင့်ရှိပါသည်။ ပုံမှန် နေ့လယ်စာ လာစားသူဖောက်သည်များလည်း ရှိသည်။

ဝါရှင်တန်ဒီစီတွင် အာရှဆိုင်များ အများစုရှိရာ တရုတ်တန်းတွင် ဖွင့်လှစ်ထားသည့် ဘားမားစားသောက်ဆိုင်သည်သာ တစ်ခုတည်းသော မြန်မာစားသောက်ဆိုင်ဖြစ်သော်လည်း ဝါရှင်တန်ဒီစီမြို့ပြ နယ်နိမိတ်နှင့် မဝေးသည့် ဗာဂျီးနီးယားပြည်နယ် West Fall-church က မြန်မာစားသောက်ဆိုင်နှင့် မေရီလန်းပြည်နယ်၊ Silv-erspring က မန္တလေးဘေ မြန်မာစားသောက်ဆိုင်တို့ကလည်း ဒီစီဝန်းကျင်မှာ စားသုံးသူအခိုင်အမာရထားသည့် မြန်မာ စားသောက်ဆိုင်များ ဖြစ်ကြသည်။

"ကျွန်မတော့ ဗာဂျီးနီးယားက ဆိုင်ကိုသဘောကျတယ်။ သရက်သီးသုပ်က အရမ်းမိုက်တယ်။ အစပ်ကြိုက်ရင်တော့ အဲဒီဆိုင်ကို သာသွား။ ဘာလချောင်ကြော်သာ စားကြည့်'

ဗာဂျီးနီးယားပြည်နယ်က မြန်မာစားသောက်ဆိုင်ကိုကျောင်းပိတ်ရက်တိုင်း သွားစားသူ ခရစ်စတီက ပြောကြားခြင်းဖြစ်သည်။

အဆိုပါ မြန်မာစားသောက်ဆိုင်က ဝါရှင်တန်၊ ဗာဂျီးနီးယားနှင့် မေရီလန်းပြည်နယ်တွင်နေထိုင်သော မြန်မာအများစု အလာများသည့် စားသောက်ဆိုင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဟင်းအများစုက ပြည်တွင်းက မြန်မာဆိုင်များအတိုင်း ဆီများများနှင့် ခပ်စပ်စပ် မြန်မာအကြိုက် ချက်ထားသည်။ ပုစွန်ခွက်ကြော်သုပ်၊ သီးစုံချဉ်ရည်နှင့်ငါးအစပ်ကြော်တို့က ထိုဆိုင်က နာမည်ကြီးဟင်းလျာများလည်း ဖြစ်သည်။ ငါးပိရည်နှင့် တို့စရာလည်း ထိုဆိုင် မှာ ရနိုင်သည်။

မေရီလန်းပြည်နယ် Silver Spring တွင်ရှိသော မန္တလေးဘေးအမည်ရှိ မြန်မာစားသောက်ဆိုင်က မြန်မာတွေက သိပ်မကြိုက်သော်လည်း ထိုဒေသက အမေရိကန်များ အသည်းစွဲ မြန်မာစားသောက်ဆိုင်ဖြစ်ပြီး ပိတ်ရက်ဆိုလျှင် စားပွဲတစ်နေရာစာရဖို့ အချိန်အတော်ကြာ စောင့်ရလေ့ရှိ၏။ ထိုဆိုင်က မြန်မာစားသောက်ဆိုင်ဆိုသော်လည်း မြန်မာ အကြိုက်ပုံစံတော့မဟုတ်။ အမေရိကမှာရှိသည့်

စာမျက်နှာ(၇)သို့



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# မဟာဗန္ဓုလပန်းခြံသို့ မေလတွင် လူတစ်သောင်းခန့် လာရောက်ခဲ့



ပြန်လည်ပြင်ဆင်မွမ်းမံထားသည့် မဟာဗန္ဓုလပန်းခြံ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၁၆**

ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံကိုဝင်ကြေးအခမဲ့သတ်မှတ်ထားရာမေလအတွင်း၌ဝင်ရောက်အပန်းဖြေသူ တစ်သောင်းနီးပါးရှိခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သတင်းရရှိသည်။

ဝင်ကြေးအခမဲ့အဖြစ် ဧပြီလအတွင်းက စတင်ပြောင်းလဲသတ်မှတ်ခဲ့ပြီး မြက်ခင်းအလှပြုပြင်ခြင်း၊ မီးအလှဆင်ခြင်း၊ ပန်းခြံ အုတ်တံတိုင်းပြုပြင်ခြင်း၊ လွတ်လပ်ရေးကျောက်တိုင်ကို ဆေးသုတ်ခြင်း၊ ရေပန်းအလှများ ပြုလုပ်ခြင်းနှင့် သစ်ပင်အလှဆင်ခြင်းများပြုလုပ်ခဲ့သည်။

"ဒီနေရာက လာရတာလည်း အဆင်ပြေတယ်။ အခမဲ့လည်း သတ်မှတ်လိုက်တော့ ညနေဆိုရင် ကလေးတွေကို ခဏခဏလိုက်ပို့ပေးဖြစ်တယ်"ဟု ကျောက်တံတားမြို့နယ်တွင် နေထိုင်သည့် အိမ်ရှင်မတစ်ဦးကပြောသည်။

ထိုပန်းခြံကို ယခင်က ဝင်ကြေး တစ်ဦးလျှင် ကျပ် ၃၀၀ ကောက်ခံခဲ့ ရာမှ ဧပြီ ၁ ရက်မှစ၍ ဝင်ကြေးအခမဲ့သတ်မှတ်ခဲ့သည်။

မဟာဗန္ဓုလပန်းခြံသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိပန်းဥယျာဉ် ၅၈ ခုအတွင်းတွင် ပါဝင်သည့်အထင်ကရပန်းခြံတစ်ခုလည်း ဖြစ်သည်။





## ချက်ကြရအောင်



### ငါးဖယ်လိပ်ဟင်း

ဒီတစ်ပတ်တော့ ဝိုက်ဖီက မိုးအေးအေးရာသီလေးနဲ့ လိုက်တဲ့ဟင်း လျာတစ်ခွက် ပြင်ဆင်ထားပါတယ်။ ဒီဟင်းကို ဆီပြန် ဒါမှမဟုတ် အရည်သောက်ဟင်းချိုပုံစံနှစ်မျိုးနဲ့ ပြင်ဆင်ချက်ပြုတ်နိုင်ပါတယ်။ ငါးဖယ်ခြစ်ပြီးသား အသား ၁၀ ကျပ်သား၊ ငါးဖယ်အရေခွံနှစ်ကောင်စာလောက်နဲ့ စပါးလင် တစ်ပင်လောက်ဆိုရင်ရပါပြီ။ ပထမဆုံးငါးဖယ်အရေခွံကို အကြေးခွံခြစ်၊ အရိုးနွှင်ပြီး လက်သုံးလုံးအရွယ်လောက် အပိုင်းလေးတွေ ပိုင်းပါ။ ငါးဖယ်အသားကို အဲဒီပိုင်းထားတဲ့အရေခွံထဲ ထည့်လိပ်ပါမယ်။ အသားလိပ်ကလေးတွေကို အိုးထဲမှာတစ်ခါတည်း စီချထားပါ။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ငရုတ်သီးထောင်းထားတာကိုခုနအိုးထဲထည့်လိုက်ပါ။ ဆီ၊ ဟင်းခတ်မှုန့်လည်းထည့်ပါမယ်။ စပါးလင်ကိုလည်း အပိုင်းလေးတွေပိုင်းထည့်ပါ။ ပြီးရင်တော့ မီးဖိုပေါ် တင်ပြီး လုံးချက်ပါမယ်။ ဆီ ဆူလာရင် ရေထည့်ပါမယ်။ ၁၅ မိနစ်လောက်ကြာရင် အပေါ့အငန်မြည်းချပါ။ ဟင်းချိုသောက်ချင်ရင်တော့ ရေများများပိုထည့်ရုံပါပဲ။



စာမျက်နှာ(၅)မှ

# အမေရိကကို နယ်ချဲ့လာသော မြန်မာအစားအစာများ

အာရှစားသောက်ဆိုင်များ ပုံစံ မြန်မာဟင်းများကို ဆားဆီ ပေါ့ပေါ့နှင့်အစပ်လျှော့ချက်ထားခြင်းဖြစ်သည်။

“အရမ်းကောင်းတဲ့ဆိုင်ပေါ့။ ကျွန်မတို့မိသားစုမကြာခဏ သွားစားကြတယ်။ အဲဒီက ဂျင်းသုပ်လည်း ကြိုက်တယ်။ ပဲပြားဟင်းလည်းကောင်းတယ်။ ပုစွန်ချက်လည်း ကောင်းပါတယ်” ဟု အဆိုပါဆိုင်၏ ပုံမှန်ဖောက်သည် မေရီလန်းပြည်နယ် လော်ရယ်မြို့ခံ စင်သီယာက ဆိုသည်။

အမှန်ဆိုလျှင် အမေရိက အရှေ့ဘက်ခြမ်း ဝါရှင်တန်ဒီစီဒေသသည် အမေရိကန်နိုင်ငံတွင်မြန်မာလူမျိုးများ လူဦးရေအနည်းဆုံးရှိသည့် ဒေသဖြစ်သည်။ ယခုမူ ထိုဒေသ၌ပင်မြန်မာစားသောက်ဆိုင်သုံးဆိုင်ရှိနေပြီ။ နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ လော့အန်ဂျလိစ်စသော ဒေသများတွင်ကားမြန်မာစားသောက်ဆိုင်များက မှိုပေါက်သလို အတော်များများ ရှိနေကြပြီဖြစ်သည်။

သို့သော်လည်း အမေရိကမှာ ရှိသည့်တရုတ်၊ထိုင်းနှင့်ဗီယက်နမ်စသည့် အခြား အာရှစားသောက်ဆိုင်များကဲ့သို့ ဈေးကွက် အခိုင်အမာ မရသေးပါ။ ထိုင်း၊ ဗီယက်နမ်ဆိုင်များကမူ အစွန်အဖျားမြို့သေးများမှနေ မြို့ကြီးများ၏ ဈေးဝယ်ကုန်တိုက်များ၏ အစားအသောက်တန်းထိပင် နေရာယူထားသည်။ တရုတ်စားသောက်ဆိုင်များကမူ ဘယ်နေရာသွားသွား ရှောင်၍မရ။ လူစည်ကားသည့်နေရာတိုင်းလိုလိုမှာကို ရှိနေသည်။

“အဓိကတော့ တိုင်းပြည်တိုးတက်မှု အခြေအနေကွာတာပေါ့ဗျာ။ သူတို့တွေကတော့ ကိုယ့်ရိုးရာပုံစံလည်းမပျက်၊ ဘိုတွေလည်းစားနိုင်အောင် ပြန်မွမ်းမံပြင်ဆင်ချက်ပြုတ်ကြတယ်။ မြန်မာဟင်းကျတော့လည်း ဆီနဲ့ ငရုတ်သီးမပါရင် စားမကောင်းဘူး။ ဘိုတွေကလည်း ဆီကို ကျန်းမာရေးအတွက် အသေရှောင်ပြီး အစပ်ကျတော့ လုံးဝမစားနိုင်ဘူးလေ” ဟု မေရီလန်းပြည်နယ်က ကိုဝင်းအောင်က ပြောကြားသည်။ ကိုဝင်းအောင်က အချက်အပြုတ်ဝါသနာပါပြီး မြန်မာစားသောက်ဆိုင်ဖွင့်ရန်ကြိုးပမ်းနေသူ ဖြစ်သည်။

အချို့ မြန်မာများကမူ စားသောက်ဆိုင်ပီပီပြင်ပြင်မဖွင့်သော်လည်း အသင့်ချက်ပြီးသား ချဉ်ပေါင်ကြော်၊ ငါးခူစင်းကော၊ ငါးခြောက်ကြော်စသည့် ဟင်းမျိုးစုံကို ဘူးများနှင့် အသင့်စားသုံးနိုင်သည့် ပုံစံချက်ပြုတ်ကာ နီးစပ်ရာမြန်မာအသိုင်းအဝိုင်းတွင် ရောင်းကြသည်။ ချဉ်ပေါင်ကြော်တစ်ဘူးကို ငါးဒေါ်လာ ဖြစ်သော်လည်း ဝယ်ယူအားပေးသူများလှသည်ဟု အသင့်ချက်ပြီးသား ဟင်းမျိုးစုံရောင်းချသူဒေါ်နီလာကဆိုသည်။

ဒေါ်နီလာ၏ထောပတ်ထမင်း၊ ဒံပေါက်ထမင်းတို့ ကိုမေရီလန်းရှိ မြန်မာအလှူပွဲများတွင် ညှော်ခံလေ့ရှိပြီး အရသာကလည်း မြန်မာလူမျိုးတို့အကြိုက်ဖြစ်သည်။ ဒံပေါက်ထမင်းကို မှာယူပါက ရန်ကုန်ဆိုင်များကဲ့သို့ ကြက်သားဟင်းအပြင် ချဉ်ပေါင်ဟင်းချို၊ ဘာလချောင်ကြော်၊ သခွားချဉ်နှင့် ပူဒီနာပါပေးသေးသည်။ တစ်ဗန်း၊ နှစ်ဗန်း စသည်ဖြင့် ကိုယ့်မိသားစု ကြိုက်သလောက် ဖုန်းဆက်မှာယူနိုင်ပြီး အိမ်တိုင်ရာရောက် လာပို့ပေးသည်။

ထို့အပြင် ကိုယ်တိုင် စိတ်ကြိုက်ချက်ပြုတ်လိုပါကလည်းမြန်မာပြည်မှလာသော စားသောက်ကုန်များကို အမေရိကနိုင်ငံတစ်ဝန်းတွင် မြန်မာပြည်ကအတိုင်း ပေါပေါများများ ဝယ်ယူလို့လည်း ရနေသည်။

မြန်မာအများအပြား နေထိုင်ကြသည့် မေရီလန်းပြည်နယ် ရော့ခ်ဗေးလ်တွင် မြန်မာစားသောက်စရာများကို တင်ရောင်းသည့် အာရှကုန်စုံဆိုင်များ ရှိသည်။ အဆိုပါ ကုန်စုံဆိုင်များမှာ အာပြဲခြောက်၊ လက်ဖက်၊ သရက်ချဉ်၊ ခံတက်ချဉ်၊ ငံပြာရည်ကြော်၊ ငါးပိရေထုပ်၊ ဆီးထုပ်၊ ရခိုင်မုန့်တီနှင့် မုန့်ဟင်းခါးထုပ်များ ပုံမှန်တင်ရောင်းချကြသည်။

“ကျွန်တော့်ဆိုင်ကို လာတာက မြန်မာတွေများတယ်ဗျ။ သူတို့ကပဲ အဲဒါတွေဝယ်စားကြတယ်။ ဒါကြောင့် ဒါတွေတင်ထားတာ” ရော့ခ်ဗေးလ်မြို့ရှိ မြန်မာအစားအသောက် ရောင်းချသည့် အာရှဆိုင်ပိုင်ရှင် အိန္ဒိယလူမျိုးတစ်ဦးက ပြောကြားခြင်းဖြစ်သည်။


အမေရိကသို့ တင်ပို့သည့် မြန်မာပြည်မှလာသည့်စားသောက်ကုန်များ၏ အရည်အသွေးကမူ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ထုပ်ပိုးမှု ပုံစံအရည်အသွေးက အစ သိသိသာသာ အရည်အသွေးနိမ့်ကျနေသည်ကို တွေ့ရမည်။

မြန်မာပုစွန်ခြောက်ဆိုလျှင် တောင်ကိုရီးယားမှလာသောပုစွန်ခြောက်ကဲ့သို့ တာရှည်မခံ၊ မလတ်ဆတ်သဖြင့် မြန်မာ စားသောက်ဆိုင်အများစုမှာ တောင်ကိုရီးယားပုစွန်ခြောက်ကိုသာ အသုံးပြုနေရသည်။ ငါးခြောက်နှင့် ငါးပိဆီကြော်များကလည်း ထုပ်ပိုးမှုပုံစံသိပ်မကောင်းလှပါ။ အများစုမှာ ဝါရှင်တန်မြို့တော်ရှိ မြန်မာသံရုံးမိသားစုများက တစ်နိုင်တစ်ပိုင် ဝင်ငွေရရန် မြန်မာပြည်က သယ်ယူပြီး ဆိုင်တင် ရောင်းချခြင်း ဖြစ်သည်ဟု ကုန်စုံဆိုင်ပိုင်ရှင်အိန္ဒိယလူမျိုးက ပြောသည်။ သို့သော်လည်း ထိုဒေသမှ မြန်မာအများစုက အဆိုပါစားသောက်ကုန်များကို တမေ့တမောအားပေးကြသည်။ ဈေးနှုန်းများကလည်း မသေးပါ။ ခံတက်ချဉ်နှင့် သရက်ချဉ် တစ်ခါစား တစ်ထုပ်လောက်ကို ငါးဒေါ်လာနီးပါးပေးကာ မက်မက်မောမောစားကြသည်။ တကယ်တမ်းတွင် မေရီလန်း ပြည်နယ်ရှိ မြန်မာအများစုမှာ ပြည်ပရောက် အတိုက်အခံတွေများပြီး မြန်မာသံရုံးနှင့် နှစ်ပေါင်းများစွာဆက်ဆံရေးမပြေပြစ်ခဲ့သူများဖြစ်ပါသည်။ ဒီမိုကရေစီတော်လှန်ရေးတစ်လျှောက် မြန်မာသံရုံးရှေ့မှာ ဆန္ဒပြခဲ့သူများဖြစ်သည်။ သို့သော် သံရုံးမိသားစုများ ရောင်းချသည့် မြန်မာအစားအသောက်များကိုမူ ဆန္ဒမပြနိုင်ကြဘဲ ဝယ်ယူအားပေးကြခြင်းဖြစ်သည်။

လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ အစားအစာပေါင်းစုံ အခြေချရောက်ရှိနေသော အမေရိကရှိ အမေရိကန်လူမျိုးတို့က နိုင်ငံခြားအစားအစာတစ်ခုကို မြည်းစမ်းကြည့်ရန် ဝန်မလေးကြသူများဖြစ်သည်။ ထို့ကြောင့်လည်း ဝါရှင်တန်ဒီစီ တရုတ်တန်းတွင် ဖွင့်လှစ်ထားသော ဘားမားစားသောက်ဆိုင်မှာ အခြားစားသောက်ဆိုင်တစ်ခု၏ အပေါ်ထပ်မှာ ဖွင့်လှစ်ထားလင့်ကစား နေ့လယ်စာ စားသူများနှင့် အမြဲစည်ကားလေ့ရှိသည်။

သို့သော်လည်း နန်းကြီးသုပ်မှာယူထားသော သူတစ်ယောက်အနေဖြင့် မုန့်တီဖတ်ကြီးကြီး၊ ပဲမှုန့်များများ၊ ကြက်သားဖတ် နိုင်နိုင်၊ ငရုတ်သီးဆီချက်ဖြင့် မြန်မာပြည်က နန်းကြီးသုပ်ကိုတော့ မြင်ယောင်ကြည့်လို့မရ။ ထိုင်းမုန့်ဖတ်ခပ်သေးသေး၊ ပဲငံပြာရည်၊ ပဲပင်ပေါက်တို့ဖြင့် ပြုလုပ်ထားသော ပဲငံပြာရည်အရသာရှိသည့် ဘားမားစားသောက်ဆိုင်၏ နန်းကြီးသုပ်ကိုသာ ရမည်။

ဘာပဲပြောပြော အမေရိကန်စတိုင်လ်နန်းကြီးသုပ်ဟုသာ မှတ်ထင်စားကြရုံသာ ဖြစ်သည်။



NGWE YI PA LÈ MINING CO.,LTD.
www.ngweyipale.com
No.157, 75th Street, between 34th and 35th Streets
Chan Aye Thar Zan Township , Mandalay , Myanmar
Tel : (95)2 30829, (95)2 73941, (95)2 71424 , (95)2 60148
Fax : (95)2 68192 Email : ngweyipale@gmail.com

မျက်နှာဖုံးမှ

## ဘော်ဒါကျောင်းသားများ အစိုးရကျောင်းများနှင့် ကင်း၍မရသေး

ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့တို့ရှိ အခြေခံပညာကျောင်းများမှကျောင်းအုပ်ကြီးများကိုငွေကြေးပေး၍ ကျောင်းသားများအား နားလည်မှုဖြင့် ကျောင်းအပ်ပြီး ဘော်ဒါဆောင်၌သာ နေထိုင်စာသင်စေခြင်းတို့ပြုလုပ်ခဲ့ပြီး ကျောင်းသား၄၀ခန့်က ဆက်လက်ပညာသင်ကြားလိုခြင်းမရှိတော့၍ကျောင်းပြောင်းလက်မှတ်တောင်းခံချိန်တွင်ပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"အစိုးရအသိအမှတ်မပြုတဲ့ ကိုယ်ပိုင်ဘော်ဒါကျောင်းမှာတက်တဲ့အတွက် ပြဿနာတက်နေတာပါ။သူတို့က ကျောင်းပြောင်းလက်မှတ်လည်း ထုတ်ပေးလို့မရဘူးလေ။အခြေခံပညာဦးစီးဌာနကိုလာအကူအညီတောင်းပေမယ့် ပြင်ပကိစ္စဖြစ်နေတဲ့အတွက် တိုင်းဒေသကြီးအစိုးရဆီသွားဖို့ ညွှန်လိုက်တယ်။တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောင်းသားတွေမနစ်နာအောင်၊ပညာသင်ယူခွင့် မဆုံးရှုံးအောင် ညှိနှိုင်းမှုတွေ လုပ်ပေးနေပါတယ် ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ရှစ်နှစ်ခန့်သက်တမ်းရှိပြီဖြစ်သော ပုဂ္ဂလိကဘော်ဒါကျောင်းတည်ထောင်သူက ကျောင်းသားများအား နားလည်မှုဖြင့် ကျောင်းအပ်နေသော ကျောင်းများ၏ အမည်အားကျောင်းအုပ်ကြီးများပြဿနာဖြစ်မည်စိုး၍ ထုတ်ဖော်ပြောဆိုခြင်းမရှိကြောင်း မှုခင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

ပြည်တွင်းရှိ အခြေခံပညာရေးစနစ်သည်ဒသမတန်းတွင်သာ တစ်နှစ်ကျရှုံးသူများကို ကျောင်းပြင်ပဖြေဆိုနိုင်သည့်စနစ်ကို ကျင့်သုံးနေခြင်းဖြစ်ပြီး အခြားအတန်းများ နှင့်တက္ကသိုလ်ဝင်တန်းတက်ကျောင်းသားများအနေဖြင့် အစိုးရကျောင်းသို့မဟုတ် ကိုယ်ပိုင်ကျောင်းတွင် အချိန်ပြည့်တက်ရောက်ရန် သတ်မှတ်ထားသည်။

မြို့ကြီးများအပါအဝင် နယ်မြို့များတွင် အစိုးရကျောင်းအချို့မှ ကျောင်းအုပ်ကြီးများအားငွေကြေးပေး၍ နားလည်မှုဖြင့်ကျောင်းအပ်နှံပြီး ပြင်ပကျူရှင်နှင့် ဘော်ဒါကျောင်းများတွင်အချိန်ပြည့်ပညာသင်ယူစေသော အလေ့အထမှာ စစ်အစိုးရလက်ထက်ကပင်တိုးတိုးတိတ်တိတ်ကျယ်ပြန့်နေခဲ့သည်။

တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်စေလိုသောမိဘများက သားသမီးများကို နာမည်ကြီးဘော်ဒါကျောင်းတွင် အချိန်ပြည့်ပညာသင်ကြားခွင့်ရရှိစေရန် အစိုးရကျောင်းမှ ကျောင်းအုပ်ကြီးများအားငွေပေး၍ကျောင်းသား စာရင်းပေးသွင်းကြခြင်းဖြစ်သည်။

စစ်အစိုးရလက်ထက်က ပုဂ္ဂလိကပညာရေးကို အသိအမှတ်မပြုခြင်းကြောင့်တရားမဝင်ကျယ်ပြန့်ခဲ့သော အလေ့အထသည် လက်ရှိအချိန်ထိနေရာအတော်များများတွင် ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။

"အဓိကကတော့စာမေးပွဲဝင်ဖြေခွင့်ရဖို့အတွက်ကျောင်းအပ်ကြတာပါ။ကျောင်းမှာ စာရင်းတော့ရှိနေပေးမယ့် ကျောင်းသားကဘော်ဒါဆောင်ရောက်နေတယ်။ လူမရှိဘဲ စာရင်းသွင်းထားတာပေါ့။ အရင်နှစ်တွေထဲက ဖြစ်နေခဲ့တာပါ။တိုင်စာတွေရောက်လာတာလည်းရှိတယ်"ဟု မြို့နယ်ပညာရေးမှူးရုံးတစ်ခုမှ ဝန်ထမ်းတစ်ဦးကဆိုသည်။

ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်းဥပဒေပြဌာန်းပြီးနောက် ယခင်ပညာသင်နှစ်မှစ၍ ကိုယ်ပိုင်ကျောင်း ၆၆ ခုအားတရားဝင်ဖွင့်လှစ်ခွင့်ပြု၍ အချိန်ပြည့်ပညာသင်ယူခွင့်နှင့် န၀မတန်းထိစာမေးပွဲစစ်ဆေးခွင့်များဆောင်ရွက်စေခဲ့သည်။

သို့သော်တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘော်ဒါကျောင်းတွင်သာအချိန်ပြည့် ပညာသင်ကြားလိုသည့်ကျောင်း သားပမာဏ နှင့်တရားဝင်အသိအမှတ် ပြုသောကိုယ်ပိုင်ကျောင်းအရေ အတွက် အင်အားမမျှခြင်းကြောင့် လိမ်လည် စာရင်းသွင်းသောအလေ့အထဆက်လက်ကျယ်ပြန့်နေဆဲဖြစ်သည်။

"ကိုယ်ပိုင်ကျောင်းတစ်ခုကိုသွားအပ်တာ လူပြည့်နေပြီဖြစ်နေတယ်။အစတည်းက ဆယ်တန်းရောက်ရင် အပြင်မှာထားမယ်စိတ်ကူးထားတာပါ။ တခြားအဆင်ပြေတဲ့ ဘော်ဒါကျောင်းတစ်ခုမှာ အပ်လိုက်တယ်။ကိုယ်ပိုင်ကျောင်းလက်မှတ်တော့မရထားဘူး။အစိုးရကျောင်းတစ်ခုမှာ အပ်လိုက်တာ (ကျပ်)နှစ်သိန်းသတ်သတ်ထပ်ပေးရတယ်"ဟု ရန်ကုန်မြို့ရှိ ကျောင်းသားမိဘတစ်ဦးကပြောသည်။

ယင်းကဲ့သို့ကျောင်းအုပ်ကြီးအချို့အား ငွေကြေးပေး၍ကျောင်းသားစာရင်းပေးသွင်းများမှာ နှစ်ကာလကြာခဲ့ပြီ ဖြစ်သော်လည်း ယခုချိန်မှ လူသိရှင်ကြားပြဿနာဖြစ်ပေါ်ပြီးနောက်ရဲစခန်းတွင်အမှုဖွင့်တိုင်ကြားသောဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်

အထက်ပါဖြစ်ရပ် အခြေအနေသည် ငွေကြေးပေး၍စာရင်းပေးသွင်း ကျောင်းအပ်သော ကျောင်းသားများအတွက်ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ပညာသင်ယူခွင့်ထိခိုက်နိုင်ကြောင်း သတိပေးလိုက်ခြင်းဖြစ်သည်။

"အစိုးရကျောင်းမှာ အပ်ပြီး တရားဝင်အသိအမှတ်မပြုထားတဲ့ဘော်ဒါကျောင်းတွေမှာ အချိန်ပြည့်စာသင်နေတာ တရားမဝင်ပါဘူး။ခုက ပြသာနာဖြစ်ပွားလို့လာရောက်တိုင်ကြားတာဖြစ်နေတယ်။အဲ့ဒီလိုတိုင်ကြားမှပဲ အရေးယူဆောင်ရွက်လို့ရမှာပါ။ မတိုင်တာတွေကတော့ ဘာမှလုပ်လို့မရဘူးလေ"ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကဆိုသည်။

ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့်မရရှိထားသော ဘော်ဒါကျောင်းအချို့သည်အခြေခံပညာကျောင်းအုပ်အချို့အား ငွေကြေးပေး၍ ကျောင်းသားများအား နားလည်မှုဖြင့်ကျောင်းအပ်ကာ အချိန်ပြည့်ပညာသင်ခွင့်များရရှိအောင်ဆောင်ရွက်မှုများရှိနေဆဲဖြစ်ပြီး အရေးယူဆောင်ရွက်ရန် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ၂၀၁၁ ခုနှစ်၊ဒီဇင်ဘာလ ၂ ရက်တွင် ပြဋ္ဌာန်းလိုက်ပြီး ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများကို ၂၀၁၂ ခုနှစ်၊ဧပြီလတွင် ထုတ်ပြန်လိုက်ကာ အခြေခံပညာရေးကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းများပါဝင်ဆောင်ရွက်မှုကိုတရားဝင်အသိအမှတ်ပြုပေးခဲ့သည်။

အဆိုပါကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများတွင် ကိုယ်ပိုင်ကျောင်းနှင့် သက်ဆိုင်သောသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုယ်ပိုင်ကျောင်းလျှောက်ထားလိုသူများအတွက် စည်းမျဉ်းစည်းကမ်း ဆိုင်ရာလိုက်နာရမည့်အချက်များကိုဖော်ပြထားသည်။

လက်ရှိတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်နေသောဘော်ဒါကျောင်းများ၊ကျူရှင်များနှင့်သက်ဆိုင်သော သတ်မှတ်ချက်များနှင့်စည်းမျဉ်းစည်းကမ်းများမှာ အထက်ပါဥပဒေများတွင် ပါဝင်နေခြင်း မရှိသည်ကို တွေ့ရသည်။

ကိုယ်ပိုင်ကျောင်းလက်မှတ်ရရှိထားသောဘော်ဒါကျောင်းများအနေဖြင့် အချိန်ပြည့်သင်ကြားခွင့်န၀မတန်းထိ အတန်းတင်စာမေးပွဲစစ်ဆေးခွင့်ရှိနေသော်လည်း မည်သည့်ဘော်ဒါ၊ကျူရှင်ကျောင်းများမှ မဆို ကျောင်းသားများသည် အစိုးရကျောင်းသို့တက်ရောက်ရန်လိုအပ်နေဆဲဖြစ်သည်။

ထို့ကြောင့်ဘော်ဒါကျောင်းပိုင်ရှင်အချို့ကလည်းကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို သဘောကျကျေနပ်ခြင်းမရှိဘဲ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ကျောင်းသားများ လွတ်လပ်စွာဝင်ရောက်ဖြေဆိုခွင့် စနစ်ကို ကျင့်သုံးစေလိုသောဆန္ဒရှိကြောင်း ပြောဆိုနေကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနက ကိုယ်ပိုင်ကျောင်းအရေအတွက် ၁၀၀ ကျော်တိုးမြှင့် ချထားပေးရန် စီစဉ်နေခြင်းကြောင့် ပုဂ္ဂလိက ပညာရေးတွင် အချိန်ပြည့်ပညာသင်ယူလိုသောကျောင်းသားများအနေဖြင့် ဘော်ဒါကျောင်းများတွင် စာရင်းလိမ်တက်ရောက်ရသောအခြေအနေများကြုံတွေ့နေရမှုလျော့ကျသွားမည်ဟု မျှော်လင့်ရသည်။




မျက်နှာဖုံးမှ

## ကြော်ငြာအားကောင်းကောင်းနှင့် အပျောက်ကုဆေးခန်းများ တိုင်းဒေသကြီးအစိုးရစစ်ဆေးမည်

"အဆိုးဝါးဆုံးကတော့ အဲဒီဆေးခန်းမှာ ဘာတံဆိပ်မှမပါတဲ့ဆေးတွေ ပေးတယ်။ ဆေးခြောက်လုံးပါတဲ့ တစ်ခွက်စာကို ကျပ်တစ်သိန်းပေးရတယ်။ ဆေးတစ်လစာကို ငွေရှစ်သိန်းကျမယ်လို့ပြောတယ်။ ဘာမှန်းမသိတဲ့ဆေးတွေကို ဘာဆေးပညာအထောက်အထားမှမပါတဲ့ လူမျိုးခြားနဲ့ဆေးကုရတာ အရမ်းအန္တရာယ်ကြီးပါတယ်"ဟု အမျိုးသမီးတစ်ဦးက ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင်ရေးသားထားသည်။

"တစ်ခါတည်းနဲ့ အမြစ်ပြတ်ကုနိုင်တယ်ဆိုတဲ့ ကြော်ငြာတွေကြောင့် လူတွေအသွားများကြတယ်။ အဲဒီမှာ တစ်ယောက်ကို အနည်းဆုံးတစ်သိန်းပဲ၊ မပျောက်ရင်ပြန်လာ၊ အခမဲ့လို့ပြောပေမယ့် ရောဂါဆိုးလာလို့ထပ်မသွားတော့ဘူး။ အဲဒါနဲ့ လုပ်စားနေကြတာ။ တစ်နေရာမှာ နာမည်ပျက်ရင် နောက်တစ်နေရာကို နောက်နာမည်နဲ့ပြောင်းသွားကြရော"ဟုမြန်မာနိုင်ငံမှဆရာဝန်အသင်းမှဆရာဝန်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

အော်တာနေးတစ်ဆေး ပညာအသုံးပြုသည်ဆိုခြင်းကြောင့် ပြည်တွင်းတွင်လက်ရှိ ရှိနေသည့်တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးတို့နှင့် သက်ဆိုင်သည့်ဥပဒေများဖြင့် အရေးယူမှုလည်းမပြုလုပ်နိုင်သည့်အတွက် ဝန်ကြီးဌာနများက ဆောင်ရွက်မှ ရနိုင်မည်ဖြစ်ကြောင်း ယင်းဆရာဝန်ကဆက်လက်ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အကြောင်းကြားစာထဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ၊ ဆေးခန်းအချို့တွင် အမျိုးမျိုးသော ခေတ်မီတိုးတက်သည့်စက်ပစ္စည်းကိရိယာများတပ်ဆင်ထားပါကြောင်း၊ အတွေ့အကြုံရှိသောသူများက ခေတ်မီဆေးဝါးကုသသည့်နည်းပညာအသုံးပြုကာ ရောဂါကို အမြစ်ပြတ်ကုသပေးခြင်း၊ အမြန်ပျောက်ကင်းစေသော ကုထုံးအသစ်များဖြင့် ကုသပေးနေကြောင်း ကြော်ငြာများထည့်သွင်းကာ ဆေးကုသမှုများဆောင်ရွက်ခြင်းအပေါ် စစ်ဆေးစုံစမ်းရန် ပါရှိကြောင်း သိရသည်။

ထိုဆေးခန်းများသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ (၁၉)နှင့် ငြိစွန်းနေသည့်အတွက် စစ်ဆေးတွေ့ရှိပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားဆရာဝန်များနှင့် ဆေးကုသမှုပြုလုပ်လိုပါက မြန်မာနိုင်ငံဆေးကောင်စီသို့နိုင်ငံခြားသားဆေးကုသခွင့် လိုင်စင်လျှောက်ရမည်ဖြစ်ပြီး ဆေးကောင်စီမှ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဆေးကောင်စီများသို့ ဆက်သွယ်မေးမြန်းပြီးထောက်ခံမှုနှင့်နိုင်ငံတကာတွင် ဆေးကုသခွင့် ရရှိထားသည့် နိုင်ငံခြားသားဆရာဝန်များကိုသာ ဆေးကုသရန် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"အချို့ဆေးခန်းတွေကလည်းနာမည်အမျိုးမျိုးနဲ့ အခွဲတွေဖွင့်ထားတာဆိုတော့ သံသယရှိတဲ့ဆေးခန်းတွေအားလုံးစစ်ဆေးမှာပါ"ဟုဒေါက်တာမြင့်သိန်းကဆက်လက်ပြောသည်။

နာတာရှည်ဖြစ်ပွားခံစားနေရသည့် ရောဂါများနှင့် ရောဂါအကြီး၊ အသေးအားလုံးကို တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင်ကုသပေးနိုင်သည့်ဆိုသည့်ကြော်ငြာများဖြင့် လူနာများအား အဓိကဆွဲဆောင်ကြခြင်းဖြစ်သည်။

ပုဂ္ဂလိကသတင်းစာ၊ဂျာနယ်များတွင် ငွေကြေးအမြောက်အမြားသုံးစွဲကြော်ငြာနေသည့် ဆေးခန်းအချို့လည်း ကြော်ငြာထည့်သွင်းမှုယာယီရပ်နားထားကြောင်းသတင်းရရှိသည်။

## ကိုယ်ပိုင်ကျောင်း ၁၁၂ ကျောင်းထပ်မံဖွင့်ခွင့်ပြု

**နေလင်းထွန်း**

**ရန်ကုန်၊ဇွန်- ၁၇**

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃-၁၄ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်း ၁၁၂ကျောင်းကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ထပ်မံအတည်ပြု ဖွင့်လှစ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ဌာနမှ သတင်း ရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂နှစ်သက်တမ်းရှိ ကိုယ်ပိုင်ကျောင်း ၁၃ ကျောင်းနှင့် တစ်နှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်း ၂၄ ကျောင်း၊မြန်မာပြည်အထက်ပိုင်းတွင် ၂ နှစ်သက်တမ်းရှိ ကိုယ်ပိုင်ကျောင်း ရှစ်ကျောင်းနှင့်တစ်နှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်း ၅၄ ကျောင်းနှင့်မြန်မာပြည်အောက်ပိုင်းတွင် ၂ နှစ်သက်တမ်းရှိ ကိုယ်ပိုင်ကျောင်း လေးကျောင်းနှင့် တစ်နှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်း ကိုးကျောင်းကို ထပ်မံခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးသည် ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်ရရှိသူများနှင့် ဇွန် ၂၀ ရက်တွင် နေပြည်တော်၌ တွေ့ဆုံသွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

"မနှစ်က တစ်နှစ်သက်တမ်းရှိတဲ့ကိုယ်ပိုင်ကျောင်းတွေကို ၂နှစ်သက်တမ်းတိုးမြှင့်ပေးလိုက်တယ်။ ဒီနှစ်တော့ ငါးနှစ်သက်တမ်းရှိတဲ့ ကိုယ်ပိုင်ကျောင်းတော့ပါဝင်မလာပါဘူး"ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ယခင်ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း၆၆ကျောင်းကိုစတင်ခွင့်ပြုပေးခဲ့ပြီး မန္တလေး၊ ပြင်ဦးလွင်နှင့် နေပြည်တော်တို့တွင် ငါးနှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်း ရှစ်ကျောင်းပါဝင်ခဲ့သည်။ ယခုနှစ်တွင်းတိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်သော အရေအတွက်အရ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကျောင်း ၁၅၀ ကျော် ရှိလာမည်ဖြစ်သည်။

အခြေခံပညာအဆင့်တွင် ကိုယ်ပိုင်ကျောင်းများကိုတိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနေခြင်းသည် နိုင်ငံတော်အစိုးရက ပညာရေး လုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍအရေးပါမှုကိုအသိအမှတ်ပြုနေခြင်းဖြစ်ပြီး ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသားများအချိန်ပြည့် ပညာသင်ယူနိုင်သော အခွင့်အလမ်းမြင့်တက်လာခြင်းဖြစ်သည်။

# Health

7DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013


## ချင်းပြည်နယ်တွင် မိခင်နှင့်ကလေးကျန်းမာရေး ဆောင်ရွက်ရန် ရန်ပုံငွေလျှောက်နိုင်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၁၂**

ချင်းပြည်နယ် မြို့နယ်လေးခုတွင် မိခင်နှင့်ကလေး ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ လျှောက်ထားနိုင်သည့် အဆိုပြုလွှာများခေါ်ယူနေကြောင်းထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (3MDG)မှ သတင်းရရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကျန်းမာရေး စောင့်ရှောက်မှု အနည်းဆုံး ရရှိနေသည့် ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် မတူပီမြို့နယ်များရှိ လူဦးရေနှစ်သိန်းခွဲတွင် မိခင်၊ မွေးကင်းစကလေးနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ယခုနှစ် ဩဂုတ်လမှစတင်၍ ၂၀၁၆ ခုနှစ်အထိ လုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုလွှာများခေါ်ယူခြင်းဖြစ်သည်။

ချင်းပြည်နယ်ရှိမြို့နယ်လေးခုအပြင်ရောဝတီတိုင်းဒေသကြီးရှိ လူဦးရေ၁ဒသမ၇သန်းကိုလွှမ်းခြုံနိုင်မည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

3MDG သည် ပြည်တွင်းရှိ တိုင်းနှင့်ပြည်နယ် အနည်းဆုံး ခုနစ် နေရာမှ မိခင်နှင့် ကလေး ငါးသန်းကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်ထားကြောင်းဒေါက်တာ Paul Sender က ဆက်လက်ပြောသည်။

3MDG သည် စီမံကိန်းကာလ ငါးနှစ်အတွင်းမိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ အဓိကဆောင်ရွက်မည်ဖြစ်ကာ ထို့အတွက် အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့်အသုံးပြုသွားဖွယ်ရှိသည်။

ယခင်က အိတ်ချ်အိုင်ဗီ၊ တီဘီနှင့်ငှက်ဖျားရောဂါများအတွက် ပံ့ပိုးပေးခဲ့သော ရောဂါသုံးမျိုး ရန်ပုံငွေအဖွဲ့(3D Fund)အစားထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ(Three Millennium Development Goals Fund/3MDG Fund) အဖြစ်ပြောင်းလဲထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလ ငါးနှစ်အတွင်း 3DFund မှထောက်ပံ့ခဲ့သည့်ရောဂါသုံးမျိုးအပြင် မိခင်နှင့် ကလေး ကျန်းမာရေး အတွက်ပါ ဆောင်ရွက်မည်ဖြစ်သည်။

## လူနာငါးဦး ကိုရီးယားသို့ခေါ်ယူ အခမဲ့ခွဲစိတ်ကုသပေးရန် စီစဉ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဇွန်-၁၂**

အင်းစိန်မြို့နယ်အတွင်း ဆေးကုသခဲ့သည့် လူနာများထဲမှ ခွဲစိတ်ကုသရန် လိုအပ်သည့် လူနာအချို့ကို ကိုရီးယားနိုင်ငံသို့ ခေါ်ယူဆေးကုသရန် စီစဉ်နေကြောင်း ကိုရီးယားနိုင်ငံ SAM Medical Centre ဉက္ကဋ္ဌက ပြောသည်။

ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်များက အင်းစိန်မြို့နယ်တွင် ကိုရီးယားနိုင်ငံမှ ဆရာဝန်၊ သူနာပြုများက မြန်မာလူနာ ၈၀၀ ကျော်ကို အခမဲ့ဆေးကုသမှုပေးခဲ့ပြီး ထိုလူနာများထဲမှ လူနာငါးဦးခန့်ကိုခွဲစိတ်ကုသမှုပြုလုပ်ရန် လိုအပ်သည့်အတွက် ကိုရီးယားနိုင်ငံသို့ ခေါ်ယူကုသရန်မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေပြီး ဆေးကုသရန် လိုအပ်ချက်များကို ကိုရီးယားနိုင်ငံရှိSAM ဆေးရုံမှ အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြင်းထန်တဲ့ အရိုးနဲ့ဆိုင်တဲ့ ရောဂါခံစားနေရသူနဲ့ မျက်နှာခွဲစိတ်ဖို့ လိုအပ်နေတဲ့သူတွေ ပါဝင်တယ်။ လူနာသုံးဦးကနေ ငါးဦးခေါ်ယူကုသနိုင်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ထိုဥက္ကဋ္ဌ Dr. Sang-eun PARK က ပြောသည်။

ဆေးဝါးကုသပေးခဲ့သည့်လူနာ ၈၀၀ ကျော်တွင် မြစ်ကမ်းနားဘေးနေထိုင်သူများတွင် အရေပြားရောဂါများအဖြစ်များကြပြီးကလေးများတွင် အဆုတ်ရောင်ရောဂါဖြစ်ပွားနေသည့်ကလေးများလည်း များပြားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ SAMဆေးရုံသည်အာဖရိက၊အာရှနှင့် အာရှအလယ်ပိုင်းဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီး မြန်မာနိုင်ငံတွင်လည်း ထိုအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ယခုစတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

## အစာစားပြီးတိုင်း ၁၅ မိနစ်ခန့် လမ်းလျှောက်ပေးခြင်းသည် ဆီးချိုအန္တရာယ် လျော့နည်းစေ

**ဝါရှင်တန်၊ ဇွန်-၁၅**

အစာစားပြီးတိုင်း ၁၅ မိနစ်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများတွင် သွေး၌ပါရှိသော သကြားဓာတ်ပမာဏကို ပုံမှန်လည်ပတ်စေနိုင်ပြီး အမျိုးအစား(၂)ဆီးချိုရောဂါအန္တရာယ်ကိုလည်း လျော့ကျစေနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဂျော့ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပြုသူများသည် ကျန်းမာရေး ပုံမှန်ဖြစ်သော်လည်း ဆီးချိုရောဂါအန္တရာယ်ရှိသူ အသက် ၆၀ နှင့် ၆၀ ကျော် လူကြီး ၁၀ ဦးကို အကူအညီတောင်း၍သုတေသနပြုခဲ့ရာ အဆိုပါ လူကြီးများသည် ကျန်းမာကြသော်လည်း အစာမစားမီ သွေး၌ပါရှိသော သကြားဓာတ်ပမာဏသည် သာမန်ထက်ပိုများနေခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့် အမျိုးအစား (၂) ဆီးချိုရောဂါ အန္တရာယ်နှင့်ပိုမိုကြုံတွေ့နေကြသည်။



အစာစားပြီးတိုင်း ၁၅ မိနစ်ခန့် ခဏတာ လမ်းလျှောက်ပေးခြင်းသည် သာမန်အချိန်၌ အချိန်ကြာမြင့်စွာ လမ်းလျှောက်ခြင်းထက် သွေး၌ပါရှိသော သကြားဓာတ်ပမာဏကို ပိုမိုထိရောက်စွာ လျှော့ချနိုင်သည်ဟု သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

"ဒီသုတေသနအဖွဲ့ရဲ့ ရှာဖွေတွေ့ရှိချက်တွေဟာ နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းတွေကို မှန်မှန်မလုပ်နိုင်တဲ့ အသက် ၇၀ နဲ့ ၈၀ ဝန်းကျင်လူကြီးတွေအတွက် တကယ့် သတင်းကောင်းပါပဲ။ လူကြီးတွေဟာ အစာစားပြီးတိုင်း ခဏတဖြုတ် လမ်းလျှောက်ပေးလိုက်တာနဲ့ ခန္ဓာကိုယ်ကြွက်သားတွေ ကျုံ့ခြင်း၊ ဆန့်ခြင်းဖြစ်လာမယ်။ ကြွက်သားတွေ ကျုံ့တာ၊ ဆန့်တာဟာ သွေးတွင်း သကြားဓာတ်ပမာဏ မြင့်မားမှုကို သိသိသာသာလျော့ကျစေပါတယ်" ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒီပက်ထရိုက ပြောကြားသည်။

—Ref: UPI









အအေးမိ ဖျားနာ အစပြုလာ
ဒီကိုလ်ဂျင် သာ
သောက်လိုက်ပါ
Decolgen
ဒီကိုလ်ဂျင် ဟာ
နှာရည်ယို နှာပိတ်ခြင်း၊ ဖျားနာ
ကိုက်ခဲခြင်းနဲ့ တုပ်ကွေးဝေဒနာတို့ကို
အထိရောက်ဆုံးနဲ့ အမြန်ဆုံး
သက်သာပျောက်ကင်းစေပါတယ်၊
Decolgen
FORTE
THE COMPLETE COLD FORMULA
DECOLGEN
အအေးမိဝေဒနာ အကြွင်းမဲ့ပျောက်ဆေး ဒီကိုလ်ဂျင်




ကြွယ်ဝမှုကို အရယူ!!!
SHIP
Falcon
Falcon
MY BOY
MY BOY
ကျပ် ၃၂,၀၀၀,၀၀၀ ကျော်တန်ဖိုးရှိ
ရွှေသား ဆုမဲများစွာ
ပထမအဆင့်
မြို့နယ်အလိုက်ကံစမ်းခြင်း
ပထမဆု - ရွှေနှစ်ကျပ်သား ၁ ဆု
ဒုတိယဆု - ရွှေတစ်ကျပ်သား ၂ ဆု
တတိယဆု - ရွှေတစ်မတ်သား ၅ ဆု
ပထမအဆင့် တွင် ဆုလက်ဆောင် မရရှိ
လိုက်သောသူများအတွက် ဒုတိယအဆင့်
အထူး ကံစမ်းခြင်းမှာ ထပ်မံပါဝင်နိုင်ပါသည်၊
ကံစမ်းမဲဖောက်ပေးမည့်နေရာနှင့်အချိန်
မြိတ်
ဘောင်ကြီး
(Cherry Queen Hotel)
မန္တလေး
ရန်ကုန်
(M-3 Food Center)
ဒုတိယအဆင့်
အထူးကံစမ်းခြင်း
ပထမဆု - ရွှေငါးကျပ်သား ၁ ဆု
ဒုတိယဆု - ရွှေတစ်ကျပ်သား ၁၀ ဆု
တတိယဆု - ရွှေတစ်မတ်သား ၃၀ ဆု
ကံစမ်းမဲဖောက်ပေးမည့်နေရာနှင့်အချိန်
ရန်ကုန်
(Dolphin Restaurant)

## ထားဝယ်အနောက်ဘက်ကမ်းတွင် ဒေသခံနှင့် ရန်ကုန်အခြေစိုက်ကုမ္ပဏီတို့ မြေယာအငြင်းပွားမှုဖြစ်

**စိုးမိုးအောင်**

**ထားဝယ်၊ ဇွန်-၁၅**

ရေဖြူမြို့နှင့် ကလိန်အောင်မြို့နယ်ခွဲအကြား ထားဝယ်မြစ် အနောက်ဘက်ကမ်း ဆန်းချီကျေးရွာအနီးတွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေများ၏ ဧရိယာအချို့တွင် ရန်ကုန်အခြေစိုက် STEEL STONE ကုမ္ပဏီ၏ ဥယျာဉ်ခြံမြေအဖြစ် လာရောက်သတ်မှတ်ထားပြီး မြေယာပိုင်ဆိုင်မှုအငြင်းပွားမှုဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

"အဘတို့က ၂၀၀၈ခုနှစ်မှာ မြေဧက ၃၀၀လျှောက်ထားတယ်။ အခု အဘက ဧက ၁၀၀လောက်မှာ ရာဘာပင်စိုက်ပျိုးထားတယ်။ ၄နှစ်သားအရွယ်ရှိနေပြီပေါ့။ ဧက ၇၀ ကို အဘရဲ့တူကို ပေးထားတယ်။ ဒီနှစ် ထပ်ချဲ့ထားတဲ့ မြေနေရာတွေမှာ STEEL STONE ကုမ္ပဏီက သူတို့ပိုင်တဲ့မြေနေရာဆိုပြီး လာတားတယ်။ အခုဆို မြေထိုးစက်တွေနဲ့ရှင်းပြီး ရာဘာပင်တွေ လာစိုက်ထားတယ်။ အဘရဲ့ မြေ ၂၅ ဧက လောက်ပါတယ်" ဟု ပိုင်မှုပြဿနာဖြစ်နေသော ခြံပိုင်ဆိုင်ရှင် တစ်ဦးဖြစ်သည့် ဦးမောင်ထွေးကပြောသည်။

အဆိုပါ ခြံမြေနေရာသည် ပြေစာများရှိပြီးသားဖြစ်ပြီး လုပ်ကိုင်နေသည်မှာ ၄ နှစ်ကျော်နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။ STEEL STONE ကုမ္ပဏီသည် ဆီအုန်းစိုက်ပျိုးရန် မြေဧက ၃၅၇၀ လျှောက်ထားကြောင်းသိရသည်။

"ကျွန်တော်မှာ ဆိုရင် ခြံမြေနေရာတွေပါတဲ့အပြင် လယ်တွေပါ ဆုံးသွားတော့ ပိုထိခိုက်တယ်။ ကျွန်တော့် အဘိုးလက်ထက်ကတည်းက လုပ်နေတဲ့နေရာပါ။ စပါးကလည်း အထွက်ကောင်းတယ်။ အခုတော့ မြေထိုးစက်တွေနဲ့ ဝင်လုပ်ထားတော့ လယ်တွေ ပျက်ကုန်ပြီ" ဟု ဆန်းချီကွင်း တွင် ဒူးဒေါင်ကျေးရွာမှ တောင်ယာလာရောက်လုပ်ကိုင်သူ ကိုစိုးသန်း က ပြောပြသည်။

ခြံမြေပတ်လည်တွင် STEEL STONE ကုမ္ပဏီပိုင်ခြံမြေများရှိနေပြီး ရွာသို့အသွားအလာပြုနေသည့် လမ်းကို ပိတ်ထားခြင်းခံရကြောင်း ၎င်းကဆိုသည်။

လွန်ခဲ့သော ၁၅ ရက်ခန့်မှစ၍ လာရောက်လုပ်ကိုင်နေကြသော အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများမှာ ဒေသခံများ မပါဝင်ကြောင်းသိရသည်။ "ဦးတို့ ခြံမှာက စိုက်ထားတဲ့ ရာဘာပင်တွေကို နုတ်ပြီး ပုံထားခဲ့တယ်။ အဲဒါကြောင့် ခြံရှင်ကို အကြောင်းကြားထားရတယ်"ဟု ခြံစောင့်လုပ်ကိုင်နေသော ဦးလင်းပိုကပြောသည်။

အဆိုပါ မြေယာပိုင်ဆိုင်မှု ငြင်းပွားမှုများဖြစ်ပွားနေသည်မှာ တောင်သူ ၅၀ ကျော်ရှိပြီး ထိုသို့ အငြင်းပွားမှုဖြစ်လာသဖြင့်တောင်သူများ စုပေါင်းပြီး သက်ဆိုင်ရာ မြို့နယ်ရုံးများသို့ တင်ပြထားရာ မြို့နယ်ရုံးက နှစ်ဦးနှစ်ဖက်စလုံး အဆိုပါပြဿနာဖြစ်နေသော ဧရိယာများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မပြုကြရန် တားမြစ်ထားသော်လည်း ကုမ္ပဏီသည် STEEL STONE အမှတ်အသားပါဝါးတိုင်များစိုက်ပျိုးထားပြီး ရာဘာပင်များ ဝင်ရောက်စိုက်ပျိုးထားကြောင်း သိရသည်။

STEELSTONEကုမ္ပဏီသည် ၂၀၀၆- ၂၀၀၇ ခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးခွင့်ဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေလျှောက်ထားကြောင်း ရေဖြူမြို့နယ်မြေစာရင်းမှူးရုံးမှ သတင်းရရှိသည်။



ပြည်မြို့ ဘားကမ့်သို့လာရောက်သူများ ဓာတ်ပုံ - ဇော်မင်းထိုက်

## ဒုတိယအကြိမ်ပြည်ဘားကမ့် စိတ်ဝင်စားသူပိုများလာ

**ဇော်မင်းထိုက်**

**ပြည်၊ ဇွန်-၁၅**

ဒုတိယအကြိမ်ပြည်ဘားကမ့်ကို အ. ထ. က(၁)၊ ရတနာဆောင်၌ဇွန် ၁၅ ရက်က စတင်ကျင်းပခဲ့ရာ လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

"ပထမအကြိမ်ထက်ပိုပြီး စိတ်ဝင်စားသူများလာတယ်။ ကဏ္ဍတွေလည်း ပိုလာတယ်။ ကွန်ပျူတာအသင်းက ကြီးမှူးကျင်းပလို့ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းကိစ္စတွေချည်းပဲ အဓိကမဟုတ်ဘူး။ ရှေးဟောင်းယဉ်ကျေးမှု၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂီတ၊ စာပေရေးရာ၊ ပညာရေး အစရှိတဲ့ ကဏ္ဍတော်တော်များများမှာ ဟောပြောမယ်၊ ပြန်လည်မေးမြန်းဆွေးနွေးနိုင်ပါတယ်" ဟု ပြည်ဘားကမ့်ဖြစ်မြောက်ရေးအဖွဲ့မှ ကိုပုညကပြောသည်။

ဒုတိယအကြိမ်ပြည်ဘားကမ့်ကို ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာပညာရှင်အသင်းမှ ဦးစီးကျင်းပခဲ့ကာ ပြည်မှရှစ်ဦး၊ ရန်ကုန်မှ ၂၀ ဦး၊ နိုင်ငံခြားသားသုံးဦးတို့မှ Speaker များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ စာသင်ဆောင်ရှစ်ခန်း တွင် တစ်ပြိုင်နက်ပြုလုပ်ခြင်းဖြစ်ကာ တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ် ပြုလုပ်သွားမည်ဖြစ်သည်။

## ကန်ဖျားရွာ သီးနှံပုံစံပညာပေးကွင်း သရုပ်ပြပွဲတွင် မြစ်ရေတင်စနစ်ဖြင့် တစ်နှစ်သုံးသီးစမ်းသပ် စိုက်ပျိုး

**မျိုးမင်းဦး**

**မြင်းမူ၊ ဇွန်-၁၅**

မြင်းမူမြို့နယ်၊ ကန်ဖျားကျေးရွာတွင် မြစ်ရေတင်စနစ်ဖြင့် တစ်နှစ်သုံးသီးစမ်းသပ်စိုက်ပျိုးသောနည်းစနစ်ဖြင့် သီးနှံပုံစံပညာပေးကွင်း သရုပ်ပြပွဲကို ဇွန်လ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေး ပညာရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တောင်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဧရာဝတီမြစ်ရေဖြင့် ကန်ဖျားကျေးရွာ မြစ်ရေတင် ရေသောက်ဧက ၅၀၀ အနက် ဧက ၁၀၀ ကို တစ်နှစ်သုံးသီးစား စံပြကွက်အဖြစ် စိုက်ပျိုးပြသရန် စိုက်ပျိုးရေးဦးစီးဌာနကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ သုံးသီးစံပြကွက်အတွင်း ပထမသီးနှံအဖြစ် မိုးကြိုပဲတီစိမ်း ဧက ၁၀၀ စိုက်ပျိုးဖြစ်ထွန်းခဲ့ပြီး ဒုတိယသီးနှံအဖြစ်မိုးလယ်တွင် အစေ့ထုတ်ပြောင်းစပ်မျိုး ၂၅ ဧက၊ ပဲတီစိမ်း၊ နှမ်းသီးညှပ်စိုက် ဧက ၁၀၀၊ ဆောင်းသီးနှံအဖြစ် ဂျုံကို ဧက ၁၀၀ စုစုပေါင်း ဧက ၃၀၀ စိုက်ပျိုး၍ သီးနှံစိုက် စွမ်းအား ၃၀၀ ရာခိုင်နှုန်းဖြစ်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြင်းမူမြို့နယ်အတွင်း မိုးခေါင်ရေရှားသော ကန်ဖျားကျေးရွာတွင် မြစ်ရေတင်စနစ်ဖြင့် သုံးသီးစားစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးသမျှ သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဈေးကွက်ဝင်မျိုးစေ့များဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သိပ္ပံနည်းကျ အထွက်နှုန်းနည်းစနစ်များကို ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဖြူးခြင်း၊ မြေစိုက်ပိုစတာများနှင့် စည်းရုံးလှုံ့ဆော်ခြင်း၊ လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် လက်တွေ့လိုက်နာစိုက်ပျိုးရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။






SWEETY HOME
I can't sleep without you.
Spring Mattress
10 Years Warranty
New Products
Jade
Ruby
01-9669544, 535694, 205224
02 - 65938, 60810, 34021




iPANEMA
BRAZIL
IPANEMA
Email : rideranp@gmail.com
Tel : 097319 0363
www.grendene.com.br
Blazon (Taw Win Centre)
Yuzana Plaza
Junction Maw Tin
Junction Square
Junction Nay Pyi Taw
Parkson (FMI)
Dagon Center I
Gamone Pwint (Shanghai)
Gamone Pwint (Bakalay)
Sule
Capital HyperMarket
Greatwall Shopping Mall
orange supermarket (Ygn, Mdy)

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# အာရှအလင်းရောင်ကျောင်းတိုက်တွင် ဆင်းရဲနွမ်းပါးကလေးငယ်များကို ပြုစုစောင့်ရှောက်ရန်စီစဉ်

**မျိုးမင်းဦး**

**စစ်ကိုင်း၊ ဇွန်- ၁၆**

စစ်ကိုင်းမြို့နယ်၊ ပြဲတရော်ကျေးရွာ အာရှအလင်းရောင်ကျောင်းတိုက်တွင် လာမည့် ၂၀၁၅ခုနှစ်အတွင်း ချို့တဲ့နွမ်းပါးသော ကလေးသူငယ်များကိုပြုစု စောင့်ရှောက်သည့် တစ်နိုင်တစ်ပိုင်ပရဟိတဂေဟာအဖြစ် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အာရှအလင်းရောင်ကျောင်းတိုက် ဆရာတော်ဦးဥတ္တမကမိန့်ကြားခဲ့သည်။

"လတ်တလော သာသနိက အဆောက်အအုံတွေ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဉာဏ်တော် ၃၆ ပေ အမြင့်ရှိတဲ့ မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာရုပ်ပွားတော်ကြီးကို (၂၀၁၃-၁၄)ခုနှစ်မှာအပြီး တည်ဆောက်မှာဖြစ်ပါတယ်။ သာသနိကအဆောက်အအုံတွေကိုလည်း တိုးချဲ့တည်ဆောက်နေပါတယ်။



ဓာတ်ပုံ- မျိုးမင်းဦး

၂၀၁၅ခုနှစ်အတွင်းမှာ ဆင်းရဲချို့နွမ်းပါးကလေးငယ်တွေကို တစ်နိုင်တစ်ပိုင်စောင့်ရှောက်မှုဂေဟာ တစ်ခုဖွင့်လှစ်ဖို့စီစဉ်ထားပါတယ်" ဟု ဆရာတော်ဦးဥတ္တမက ဆက်လက်မိန့်ကြားခဲ့သည်။

အာရှအလင်းရောင်ကျောင်းတိုက်သည် စစ်ကိုင်းမြို့နယ်၊ ပြဲတရော်ကျေးရွာ၊ ကံတလူစေတီတော်ကြီး အရှေ့ဘက်ကိုက် ၆၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိရှိရသည်။ အဆိုပါကျောင်းတိုက်အတွင်း သိုက်စောင့်မြွေကြီး ကိုးကောင်(စပါးအုံးမြွေကြီး) များ အလိုအလျောက်ရောက်ရှိလာသဖြင့် သိုက်ပေါင်းစုံညီမြွေရှင်စေတီတော်ဟု သိရှိသူများပြောကြောင်း သိရှိရသည်။ မြွေကြီးကိုးကောင်နှင့် သတ္တဝါလေးများအား ဘေးမဲ့အဖြစ် မျောက် ၈ ကောင်၊ မျောက်လွှဲကျော်တစ်ကောင်၊ ပူးအကောင် ၁၀၀ခန့်၊ ဩစတြေးလျကြက်တူရွေး၊ခို၊ သာလိကာစသည့် ငှက်အကောင် ၅၀ကျော်၊ ယုန် ၅၀ ခန့်အား ကျွေးမွေးစောင့်ရှောက်ထားကြောင်းသိရှိရသည်။ ဆင်းရဲချို့တဲ့သော ကလေးငယ်များကို ပြုစုစောင့်ရှောက်နိုင်မည့် ပရဟိတလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်မည့် အဆောက်အအုံများနှင့် စားဝတ်နေရေးအတွက် စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်သည်။

# သစ်ပင်စိုက်ပျိုးရေးနှင့် ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှု မုံရွာပရဟိတဂေဟာတွင်ကျင်းပ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်- ၁၆**

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ ပေ(၈၀)လမ်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် မုံရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတာဝန်ရှိသူများ၊ မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ စီမံအုပ်ချုပ်မှုကော်မတီတာဝန်ရှိသူများ၊ဆရာ၊ဆရာမများနှင့်ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဇွန် ၁၅ ရက်၊ နံနက် ၉ နာရီက အရိပ်ရလေကာပင်များစိုက်ပျိုးခဲ့ပြီး အပတ်စဉ် ဆောင်ရွက်လျက်ရှိသောကျောင်းပြင်ပ ပတ်ဝန်းကျင် လမ်းဘေးဝဲယာပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

"ကျောင်းရှေ့မျက်နှာစာမှာ အရင်တုန်းက မြေချိုင့်ဝှမ်းဖြစ်နေတဲ့အတွက် မိုးရာသီမှာ အမြဲရေဝပ်လေ့ရှိပါတယ်။ အခုကျောင်းမျက်နှာစာမှာမြေဖို့ပြီး အရိပ်ရလေကာပင်တွေဖြစ်တဲ့ တည်ပင်(၅၀)ပင်၊ ပန်းမဲ ဇလီပင် (၃၅)ပင်၊ မယ်ဇယ်ပင်(၂၀)ပင်ကိုစိုက်ပျိုးခဲ့ပါတယ်။ ပျိုးပင်တွေ အားလုံးကိုမုံရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပံ့ပိုးပေးပါတယ်" ဟု မုံရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ စီမံအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌဦးချစ်လှိုင် (သစ်ပင်ချစ်သူ) ကပြောသည်။

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသည် အလျား (၄၇၇)ပေ၊ အနံ (၂၄၂)ပေ၊ ဧရိယာ(၂ဒသမ ၅၇၃) ဧကကျယ်ဝန်းပြီးကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် စီမံချက်များရေးဆွဲ၍ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ဒေါက်တာများ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊ ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

လိပ်ခေါင်းရောဂါ

လိင်အင်္ဂါကြွက်နို့ရောဂါ

အရိုးရောဂါ

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ

အမျိုးသမီးရောဂါ

အမျိုးသားရောဂါများ



လာရောက်ကုသသောလူနာများအား ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

ဖိတ်ခေါ်မရှိ
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈း၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

# Education

7 Day News Journal
Vol.12, No.15 • JUNE 19 , 2013

## ဗြိတိန်နှင့် မြန်မာစာရင်းကိုင်အဖွဲ့အစည်း နှစ်ခု နားလည်မှုဆိုင်ရာ လက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်- ၁၃**

ဗြိတိန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် စာရင်းကိုင်အသက်မွေးဘာသာရပ် အဖွဲ့အစည်းဖြစ်သော ICAEW နှင့် မြန်မာနိုင်ငံစာရင်းကိုင်သင်တန်းကျောင်းဖြစ်သော MICPA တို့အကြား အတူတကွပူးပေါင်းလုပ်ကိုင်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။

ICAEW ၏ အရှေ့တောင်အာရှဒေသဒါရိုက်တာ Mr Mark Billington နှင့် MICPA ဥက္ကဋ္ဌ ဦးကျော်တင်တို့သည် ဗြိတိန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးလော့ဂရင်းကို သက်သေထား၍ ဇွန် ၁၃ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နှင့်မြန်မာစာရင်းကိုင်အဖွဲ့အစည်းတို့သည် ဒေသတွင်း စာရင်းကိုင်အသက်မွေးပညာကျွမ်းကျင်မြင့်မားမှုဖွံ့ဖြိုးလာစေရန် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ပြီး စာရင်းကိုင်ဘာသာရပ် သင်ကြားခြင်း၊ အရည်အသွေး ကွပ်ကဲခြင်း၊ စာမေးပွဲစစ်ဆေးခြင်းစသည့်ကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

"ICAEW နဲ့ MICPA တို့ရဲ့ ဆက်ဆံရေး ခိုင်မာလာဖို့ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားပါမယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားတဲ့ အလားအလာနဲ့များပြားတဲ့ အခွင့်အလမ်းတွေနဲ့ စီးပွားရေးအလျင်အမြန်ကြီးထွားလာနေပါတယ်။ ICAEW ရဲ့နိုင်ငံတကာအတွေ့အကြုံတွေကိုမြန်မာနိုင်ငံမှာအသုံးပြုသွားဖို့ မျှော်လင့်ပါတယ်"ဟု Mr Mark Ballingtonကပြောသည်။ မြန်မာနိုင်ငံတွင်ဗြိတိန်စာရင်းကိုင်လုပ်ငန်းအဖွဲ့အစည်းသုံးခုသည် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သလို ယူကေစာရင်းကိုင်ပညာအသိအမှတ်ပြုမှုလက်မှတ်များသည်လည်းကျောင်းသားလူငယ်များအကြား အောင်မြင်မှုများ ရရှိထားပြီးဖြစ်သည်။

## ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသားများအား ဆန်စပါးအသင်းချုပ် ထောက်ပံ့မည်



*တက္ကသိုလ်ဝင်တန်းအောင်စာရင်းကို ကြည့်ရှုနေသော ကျောင်းသူလေးများ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇွန်**

ရန်ကုန်တက္ကသိုလ်ဝင်တန်းကိုထူးချွန်စွာအောင်မြင်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသော အသင်းဝင်မိသားစုများ၏ သားသမီးများကိုပညာသင်ထောက်ပံ့ကြေးပေးအပ်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းဝင်များ၏ မိသားစုဝင်များအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး အရေအတွက် ကန့်သတ်မထားဘဲ လျှောက်လွှာတင်သည့် ကျောင်းသား/သူ၏ အရည်အချင်းပေါ်မူတည်၍ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသမှ အသင်းဝင်တောင်သူလယ်သမားများ၏ သားသမီးများကို ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နယ်ပယ်အသီးသီးမှာ ဦးဆောင်နိုင်တဲ့ အနာဂတ်ခေါင်းဆောင်တွေမွေးထုတ်ပေးနိုင်တဲ့အထိ ရည်ရွယ်ထားတာကြောင့် အမှန်တကယ်ထူးချွန်သူတွေကိုပဲ ရွေးချယ်သွားမှာပါ"ဟု ဦးရဲမင်းအောင်ကပြောသည်။

အသင်းချုပ် ပညာသင်ထောက်ပံ့ကြေးပေးမည့် ကျောင်းသား၊ ကျောင်းသူများကိုသက်ဆိုင်ရာတက္ကသိုလ်များတွင် ပညာသင်ကြားနေစဉ် စဉ်ဆက်မပြတ် အကဲဖြတ်သည့်စနစ်အပြင် သင်ခန်းစာပြင်ပ ဗဟုသုတကြွယ်ဝစေမည့် ပညာရေးစနစ်များကိုပါကျင့်သုံးမည်ဖြစ်သည်။ ထို့ပြင် ထူးချွန်ထက်မြက်သော ကျောင်းသား/သူများကို ဘွဲ့လွန်ပညာရပ်များအတွက် ပြည်ပနိုင်ငံများသို့ စေလွှတ်၍ ပညာသင်ကြားစေမည်ဖြစ်ကြောင်းလည်း သိရသည်။

"နယ်ပယ်ဒေသက ချို့တဲ့တဲ့ တောင်သူတွေရဲ့ သားသမီးတွေအတွက် ပညာရေးအခွင့်အလမ်းကောင်းတစ်ခုပါ"ဟု ဟင်္သာတမြို့မှ အသင်းဝင်ဆန်စပါး ကုန်သည်တစ်ဦးကပြောသည်။

ဒေသအသီးသီးရှိ အသင်းဝင်တောင်သူများအနေဖြင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဇွန် ၁၈ ရက်မှစ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဖုန်းနံပါတ် ၀၁- ၂၁၈၂၆၇၊ ၀၁- ၂၁၈၂၆၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

## မြန်မာနှင့် ထိုင်း အဆင့်မြင့်ပညာရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖွယ်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်- ၁၃**

မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ထိုင်းနိုင်ငံမှတက္ကသိုလ်များအကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာမည့်အလားအလာရှိနေကြောင်း သတင်းရရှိသည်။

ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ ဇွန် ၁၃ နှင့် ၁၄ ရက်တို့တွင် ထိုင်းနိုင်ငံမှ တက္ကသိုလ် ၂၃ ခုက ပညာရေးပြပွဲနှင့်ဆွေးနွေးဖလှယ်မှုများလာရောက်ပြုလုပ်ခဲ့ပြီး ထိုင်းပညာရေးဝန်ကြီး၊ မြန်မာပညာရေးဒုတိယဝန်ကြီးများနှင့် နှစ်နိုင်ငံတက္ကသိုလ်များမှပါမောက္ခချုပ်များတက်ရောက်ခဲ့ကြသည်။

"နှစ်နိုင်ငံကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေအနေနဲ့ ကျောင်းသားနဲ့ ဝန်ထမ်းတွေ အပြန်အလှန်ဖလှယ်မှု၊ ဒါအပြင် မြန်မာနိုင်ငံက ပါမောက္ခတွေ ထိုင်းတက္ကသိုလ်တွေမှာဟောပြောပို့ချဖို့နဲ့ ထိုင်းပါမောက္ခတွေ မြန်မာတက္ကသိုလ်တွေမှာလာရောက်ပို့ချမှုအစီအစဉ်တွေရှိပါတယ်။ မြန်မာနဲ့ထိုင်းတက္ကသိုလ်တွေ အချင်းချင်းလည်း ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးလာနိုင်မှာဖြစ်ပါတယ်"ဟု ထိုင်းအဆင့်မြင့်ပညာရေးကော်မရှင်၏ ဒုတိယအတွင်းရေးမှူး Ms Aporn Kanvongက ဆိုသည်။

လာမည့်နှစ်များတွင် အာဆီယံအဖွဲ့အစည်းများ အသက်ဝင်လာမည့်အခြေအနေကြောင့်ဒေသတွင်းနိုင်ငံများကြားပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ပညာရေးဆိုင်ရာ အသိအမှတ်ပြုမှုတို့သည့် အရေးပါသော အခန်းကဏ္ဍသို့ရောက်လာဖွယ်ရှိနေသည်။

"တက္ကသိုလ်အချင်းချင်းလာရောက်ချိတ်ဆက်တဲ့အခြေအနေဖြစ်ပါတယ်။ ပါမောက္ခတွေ အချင်းချင်းလည်း မိတ်ဆက်နိုင်တဲ့ အခွင့်အလမ်းရရှိတာပေါ့။ ရှေ့ဆက်ပြီး တက္ကသိုလ်အချင်းချင်းချိတ်ဆက်ဖို့ကတော့ ဝန်ကြီးရုံးရဲ့ ခွင့်ပြုချက်လိုပါတယ်"ဟု အဆင့်မြင့်ပညာဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာရေးကဏ္ဍအတွက် နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်လျက်ရှိနေပြီး ယခုအခါနိုင်ငံတကာ တက္ကသိုလ်များ၏ ပညာရေးပြပွဲနှင့် ဆွေးနွေးပွဲများကို စတင်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။



# မင်္ဂလာပါ မြန်မာ . . .

## ကျွန်ုပ်တို့က *MTN* ပါ။ သင်တို့ကို ကမ္ဘာကြီးနဲ့ ချိတ်ဆက်ပေးဖို့ အခုလိုအရောက်လာခဲ့တာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် တောင်အာဖရိကတွင် စတင်မွေးဖွားခဲ့တဲ့ ကမ္ဘာ့မိုဘိုင်း ကြေးနန်းဆက်သွယ်ရေး ကုမ္ပဏီ ဖြစ်ပါသည်။ ထွန်းသစ်စ ဈေးကွက်ဖြစ်သည့် တောင်အာဖရိကတွင် ၁၉၉၄ ခုနှစ်တွင် ကျွန်ုပ်တို့၏ ကွန်ယက်ချိတ်ဆက်မှုကို စတင်ခဲ့ပါသည်။ တောင်အာဖရိကနှင့် မြန်မာတွင် တူညီမှု အချို့ရှိပါသည်။ *MTN* သည် နိုင်ငံ ၂၂ နိုင်ငံ တွင် သုံးစွဲသူ သန်း ၂၀၀ နီးပါးကို ချိတ်ဆက်ဝန်ဆောင်မှု ပေးနေပါသည်။

နိုင်ငံသစ်တစ်ခုတွင် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုစတင်သည့်အခါတိုင်းတွင် အဆိုပါနိုင်ငံ၊ ပြည်သူများနှင့် ပြည်တွင်းစီးပွားရေးအတွက် ကျွန်ုပ်တို့နှင့်အတူ ရေရှည် တည်တံ့သော စစ်မှန်သော အသွင်ပြောင်း လဲမှုကို တပါတည်း ယူဆောင်သွားလေ့ရှိသည်။ မြန်မာနိုင်ငံအတွက်လည်း အလားတူ ဆောင်ရွက် ပေးချင်ပါသည်။ ကျွန်ုပ်တို့ယူဆောင်လာမည့်အကျိုးကျေးဇူးများအတွက်လည်း ယုံကြည်မှုအပြည့်အဝ ရှိပါသည်။

*MTN* သည် စစ်မှန်သော ကုန်ပစ္စည်းပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်မှုကြောင့် နိုင်ငံပေါင်းများစွာတွင် ဦးဆောင်နေသည့် မိုဘိုင်းအော်ပရေတာ ဖြစ်လာခဲ့သည်။ သုံးစွဲသူများ၏ လိုလားချက်များသည် တစ်နိုင်ငံ နှင့် တစ်နိုင်ငံ ကွဲပြားခြားနားသည်ကို နားလည်သဘောပေါက်သဖြင့် ဈေးကွက်တစ်ခု ချင်းစီ၏ လိုလားတောင်းဆိုမှုများကို မှန်ကန်စွာ သဘောပေါက်စေရန် ကျွန်ုပ်တို့ ကြိုးစား အားထုတ်ပါသည်။

ထို့ကြောင့် သုံးစွဲသူများ၏ ဘဝနေထိုင်မှုပုံစံကို တန်ဖိုးဖြည့်ပေးမည်၊ သုံးစွဲသူများအတွက် အမှန်တကယ် လိုအပ်သည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေး ဆောင်ရွက်ပေး ပါသည်။ ကမ္ဘာနှင့် အဝှမ်းတွင် ဝန်ဆောင်မှုများပေးနေသဖြင့် *MTN* သည် သက်ဆိုင်ရာ နိုင်ငံမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပါသည်။ ပြည်သူများနှင့် ၎င်းတို့၏ အလားအလာများအတွက် ရင်းနှီးမြှုပ်နှံပါသည်။

*MTN* တွင် နိုင်ငံပေါင်းစုံမှ ဝန်ထမ်းများစွာနှင့်အင်အားကြီးမားသော ၎င်းတို့သည် အချိန်ကာလကြာမြင့်စွာ ရင်းနှီးမြှုပ်နှံမှု ကိုဖြတ်သန်း၍ ကျွန်ုပ်တို့၏ သုံးစွဲသူတစ်ဦးချင်းစီအတွက် ခံရင့်သစ်လွင်သောဆက်သွယ်ရေးကမ္ဘာကို ဖန်တီးယူဆောင်ပေးနိုင်ရန် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံများတွင် သဘောကျနှစ်သက်ခံရသည့် အလုပ်ရှင်ဖြစ်ခွင့်ရသည့်အတွက် အလွန် ဂုဏ်ယူမိပါသည်။

ကျွန်ုပ်တို့သည် ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုပေးနေသည့်အပြင် အမျိုးမျိုးကွဲပြားသော ဝန်ထမ်းအင်အားစုများနှင့်အတူ နိုင်ငံ့အားကောင်းသော ဖောင်ဒေးရှင်းတစ်ခုတည်ဆောက်ရန် လိုအပ်သည်။ *MTN* သည် လူတစ်ဦးနှင့်တစ်ဦး၊ ချိတ်ဆက်ပေးပြီး၊ ကမ္ဘာနှင့် လည်းကောင်း၊ အာဖရိကမှသည် အာရှသို့ လည်းကောင်း ချိတ်ဆက်ပေးသည်။ ဤအကြောင်းပြချက်သည် ကျွန်ုပ်တို့ တည်ရှိနေရသည့် အကြောင်းအရင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီအရွယ်အစားကြီးမားခြင်းကြောင့် အကျိုးကျေးဇူးကောင်းတစ်ခုမှာ လူသားဘဝ ပိုမိုတိုးတက် ကောင်းမွန်ဖြစ်ထွန်းရေးအတွက် ပြောင်းလဲမှု ယူဆောင်ပေးနိုင်သော အနေအထား ကောင်းတစ်ခု ဖြစ်သည်။ *MTN* သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး နှင့် အင်တာနက်နှံ့ပြားရေးအတွက် ဆောင်ရွက်နေသည့် ဖောင်ဒေးရှင်း ၁၅ ခု ကို စီမံခန့်ခွဲလျက် ရှိသည်။

*MTN* သည် တောင်အာဖရိကတွင်စတင်ပြီး ကမ္ဘာ့နိုင်ငံများနှင့် ၎င်းတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသွင်ပြောင်းလဲမှုတို့၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ ချမှတ်နိုင်ပါသည်။ တောက်ပသည့် မြန်မာ့အနာဂတ် ဖော်ဆောင်ရေးတွင်လည်း တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်လိုပါသည်။

Please visit us at www.mtn.com

*everywhere you go*

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ကျွမ်းကျင်ဝန်ထမ်းများ၏ အောက်ခြေဝန်ထမ်းကို ပြည်ပကုမ္ပဏီများ ဦးစားပေးခေါ်ယူ

at;jrwfol

**ရန်ကုန်၊**
**ဇွန်-၁၇**

မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားကုမ္ပဏီများသည်ကျွမ်းကျင်ဝန်ထမ်းထက် အောက်ခြေဝန်ထမ်းများကိုသာ လုပ်ခလစာပိုပေး၍ အလုပ်ခေါ်ယူလျက်ရှိကြောင်း ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများထံမှ သတင်းရရှိသည်။

ပြည်ပကုမ္ပဏီများထံသို့ ကျွမ်းကျင်ဝန်ထမ်းရာထူးအတွက် လာရောက်လျှောက်ထားသူများ ရှိသော်လည်း အများစုသည် အရည်အချင်းများနှင့် ကိုက်ညီမှုမရှိသဖြင့်ပြည်တွင်းကုမ္ပဏီများထက် လုပ်ခလစာပိုပေး၍ အလုပ်ခန့်ထားခြင်းမရှိကြောင်း သတင်းရရှိသည်။ သို့သော်အောက်ခြေဝန်ထမ်းအဆင့်ရှိသူများကို ပြည်တွင်းကုမ္ပဏီများကပေးသောလုပ်ခလစာကျပ် ခြောက် သောင်းဝန်းကျင်သာ ပေးလျက်ရှိသော်လည်း



*ညနေပိုင်း ရုံးဆင်းချိန်တွင် ရန်ကုန်မြို့လယ်တစ်နေရာ၌ သွားလာလှုပ်ရှားနေသူများ*    ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

နိုင်ငံခြား ကုမ္ပဏီများမှာမူ လုပ်ခလစာကျပ်တစ်သိန်းနှင့် အထက်ပေး၍ အလုပ်ခေါ်ဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

"အောက်ခြေဝန်ထမ်းတွေကို တော့ သူတို့က တစ်သိန်းခွဲလောက် စပေးပေမယ့် မန်နေဂျာအဆင့်လောက်ကျတော့ သူတို့လိုချင်တဲ့ပေတံနဲ့က မကိုက်တော့ မပေးချင်ဘူး။ ဒါပေမဲ့လည်း မရှိတော့ အလွန်ဆုံး နှစ်သိန်းခွဲ၊ သုံးသိန်းလောက်ပေးပြီးပဲ ခန့်ထားကြတယ်"ဟုကောင်းမြတ်သူပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှမန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းက ပြောသည်။

Device အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက "အောက်ခြေကိုသာပိုပေးတာ။ မန်နေဂျာ အဆင့်တွေကျတော့ သူတို့ မပေးဘူး။ ဒီကလူတွေက အင်တာဗျူးဖြေ ကတည်းက မဖြေနိုင်ကြတာ" ဟုဆိုသည်။

၂၀၁၂ ခုနှစ်ကုန်ပိုင်းမှစ၍ မြန်မာနိုင်ငံသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများဝင်ရောက်လာကြပြီး ပြည်တွင်းရှိ ကုမ္ပဏီများကလည်း လုပ်ငန်းတိုးချဲ့လုပ်ကိုင်လာကြ၍ လုပ်ငန်းနှင့် ကိုက်ညီမည့် ကျွမ်းကျင်လုပ်သားများ ရရှိရန် အခက်အခဲများ ရှိနေသည်ဟု ဆိုသည်။

အလုပ်အကိုင်ရှာဖွေသူများကလည်း အောက်ခြေဝန်ထမ်း အလုပ်နေရာများကိုသာ အဓိကလျှောက်ထားကြသည်။ လက်ရှိပြည်တွင်းကုမ္ပဏီများတွင်အောက်ခြေဝန်ထမ်းများအား လစာငွေကျပ်ငါးသောင်း၊ ခြောက်သောင်းခန့်သာပေးလျက်ရှိပြီး မန်နေဂျာအဆင့်ဝန်ထမ်းများအားကျပ်ငွေနှစ်သိန်းမှလေးသိန်းကျော်ထိ ပေးကြသည်။ နိုင်ငံခြား ကုမ္ပဏီများကကျွမ်းကျင်ဝန်ထမ်းများကိုလစာကျပ်ငွေသုံးသိန်းခန့်ပေးပြီး အောက်ခြေ ဝန်ထမ်းများကို ကျပ်ငွေတစ်သိန်းခွဲဝန်းကျင်ထိပေး၍ အလုပ်ခေါ်ယူလျက်ရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Web Trainer (M/F-2 Posts) HTML, CSS, JavaScript, Dreamweaver, XML စသော Webပိုင်းဆိုင်ရာဘာသာရပ်တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်သိရှိနားလည်ပြီး စာသင်ကြားမှုပိုင်းတွင် အတွေ့အကြုံရှိ (သို့) စိတ်ဝင်စားသူ ဖြစ်ရမည်။ B.C Tech/B.C.Sc/B.IT ဘွဲ့ရရှိသူဖြစ်ရမည်။

ဖုန်း-၆၅၂၂၈၈

---

အမျိုးသမီး အရောင်းဝန်ထမ်း (၂) ဦး အလိုရှိသည်။ အသက် (၁၈ နှစ်မှ ၂၅ နှစ်) အတွင်း ဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။

ဖုန်း-၂၂၆၉၄၁

---

**ငွေလင်းပိုင်ကုမ္ပဏီလီမိတက်**

ဘွဲ့ရ(မ-၃ဦး)၊(ကျား-၃ဦး)။ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ (၁၈. ၆. ၂၀၁၃ မှ ၃. ၇. ၂၀၁၃)အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်(၃၈)မြေညီထပ်၊ အောင်ရတနာလမ်း(ဗဟိုလမ်း-လမ်းတို)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၇၄၁၈

---

**LION စတိုးဆိုင်သုံးပစ္စည်းများ**

D.T.P (မ-၂ဦး)၊ Driver(ကျား-၂ဦး)၊ Marking Staff (မ-၁ ဦး)။ တိုက် (၂၀)၊ အခန်း(၃)၊ နှင်းဆီလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။

ဖုန်း-၀၁- ၂၀၆၃၄၁

၁။ အထက်တန်းကျောင်းအုပ်
၂။ ဘွဲ့ရအဆောင်မှူး
၃။ ကိုယ်ပိုင်ကျောင်းဆရာ/မ (လိုင်စင်ရှိ ဘာသာစုံသင်)
၄။ ကွန်ပျူတာ Staff
၅။ ရုံးအကူ (ကျား)

ဖုန်း-၀၉-၅၁၁၈၂၅၄

1. Sales and Marketing (2) F
No.(18), Thukha Street, 56th Lane, Near Baho Road, Hlaing Township, Yangon, Myanmar.

Ph: 01-511030

---

**25th Group**

Security Services Co.Ltd

| | |
|---|---|
| Accountant | F(2) |
| Security | M(10) |

PH: 01-526648

---

သီးလေးသီးနှင့် Video ဇာတ်ကားရိုက်ကူးရန်အတွက် ပါဝင်သရုပ်ဆောင်လိုသော (ကျား၊မ)များ အလိုရှိသည်။ ရုပ်ရည်ချောမော၍ သရုပ်ဆောင်နိုင်သူ ဦးစားပေးမည်။

ဖုန်း-၀၉-၃၁၀၅၅၇၉၃

---

ယာဉ်မောင်းအလိုရှိသည်။ မြောက်ဥက္ကလာ၊ပုလဲမြို့သစ်၊မင်္ဂလာဒုံနေထိုင်သူများသာ။(လစာ-၁၅၀,၀၀၀ကျပ်)

ဖုန်း-၀၉-၅၀၁၈၃၂၉

---

**MYIT NGE NADI COMPAMY LIMITED**

Chef (5)Posts, Kitchen Assitant (5)Posts, Helper (10)Posts, Cashier (5)Posts.
No.177/179, 7th Floor, 34th Street (Upper Block), Kyauktada Township, Yangon.

Ph: 09-8625443

---

၁။ Marketing Manager ကျား/မ(၁)ဦး
၂။ Online Sale (IT) ကျား/မ(၁)ဦး
၃။ Driver ကျား (၁)ဦး
အမှတ်-၄၁ A/B၊ ပေတောကုန်းလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ဖုန်း-၂၀၀၉၇၅

---

Taxi ယာဉ်မောင်း အလိုရှိသည်။ ကျောက်မြောင်းအတွင်း နေထိုင်သူ ဦးစားပေးမည်။

ဖုန်း-၀၁-၅၄၄၃၉၄

---

အမျိုးသား (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်)ကျွမ်းကျင် (၁)ဦး၊ အမျိုးသမီး (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်) ကျွမ်းကျင်(၁)ဦး၊ လစာအပြင် ကော်မရှင်ခံစားခွင့်ရှိသည်။ နေရေး၊ စားရေးစီစဉ်ပေးပါသည်။
ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၀၁၆၅၃၅၄၀

---

**Travels & Tours**

International Ticketing (F-5 Post), Domestic Ticketing (F-5 Post), Operation & Reservation Staff (F- 3 Post). No.191(A1), 33 Street, Upper Block, Kyauktada Township, Yangon.

Ph: +95-9-5013760

---

**နှင်းသဇင်ကုမ္ပဏီ**

စာရင်းကိုင်မ (၁) ဦး၊ ဘွဲ့ရ၊ LCCI - 3၊ အတွေ့အကြုံ (၂)နှစ်ရှိ။
ရွှေမာလာရိပ်မွန်၊ ရွှေကံကော်လမ်း၊ တိုက် (B)၊ အခန်း(၈)၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၁-၅၁၃၈၃၂

---

**ဝန်ထမ်းအလိုရှိသည်**

Admin F( 1) Post

PH: 09-73098675

---

စာဝေ၊စာသိမ်း(၁၅)ဦး။ နေပြည်တော်အတွက်၊ ဆိုင်ကယ်စီးတတ်သူဖြစ်ရမည်။ စာသိမ်းယာဉ်မောင်း(၂)ဦး၊ ဘွဲ့ရ၊ကားမောင်းတတ်သူဖြစ်ရမည်။

အမှတ်(၇၅)၊ အုတ်ပုံဆိပ်ကမ်း၊ တံတားလေးလမ်း၀၊ မရမ်းကုန်း။

---

မွေးမြူရေးဆေးဝါးနှင့် ကြက်သားပေါက် ဖြန့်ချိရေးလုပ်ငန်းတွင် တာဝန် ထမ်းဆောင်ရန် ဘွဲ့ရ (B.V.S) (Bachelor of Veterinary Science) (၃-ဦး)၊ ယာဉ်မောင်း (၂-ဦး) (နေ၊စား ငြိမ်း)။

ဖုန်း-၀၉-၅၁၂၇၅၈၅

---

**ဟိုတယ်ရွှေဂုံတိုင်**

Reception/ Telephone Operator (2) Post, Bell Boy (1) Post, Cashier (2) Post, Store Keeper (2) Post, Room Attendant (Housekeeping) (4) Post ။ အမှတ် ၂၇၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၅၅၂၅၈၃၊
၀၁-၅၅၂၅၈၅

E-mail: monyeekyaw@gmail.com

---

Technician(For Computer) ကျား (၂) ဦး၊ Technician (For Mobile) ကျား(၁)ဦး၊ ရုံးအကူဝန်ထမ်း ကျား/မ(၂)ဦး၊အရောင်းဝန်ထမ်း(Computer and Mobile) ကျား/မ (၂) ဦး။
အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်း၊ တောင်ဘက်ခြမ်း၊ ရန်ကုန်ဘူတာကြီး။

ဖုန်း- ၀၁-၃၇၄၈၅၇

---

**တက္ကသိုလ်ဟန်မင်းဦး**
**ဓာတ်ပုံအနုပညာကျောင်း**

ပညာသင်ဝန်ထမ်း မ (၁၀) ဦး
အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။

ဖုန်း-၂၂၇၁၉၉

---

1. Sales Manager (1) F
2. Marketing (2) F

PH: 01-656070, 09-73093147

---

ဈေးကွက်ကို ကိုယ်တိုင်ကျွမ်းကျင်စွာထိုးဖောက်၍ အရောင်းမြှင့်တင်နိုင်သော(ဆေး)အရောင်းဝန်ထမ်း(ကျား)

ဖုန်း- ၀၁-၅၃၈၀၂၀၊
၀၉-၅၀၅၀၀၅၈

---

ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်၊စိုက်ပျိုးဝန်ထမ်း(ကျား)၊ ကိုယ်တိုင် ဦးဆောင်စိုက်ပျိုးနိုင်သူ၊ မင်္ဂလာဒုံ/ မှော်ဘီတွင် လုပ်ရမည်။ ကျွမ်းကျင်မှုအလိုက် အခြေခံလစာ၊ ရေ၊ ထင်းမီး၊နေစရာအဆင်သင့်၊ ကျန်းမာရေးနှင့်အခြားဝင်ငွေများ ခံစားနိုင်၊ ကြိုးစားသလောက် အကျိုးများမည်။

ဖုန်း-၀၁-၅၃၈၀၂၀

---

**Myint Tharaphu Jewellry**

Sales Staff (2)posts F/Junior Accountant (1)post F/ Driver (1)post M-ဘွဲ့ကြို၊ ဘွဲ့ရ
အမှတ်( ၁၀၂)၊ မြေညီထပ်၊ (မွှေးရုံဘေး)ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ပေးပို့နိုင်သည်။

ဖုန်း- ၀၁-၃၇၀၃၆၄၊ ၀၉-၅၁၃၇၅၄၁

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ရွှေ့ဆိုင်းခဲ့သည့် မြန်မာ – ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး အရာရှိများအစည်းအဝေး ဇွန် နောက်ဆုံးပတ်တွင်ကျင်းပမည်

**မောင်ကံ**

**မောင်တော၊ ဇွန်-၁၆**

မေလအတွင်း ကျင်းပရန် မူလက စီစဉ်ထားခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ရေးအရာရှိများ၏ အစည်းအဝေးကို ဇွန်လ ၂၂ရက်တွင် ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး အရာရှိများ၏ အစည်းအဝေးကို တစ်လတစ်ကြိမ်ကျင်းပရန် သဘောတူညီထားကြသော်လည်း နှစ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ပုံမှန်ကျင်းပနိုင်ခြင်းမရှိဖြစ်နေရာ မတ်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပရန်စီစဉ်ထားခဲ့သည့် သတ္တမကြိမ်မြောက် အစည်းအဝေးကို မေလသို့ ရွှေ့ပြောင်းကျင်းပနိုင်ရန် စီစဉ်ခဲ့သော်လည်း မဟာစင်မုန်တိုင်းကြောင့် အစည်းအဝေးမဖြစ်မြောက်ခဲ့ကြောင်းဆိုသည်။

ယခုကျင်းပမည့် သတ္တမကြိမ်မြောက် အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ပဇားမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျဆင်းနေသည့်ကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ရန်နှင့် ကုန်သွယ်ရာတွင် ကြုံတွေ့ရတတ်သည့် အခက်အခဲများကို ကုန်သွယ်သူများအချင်းချင်းထိပ်တိုက်တွေ့အဖြေရှာနိုင်ရန် ရည်ရွယ်ကြောင်း မောင်တောနယ်စပ်ကုန်သည်တစ်ဦးက ပြောကြားသည်။

လက်ရှိ မြန်မာ -ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ၏ ကုန်သွယ်မှုအခြေအနေမှာ ပုံမှန်အနေအထားသာ ရှိကြောင်း သိရသည်။

# မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်သို့ သရက်သီးများ တင်ပို့

**မောင်ကံ**

**မောင်တော၊ ဇွန်-၁၇**

မောင်တောနယ်စပ်တွင်ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် တင်ပို့မှုရပ်ဆိုင်းခဲ့ရသည့် သရက်သီးများကို ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ပြန်လည်တင်ပို့နေပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သတင်းရရှိသည်။ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရသည့် သရက်သီးများမှာ ရင်ကွဲသရက်သီးများဖြစ်ပြီး မေလ နှင့်ဇွန်လအတွင်းက သရက်သီး စုစုပေါင်းဒေါ်လာ တစ်သောင်းဖိုးခန့် တင်ပို့ထားရပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေရသည့်သရက်သီးများမှာ ရခိုင်ပြည်နယ်ဒေသအသီးသီးမှ ထွက်ရှိသည့် သရက်သီးများဖြစ်ပြီး တစ်ဖက်နိုင်ငံတွင် အဆိုပါသရက်သီးများကို ဖျော်ရည်ထုတ်ခြင်း၊ သ ရက်ပြားယိုထုတ်လုပ်ခြင်းများပြုလုပ်ပြီး မောင်တောနယ်စပ်သို့ ပြန်လည်ရောင်းချခြင်းများရှိနေကြောင်း သိရသည်။ လက်ရှိအမေရိကန်ဒေါ်လာငွေဈေးများတက်နေခြင်းနှင့် ဘင်္ဂလားဒေ့ရှ် ငွေဈေးများတက်နေသည့်အတွက် ပို့ကုန်တင်ပို့သူများအတွက် အခြေအနေကောင်းနေကြောင်းလည်း သိရသည်။

# ကျိုက်လတ်ပန်းခြံတွင် ဦးသုခပုံတူ ရုပ်တုဖွင့်ပွဲကျင်းပ

**ဖွဲ့ဉာဏ်**

**ရန်ကုန်၊ ဇွန်-၁၆**

ကျိုက်လတ်ဇာတိဖြစ်သူ ဒါရိုက်တာ ဦးသုခ၏ ပုံတူရုပ်တုကို ကျိုက်လတ်မြို့ပန်းခြံ၌ ယနေ့ဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း နာရေးကူညီမှုအသင်း ဥက္ကဋ္ဌဦးကျော်သူကပြောသည်။

နံနက် ၉နာရီအချိန်တွင် ဖွင့်ပွဲပြုလုပ်ခဲ့ပြီး ကျိုက်လတ်မြို့၌ မြို့ခံလူမှုရေးအသင်းအဖွဲ့များနှင့် စုပေါင်းကာ အမှိုက်ကောက်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းကိုလည်း လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောသည်။

ဆရာဦးသုခ၏ ရုပ်တုထုလုပ်ရန် ကျိုက်လတ်မြို့မှ ပရဟိတလူငယ်အသင်းအဖွဲ့များ၊ ကျိုက်လတ်မြို့နယ်အသင်းမှ လူကြီးများက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပန်းချီ၊ ပန်းပုပညာရှင် ဦးနန်းဝင်းကထုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းရုပ်တုထုလုပ်ရန် အချိန်နှစ်လနီးပါးကြာမြင့်ခဲ့ပြီး ၂၀၁၁ခုနှစ် နာရေးကူညီမှုအသင်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ခဲ့သော ရုပ်တုထက်ပိုမိုကြီးမားကာ တန်ဖိုး ၃၃သိန်းကုန်ကျခဲ့ကြောင်း ဦးကျော်သူကပြောသည်။

နောင်လာနောက်သားမျိုးဆက်သစ်များက ဆရာကြီးဦးသုခကိုသိရှိစေရန်နှင့် ဆရာကြီး၏ ဂုဏ်ကို အမှတ်တရအနေဖြင့် ထုလုပ်ထားရှိခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ရုပ်တုဖွင့်ပွဲသို့ ဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာမောင်နှင်းမိုးနှင့်ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးလူမင်းတို့လည်းတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။


ဆရာကြီးဦးသုခရဲ့ ရုပ်ထုဖွင့်ပွဲကို ရုပ်ရှင်အစည်းအရုံးကိုယ်စားပြုအနေဖြင့် တက်ရောက်ခဲ့ကြောင်း လူမင်းကပြောသည်။

ဆရာကြီးဦးသုခသည် မြန်မာ့ရုပ်ရှင်သမိုင်း၏ ပထမဆုံးဒါရိုက်တာဆုရှင်ဖြစ်သည့်အပြင် ဒါရိုက်တာဆု ခြောက်ဆုရရှိခဲ့သည့် အနုပညာရှင်တစ်ဦးဖြစ်ပြီး အနုပညာနယ်ပယ်တွင်သာမက စာပေလောကတွင်လည်း ဘွဲ့ထူး၊ ဂုဏ်ထူးပေါင်းများစွာရရှိခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့ နာရေးကူညီမှုအသင်းကြီးတည်ထောင်ရန် ဆရာကြီးဦးသုခ၏ အကြံဉာဏ်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ဆရာကြီးဦးသုခသည် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။







7 DAY NEWS JOURNAL
Vol.12, No.15 ▪ JUNE 19 , 2013

# မြန်မာနိုင်ငံသည် ကုမ္ပဏီမှတ်ပုံတင်ကြေး အမြင့်ဆုံးနိုင်ငံဟု ကမ္ဘာ့ဘဏ်ထောက်ပြ



ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတစ်ခု ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး၊ ပြည်သိမ်း**
**ရန်ကုန်၊ဇွန် -၁၆**

မြန်မာနိုင်ငံတွင် လုပ်ငန်းမှတ်ပုံတင်ရန် ဝင်ငွေ၏ ၇၀ရာခိုင်နှုန်းခန့်ကုန်ကျနေသဖြင့် ကမ္ဘာပေါ်တွင် မှတ်ပုံတင်ကြေးအမြင့်ဆုံးနိုင်ငံဖြစ်နေကြောင်း ကမ္ဘာ့ဘဏ်က ယခုနှစ်အတွင်း ထုတ်ပြန်ထားသည့် ကြားဖြတ်မဟာဗျူဟာမှတ်တမ်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် တိုင်းပြည်စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) အများစုမှာ တရားမဝင်ဖြစ်နေကြောင်းလည်း ထောက်ပြထားသည်။

"လုပ်ငန်းတွေ တရားဝင်မှတ်ပုံတင်နိုင်အောင် အစိုးရက လုပ်ထုံးလုပ်နည်းတွေကိုလည်း လျှော့ချပေးသင့်တယ်။ အခွင့်အရေးတွေပေးသင့်တယ်။ လုပ်နေတဲ့သူတွေကလည်း မှတ်ပုံတင်ဖို့ကလည်း အရေးကြီးတယ်ဆိုတာကို သိပြီး ကြိုးစားလုပ်ဆောင်သင့်တယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကုမ္ပဏီတစ်ခုအတွက် မှတ်ပုံတင်ကြေးသည် ကျပ် ၁၀သိန်း သတ်မှတ်ထားပြီး ဝန်ဆောင်မှုစရိတ်ကျပ်၁၅,၀၀၀ပေးရကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဇွန် ၁၆ရက်တွင် ပြောကြားသည်။

ကုမ္ပဏီများမှတ်ပုံတင်ခြင်းကို ရန်ကုန်၊ နေပြည်တော် နှစ်နေရာတွင် ဆောင်ရွက်နိုင်ပြီး တစ်နေရာတည်းအပြီး ဝန်ဆောင်မှုပေးကြောင်းသိရသည်။

ကုမ္ပဏီများမှတ်ပုံတင်သက်တမ်းတိုးခြင်းကိုလည်း ယခင်က သုံးနှစ်တစ်ကြိမ်သတ်မှတ်ထားရာမှ စ၍ ငါးနှစ်အထိတိုးမြှင့်ခွင့်ပြုပေးထားကြောင်း သိရသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏ အဓိကကျောရိုးများလည်းဖြစ်ပြီး စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးသော ကဏ္ဍများလည်း ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အရှေ့အာရှပစိဖိတ်ဒေသ ဒုတိယ ဥက္ကဋ္ဌက ပြီးခဲ့သည့် မေ ၃၁ ရက်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပုဂ္ဂလိက လုပ်ငန်းများရှင်သန်ရေးကို အနှောင့်အယှက် ဖြစ်နေသည်မှာ မူဝါဒမပြတ်သားခြင်း၊ ခေတ်မမီတော့သော စည်းကမ်းစည်းမျဉ်းများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ်ပေးမှုနည်းခြင်း၊ အဂတိလိုက်စားမှုများပြားခြင်း၊ အစိုးရပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အားပြိုင်နေခြင်း၊ လုပ်ငန်းမှတ်ပုံတင်ရန်နှင့် စတင်ရန် ငွေအရင်းအနှီး ကြီးမားခြင်းတို့လည်း ပါဝင်ကြောင်းသိရသည်။

"လုပ်ငန်း တရားဝင်ထူထောင်ဖို့ အားနည်းတယ်ဆိုတာ တရားဝင်ပေးရတာအပြင် Under Table ပေးရတာတွေလည်း များတယ်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေလည်း သေချာထားဖို့လိုတာပေါ့။ လုပ်ငန်းအရွယ်အစား ဒါမှမဟုတ် သုံးစွဲမယ့် ငွေပမာဏပေါ်မူတည်ပြီး မှတ်ပုံတင်ကြေးတွေသတ်မှတ်သင့်တယ်" ဟုစီးပွားရေးပညာရှင်တစ်ဦးဖြစ် သော ဦးဇော်ဖေဝင်းက ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇွန်(၁၅)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 560,000 |
| Panasonic(LCD) | 32SC4S | 260,000 |
| Sony (LCD) | 35BX | 265,000 |
| Sony (LED) | 32EX33 | 315,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | RA20F17 | 175,000 |
| Hitachi | 190W | 235,000 |
| Panasonic | NR.BT224 | 235,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP | 240,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၁၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၃၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၈၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၈၅-၂၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၁၅)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၉၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၈,၅၀၀-၉,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၉၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၁၀၀-၃,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃,၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၁၀၀ |

ဇွန်(၁၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun(9) | 814 | 860 | 870 | 890 |
| Jun(10) | 814 | 860 | 870 | 890 |
| Jun(11) | 814 | 860 | 870 | 890 |
| Jun(12) | 814 | 860 | 870 | 890 |
| Jun(13) | 814 | 860 | 870 | 890 |
| Jun(14) | 814 | 860 | 870 | 890 |
| Jun(15) | 814 | 860 | 870 | 890 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 2.3 GHz, 4GB DDR3,500GB HDD,1GB VGA,14" | 474,000 |
| IntelCore i5 2.5GHz,4GB DDR3,750GB HDD,2GB VGA,15.6" | 692,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 128GB SSD, HD, 13" | 1,006,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 500GB HDD, 14" | 787,000 |
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 418,000 |
| Intel Core i5 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 674,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 14" | 750,000 |
| Intel Core i7 2.4 GHz, 6GB DDR3, 750GB HDD, 15.6" | 997,000 |
| **Acer** | |
| Intel Core i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 550,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 635,500 |
| Intel Core i5 1.7 GHz,4GB RAM DDR3,128GB SSD,HD,13.3" | 1,377,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 759,000 |

7 DAY NEWS JOURNAL
Vol.12, No.15 ▪ JUNE 19 , 2013

# "အခမဲ့ကုသပေးတယ်ဆိုတဲ့အခါ တစ်ခါတစ်ရံမှာ လူနာရှင်တွေဘက်က နားလည်မှုလွဲမှားတာတွေလည်းရှိမှာ စိုးရိမ်ပါတယ်"

## –ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထိုက်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ဝတ်ရည်အောင်**

မြန်မာတစ်နိုင်ငံလုံးရှိပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့်ဒေသန္တရကျန်းမာရေး ဆေးခန်းများအားလုံးတွင် လာမည့်နှစ်လခန့်အတွင်း ငါးနှစ်အောက်ကလေးများ အခမဲ့ဆေးကုသနိုင်တော့မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဆေးရုံများသို့ အရေးပေါ်အခြေအနေနှင့် ရောက်ရှိလာသည့် လူနာတိုင်းအား ဆေးဝါးများ အခမဲ့ပေးနိုင်ရန် ဆေးရုံများတွင် ငွေကြေးချထားပေးခဲ့ပြီး ယခုနှစ်ဆေးရုံ၊ ဆေးခန်းတိုင်းတွင် Under Five Clinic များ ဖွင့်လှစ်၍ အခမဲ့ကုသပေးသည့် အစီအစဉ်တစ်ခုကို ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြုလုပ်လိုက်ခြင်းဖြစ်သည်။

ထို့အတွက် ဇွန် ၁၄ ရက်တွင် ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဦးစီးမှူးများပါဝင်သည့် "ဆေးဝါးဝယ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး"ပြုလုပ်ခဲ့ပြီး အစည်းအဝေးတက်ရောက်ခဲ့သည့် ရန်ကုန်ကလေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထိုက်နှင့်တွေ့ဆုံမေးမြန်းထားသည်ကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဆေးဝါးဝယ်ယူဖို့ ဆေးရုံမှာ ဘတ်ဂျက်ဘယ်လောက်ရရှိပါသလဲ။**

ဘတ်ဂျက်ပိုတိုးပြီးရပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲဆိုရင် ကိုးသိန်း၊ တိုက်နယ်ဆေးရုံတွေမှာ ကိုးသိန်း၊ ၁၆ ခုတင်ဆန့်ဆေးရုံတွေမှာ တစ်ခုတင်ကို ၉ သိန်းနဲ့ ၂၅ခုတင်အထက်ဆေးရုံတွေမှာ တစ်ခုတင်ကို ၁၅သိန်းနှုန်းနဲ့ဆေးဝယ်ဖို့သတ်သတ်ကြီးပဲရတယ်။ ရန်ကုန်ဆေးရုံကြီးဆိုရင် သိန်းပေါင်း နှစ်သောင်း နှစ်ထောင့်ငါးရာရပါတယ်။ ကလေးဆေးရုံကြီးဆိုလည်း သိန်းရှစ်ထောင့်နှစ်ရာကျော်ရတယ်။ အခြားဆေးရုံတွေလည်း အများကြီးတိုးရတယ်။ မနှစ်ကထက် ပိုပြီး ဆေးတွေဝယ်ပြီး လူတော်တော်များများကို အခမဲ့ပေးနိုင်မှာပါ။

**ငါးနှစ်အောက်ကလေးအခမဲ့ဆေးကုသမှုကို ဘယ်နေရာတွေမှာ ရရှိနိုင်မှာပါလဲ။**

Under Five Clinic လို့ခေါ်တဲ့ ငါးနှစ်အောက်ကလေး အခမဲ့ဆေးကုသဌာနတွေကို ပြည်သူ့ဆေးရုံကြီးတွေ၊ တိုက်နယ်ပြည်သူ့ဆေးရုံတွေအပြင် အရပ်ထဲမှာလည်း ပြသနိုင်အောင် ဒေသန္တရဆေးခန်းတွေမှာလည်း ရရှိနိုင်မှာပါ။ ဒီလုပ်ငန်းက အရင်ကတည်းက ရှိခဲ့တယ်။ ဒါပေမဲ့ ထောက်ပံ့မှုနည်းတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုတွေ ရပ်ဆိုင်းခဲ့တာပါ။ အခုအဲ ဒါကို ပြန်ပြီးဆောင်ရွက်မှာပါ။

**အဲ့ဒီဆေးခန်းတွေမှာ ကလေးတွေအတွက် ဘယ်လိုကုသမှုမျိုးတွေ ရရှိနိုင်မှာပါလဲ။**

အဲ့ဒီဆေးခန်းတွေမှာဆရာဝန်တွေထားမယ်။ ကလေးတွေမှာဖြစ်ပွားမှုများပြားတဲ့ရောဂါတွေ အတွက် ဆေးဝါးတွေ ထားရှိထားမယ်။ ပြီးတော့ ကလေးတွေမွေးပြီးတာနဲ့ ထိုးတဲ့ကာကွယ်ဆေးက အစဖြည့်တင်းထားမယ်။ ပြီးရင်ကလေးတွေပုံမှန်ကျန်းမာရေးစစ်ဆေးမှုတွေလုပ်နိုင်အောင် စီစဉ်ပေးမယ်။ ရောဂါရှိရင် ရောဂါကုပေးမယ်။ ရောဂါမရှိဘူးဆိုရင် ပေါင်ချိန်တာ၊ အရပ်တိုင်းတာ၊ကြီးထွားမှုစစ်ဆေးတာတွေ အပြင် အာဟာရချို့တဲ့မှုပါစစ်ဆေးပြီး လိုအပ်ရင် အာဟာရဖြည့်တင်းပေးတာတွေပါလုပ်မယ်။ ကလေးရဲ့သေဆုံးမှု ၅၀ ရာခိုင်နှုန်းက အာဟာရချို့တဲ့ခြင်းနှင့် ဆက်စပ်ပြီး သေဆုံးတဲ့အတွက် အဲဒါကို တားဆီးနိုင်ရင် သေဆုံးနှုန်းလည်း ကျဆင်းသွားမယ်။ ကာကွယ်ဆေးတွေပိုပြီး ပေးနိုင်အောင်လည်းလုပ်ထားတဲ့အတွက် ကာကွယ်ဆေးသာ လုံလုံလောက်လောက်ရရင် ရောဂါမဖြစ်တော့ သေဆုံးနှုန်းလည်း ကျသွားမယ်။

**ငါးနှစ်အောက်ကလေးတွေကို အခမဲ့ကုသပေးဖို့ ရွေးချယ်ရတဲ့အကြောင်းကိုလည်း ပြောပါဦး ဆရာ။**

မြန်မာနိုင်ငံကငါးနှစ်အောက်ကလေးသေဆုံးနှုန်းများတဲ့အပေါ် သေနှုန်းလျှော့ချလိုတဲ့ အပြင်ပြည်တွင်းမှာငါးနှစ်အောက်ကလေးတွေ သေဆုံးနှုန်းများတဲ့အတွက် အခြားနိုင်ငံတွေထက်မြန်မာနိုင်ငံကသက်တမ်းပိုတိုတယ်။ ဒါကြောင့်ကလေးတွေ သေဆုံးနှုန်းကို လျှော့ချပြီး မြန်မာနိုင်ငံသားတွေရဲ့ လူ့သက်တမ်းကိုအသက်၇၀လောက်အထိ တင်ချင်ပါတယ်။ အသက်ရှည်တဲ့သူ များများရဖို့က အသက်ငယ်တဲ့သူတွေသေနှုန်းကျအောင် လုပ်ရမယ်။ အသက်ငယ်တဲ့သူတွေထဲမှာလည်း ငါးနှစ်အောက်ကလေးတွေ၊ အဲဒီထဲမှာ တစ်နှစ်အောက်ကလေးတွေ သေဆုံးနှုန်းများတဲ့အတွက်အဲဒီအရွယ်တွေကို အဓိကပစ်မှတ်ထားပြီး သေဆုံးနှုန်းကျအောင်လုပ်မှာဖြစ်ပါတယ်။

**ဆေးဝါးဝယ်ယူဖို့ဒီနှစ်မှာ ငွေကြေးလည်း အမြောက်အမြားချထားပေးတော့ ဆေးရုံတွေမှာ ဘယ်လိုဆေးဝါးမျိုးတွေ အခမဲ့ရနိုင်မှာပါလဲ။**

လိုအပ်ချက်က ဆေးရုံတစ်ရုံနဲ့တစ်ရုံတော့ တူညီနိုင်မှာ မဟုတ်ပါဘူး။ အဓိကကတော့ မနှစ်က ဘာရောဂါတွေ အဖြစ်များပြီး ဘာဆေးတွေပေးမှာလဲ။ ဘယ်လောက်လို အပ်လဲအပေါ်မှာ မူတည်ပြီး ဆေးဝါးဝယ်ယူရမှာပါ။ အဲဒီလိုအပ်ချက်အပေါ် မူတည်ပြီး ဆရာဝန်ကြီးတွေအလိုက် ကိုယ့်အကြိုက်ကိုယ်ပေးနေတဲ့ ဆေးဝါးမျိုးတွေ မဟုတ်ဘဲနဲ့ မရှိမဖြစ်လိုအပ်တဲ့ အခြေခံဆေးဝါးတွေကိုပဲ လုံလုံလောက်လောက် ပေးနိုင်အောင် ဝယ်ဖို့စဉ်းစားထားတယ်။ တစ်နှစ်ပတ်လုံးစာ လူနာအားလုံးအတွက် အခြေခံဆေးဝါးတွေ လေးမျိုးဖြစ်ရင်ဖြစ်မယ်၊ ငါးမျိုးဖြစ်ရင်ဖြစ်မယ်။ လူနာအားလုံးကို အခမဲ့ပေးမှာဖြစ်ပါတယ်။ ပြီးတော့ ဆေးရုံကိုအရေးပေါ်တက်လာတဲ့ လူနာရှင်တွေ စိတ်မဆင်းရဲရအောင် အရေးပေါ်သုံးဆေးဝါးတွေကိုလည်း လုံလုံလောက်လောက် သုံးနိုင်အောင် စီစဉ်ထားတယ်။ ပြီးတော့ ပြင်ပလူနာဌာနမှာ လာပြတဲ့လူနာတိုင်းကို ပြင်ပလူနာမှာသုံးတဲ့ ဆေးအားလုံး အခမဲ့ပေးနိုင်အောင် စီစဉ်ပြီး ဝယ်ထားပေးမယ်။

စာမျက်နှာ (၃၂) သို့

ရွှေပိတောက် အထူးကုဆေးရုံ

Open Daily
AM(8:00)- PM(8:00)
ဆေးရုံခွဲမရှိပါ

အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ် ဆေးဝါးကုသရေးနည်းပညာရပ် (၈) မျိုး

အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်သောရောဂါအမျိုးမျိုး

စအို၊ အူမကြီးအောက်ပိုင်းရောဂါအမျိုးမျိုး

superconducting microwave

CH-2 ultrashort wave

(HPV)

အမျိုးသမီး မီးယပ်ရောဂါအမျိုးမျိုး

PPH



ကုသခကို Discount 50% လျှော့ပေးခြင်း
1.6.2013 to 30.6.2013

Discount 50% (1.6.2013 - 30.6.2013)

အမှတ် ၃၄/၃၅ ၊ ရွှေပိတောက်ရိပ်မွန် ၊ ဘုရင့်နောင်လမ်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Hot Line - 01 515202

# Technology

7 DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013


## ဆက်သွယ်ရေးလိုင်စင်နှစ်နေရာနှင့် သူတို့ပေးသောကတိများ

**နိုင်ချို၊ ဆွေမွန်**

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်နှစ်နေရာ အတွက်ရွေးချယ်ခံရသောနိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီကြီး ၁၁ ခုမှာ ရွေးချယ်ခံရရန် ယှဉ်ပြိုင်နေကြပြီး ၎င်းတို့လုပ်ကိုင်ခွင့်ရရှိပါက လုပ်ကိုင်ပေးမည့်ဝန်ဆောင်မှုများကို မီဒီယာများသို့ အပြိုင်အဆိုင် အသိပေးလျက်ရှိသည်။

Digicel ကုမ္ပဏီက ၎င်းတို့အနေဖြင့် လုပ်ကိုင်ခွင့်လိုင်စင်ရရှိပါက မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်အကုန်တွင် 4G စနစ်ကို အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း Digicel မှ သတင်းထုတ်ပြန်ချက်များတွင် ပါရှိသည်။ ယခုလက်ရှိတွင် Digicel အနေဖြင့် အလုပ်အကိုင် ၈၀၀ ကျော် ဖန်တီးပေးထားပြီးဖြစ်သည်။

နော်ဝေးနိုင်ငံအခြေစိုက် တယ်လီကွန်းကုမ္ပဏီတစ်ခုဖြစ်သည့် Telenor ကုမ္ပဏီက ၎င်းတို့အနေဖြင့် 4G စနစ်အပြင် ဗီဒီယိုအသုံးပြု၍ ဖုန်းပြောနိုင်မှု ထိုင်းနိုင်ငံတွင် လုပ်ကိုင်ခွင့်ရရှိထားပြီး အလားတူဆောင်ရွက်မှုများပြုလုပ်သွားမည်ဟု Telenor မှ သတင်းထုတ်ပြန်သည်။

တောင်အာဖရိကအခြေစိုက် MTN ကုမ္ပဏီကလည်း "တောင်အာဖရိကနဲ့မြန်မာနိုင်ငံက အနေအထားချင်းတူတယ်။ ကျွန်တော်တို့အနေနဲ့ တယ်လီကွန်း အော်ပရေတာအဖြစ် လုပ်ကိုင်ခွင့်ရပြီဆိုရင် အကောင်းဆုံးတွေပဲ လုပ်ဆောင်ပေးမှာပါ"ဟု MTN မှ နိုင်ငံတကာစီးပွားရေးဖွံ့ဖြိုးမှုဌာန အထွေထွေမန်နေဂျာမစ္စတာ Simphiwe Cele က ပြောသည်။

မလေးရှားနိုင်ငံအခြေစိုက် Axiata ဆက်သွယ်ရေးကုမ္ပဏီကလည်း အော်ပရေတာအဖြစ် လုပ်ကိုင်ခွင့်ရရှိပါက ဟန်းဆက်အပါအဝင် ဖုန်းကတ်များကို ငွေကျပ်တစ်သောင်းဝန်းကျင်ဖြင့် ရောင်းချပေးသွားမည်ဟု Axiata Group Berhad ကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ Ms. Simon Perkin က ပြောသည်။

စင်ကာပူနိုင်ငံအခြေစိုက် Singapore Telecommunications Limited (SingTel) ကလည်း မြန်မာနိုင်ငံတွင် အော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိပါက Roaming Service ပါသောဆင်းမ်ကတ်များကိုသာ စတင်ရောင်းချသွားမည်ဖြစ်ပြီး 3G စနစ်ကို စတင်အသုံးပြုကာ သုံးနှစ်အတွင်း မြန်မာနိုင်ငံ လူဦးရေ ၉၅ ရာခိုင်နှုန်း မိုဘိုင်းအသုံးပြုနိုင်ရန်ဆောင်ရွက်သွားမည်ဟု SingTel မှ အမှုဆောင်အရာရှိချုပ် မစ္စတာ Mark Chongက ပြောသည်။

France Telecom Orange ကုမ္ပဏီကလည်း လိုင်စင်ရရှိပါက ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရန် ဒေါ်လာတစ်ဘီလီယံ သုံးစွဲမည်ဖြစ်ပြီး ကာတာနိုင်ငံအခြေစိုက် Tel ကုမ္ပဏီကလည်း မြန်မာနိုင်ငံ၏ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ သုံးစွဲသွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားသားဆက်သွယ်ရေးကုမ္ပဏီ ၁၁ ခုအနေဖြင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်ရရှိရန် အကြိတ်အနယ်ယှဉ်ပြိုင်နေကြပြီး ဇွန်လ ၂၇ ရက်တွင် လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီနှစ်ခုကို ရွေးချယ်ကြေညာမည်ဖြစ်သည်။

ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်နှစ်နေရာစာအတွက် လုပ်ကိုင်ခွင့်ရရှိခဲ့သော ကုမ္ပဏီများမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့်အတိုင်း လိုင်စင်ရရှိသည့်အချိန်မှစ၍ ကိုးလအတွင်း အများပြည်သူများအသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။




*ဆက်သွယ်ရေးလိုင်စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် SingTel မှ တာဝန်ရှိသူတစ်ဦး* ဓာတ်ပုံ- နစ်ကီ

## Apple ကုမ္ပဏီက အရွယ်အစားကြီးသော iPhone များ အရောင်အမျိုးမျိုးဖြင့်ထုတ်လုပ်မည်

**ဆန်ဖရန်စစ္စကို၊ဇွန် ၁၆**

လာမည့်နှစ်အတွက်ယခင်ထက်ပိုကြီးသော iPhone များကို ဈေးနှုန်းချိုသာသည့် မော်ဒယ်များ အဖြစ် အရောင်အမျိုးမျိုးဖြင့် Apple ကုမ္ပဏီက ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယင်းကိစ္စများနှင့်ရင်းနှီးကျွမ်းဝင်သူလေးဦးက ပြောသည်။

ပြိုင်ဘက် Samsung ကုမ္ပဏီက စမတ်ဖုန်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်မှုမြင့်မားလာသောကြောင့် Apple ကုမ္ပဏီက ယင်းကဲ့သို့ထုတ်လုပ်ရန် ဆွေးနွေးနေခြင်းဖြစ်သည်။ Apple ကုမ္ပဏီကလာမည့်နှစ်အတွင်း ၄ ဒသမ ၇ အရွယ်အစားမျက်နှာပြင် iPhone နှင့် ၅ ဒသမ ၇ မျက်နှာပြင် အကျယ်ရှိ iPhone အနည်းဆုံး နှစ်မျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောသည်။

Apple ကုမ္ပဏီ ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဗ် ကွယ်လွန်ချိန်မှစ၍ ဆန်းသစ်တီထွင်မှုများ နှေးကွေးသွားခဲ့ကြောင်း ဝေဖန်သူများကပြောသည်။ Samsung ကုမ္ပဏီ၏ Galaxy S4 နှင့် Galaxy Note2တို့မှာ မျက်နှာပြင်အကျယ် ၅လက်မနှင့် ၅ဒသမ၅လက်မအသီးသီးရှိပြီး Apple ကုမ္ပဏီ၏ iPhone5မှာမူ မိုဘိုင်းဈေးကွက်အတွင်း အရောင်းရဆုံးစမတ်ဖုန်းများကြားမျက်နှာပြင်ပိုမိုသေးငယ်သည်။ Apple ကုမ္ပဏီက အမြဲထုတ်လုပ်နေကျဖြစ်သည့် အဖြူနှင့်အမည်းနှစ်ရောင်အစား အရောင်ငါးရောင်နှင့် ခြောက်ရောင်အထိဈေးပိုသက်သာသောပလတ်စတစ်ကိုယ်ထည်ပုံစံအသစ်အနည်းဆုံးနှစ်မျိုးယခုနှစ်အတွက် ထုတ်လုပ်သွားမည်ဟုမျှော်လင့်ရသည်။ ယင်းဖုန်းများတွင် လုံခြုံရေးလက်ဗွေရာ နည်းပညာအသစ်ပါရှိမည်ဖြစ်ပြီး iPhone 5s ဟု ရည်ညွှန်းထားသည်။

ဈေးနှုန်းပိုသက်သာသည့် iPhone မော်ဒယ်အသစ်များစမ်းသပ်ထုတ်လုပ်မှုကိုဇူလိုင်လတွင်စတင်မည်ဖြစ်ပြီး စက်တင်ဘာလအမီ ရောင်းချရန် အများအပြားထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာလကုန် ဒီဇင်ဘာပထမပတ်ခန့်တွင် နိုင်ငံတကာဈေးကွက်သို့တင်ပို့ရောင်းချမည်ဟု မျှော်လင့်ရကြောင်း အာရှသတင်းရင်းမြစ်တစ်ခုက ပြောသည်။ အလူမီနီယမ် iPhone 5s နှင့် ပလတ်စတစ် iPhone များအတွက် ကိုယ်ထည်များကို ဂျပန်နိုင်ငံရှိ Sharp ကုမ္ပဏီနှင့် တောင်ကိုရီးယားနိုင်ငံရှိLG ကုမ္ပဏီတို့ကထုတ်လုပ်ပေးမည် ဖြစ်သည်။

—Ref: UN










# မိုဘိုင်းဖုန်းဝန်ဆောင်မှုအတွက်မြန်မာနိုင်ငံကပြိုင်ပွဲ

မြန်မာနိုင်ငံတွင် စမတ်ဖုန်းများအတွက် Apps သည် အသစ်အဆန်းဖြစ်နေသေးသည်။ ယခင်စစ်အုပ်ချုပ်မှုအောက်တွင် တင်းကျပ်လှသော သတင်းနှင့်အချက်အလက်ထိန်းချုပ်မှုသမိုင်းကြောင်းကြောင့်လူ၁၀ဦးတွင်တစ်ဦးလျော့လျော့ကသာ ဆဲလ်ဖုန်းကိုပိုင်ဆိုင်ကြသည်။

သို့သော် ဤသို့သော အခြေအနေမှာသိပ်ကြာတော့မည်မဟုတ်ဟု Bagan Innovation Technology ၏ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်လင်းဟန်က ဆိုသည်။ ၎င်းတို့က မြန်မာဘာသာ၊သတင်းစာနှင့် အခြားကုမ္ပဏီများအတွက် အသုံးပြုရန်ပုံစံများကိုရေးဆွဲနေသည်။

ပြီးခဲ့သည့်နှစ်က မန္တလေး အသွားကားပျက်ပြီး အနီးကရွာကို အကူအညီတောင်းရန်ရောက်သွားချိန်တွင် လူအများအပြား ဆဲလ်ဖုန်းရှိနေသည်ကို အံ့သြစွာတွေ့ရသည်ဟု ၎င်းကဆိုသည်။

"အခြေအနေတွေပြောင်းလဲနေတယ်ဆိုတာ ကျွန်တော် သတိထားလိုက်မိတယ်"ဟု ပြောသည်။

ပြီးခဲ့သည့်နှစ်အနည်းငယ်အထိ ကြိုးမဲ့အင်တာနက်ရရန် ဒေါ်လာထောင်နှင့်ချီ၍ ကုန်ကျခဲ့သည်။အစိုးရကိုသာ အင်တာနက်လိုင်းပေးနိုင်ခဲ့သည်။ ဆက်သွယ်ရေးလိုင်းများကို ချုပ်ကိုင်ထားသည့်နည်းဖြင့် စစ်အစိုးရက ပြည်သူများ၏လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ခဲ့ပြီးတစ်ဖက်မှာလည်းငွေမြက်မြက်ဝင်ပြီး စီးပွားဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်ကစပြီး ပြောင်းလဲမှုများတွင် အစိုးရက မိုဘိုင်းဆက်သွယ်မှုကို ဈေးသက်သက်သာသာဖြစ်အောင် လျှော့ချခဲ့သလို ဆက်သွယ်ရေးဈေးကွက်ကိုဖွင့်ပေးခဲ့သည်။ လာမည့် ဇွန် ၂၇ ရက်တွင် လေလံချပေးမည့်မိုဘိုင်းဆက်သွယ်ရေးလိုင်စင် အတွက် နိုင်ငံတကာကုမ္ပဏီ တစ်ဒါဇင်နီးပါးဝင်ပြိုင်ကြသည်။

မြောက်ကိုရီးယားကလွဲလျှင် မိုဘိုင်းဖုန်းဝင်ရောက်မှု အနည်းဆုံးကျန်နေတဲ့နိုင်ငံပဲပဲဟု Digicel ပိုင်ရှင် အိုင်ယာလန်ဘီလီယံနာ ဒဲနစ်အိုဘရိုင်ယန်ကပြောသည်။ သူဌေးကြီး ဂျော့ချ်ဆိုးရော့စ်၏ ငွေကြေးထောက်ပံ့မှုဖြင့် ၎င်းက မြန်မာနိုင်ငံ မိုဘိုင်းလိုင်စင်လေလံဝင်ပြိုင်နေသည်။

မြန်မာနိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှုက သာမန်လူထု၏ စီးပွားရေးကိုမြှင့်တင်ပေးနိုင်မလား၊ နိုင်ငံခြားကုမ္ပဏီများက နိုင်ငံရေး၊ စီးပွားရေးပြောင်းလဲမှုတွင် မသေချာမရေရာဖြစ်နေသော ခက်ခက်ခဲခဲဖြစ်နေသော နိုင်ငံတွင်း ငွေမြှုပ်နှံရန် အသင့်ဖြစ်နေပြီလဲ။ ထိုအချက်များအတွက် ဤလေလံက အရေးကြီးသောစမ်းသပ်မှုဖြစ်နေသည်။

"လာမယ့် သုံးလက အတော့်ကိုအရေးကြီးမှာပါ"ဟု နိုင်ငံတကာကုမ္ပဏီများအတွက် လုပ်ကိုင်နေသော ရန်ကုန်ရှေ့နေ Edwin Vanderbruggen ကဆိုပါသည်။

မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရသော ကိန်းဂဏန်းရရန် မလွယ်ပါ။ အင်တာနက်မည်မျှသုံးသည်၊ လူဦးရေမည်မျှရှိသည် စသည်တို့ကိုပင် သိရန်မလွယ်ပါ။ သို့သော် ကျွမ်းကျင်သူအများစုက သန်း ၆၀ သောလူထု၏ ၉ ရာခိုင်နှုန်းသာသာကသာ မိုဘိုင်းဖုန်းရှိကြပြီး အများအားဖြင့်လည်း ရန်ကုန်နှင့်မန္တလေးကဲ့သို့သော နေရာများတွင်ဖြစ်သည်။

အစိုးရက ၂၀၁၆ ခုနှစ်တွင်မိုဘိုင်းသုံးစွဲမှုကို ၇၅ ရာခိုင်နှုန်း အထိ တိုးမြှင့်လိုကြောင်းပြောသည်။ မက်ကင်ဆေးဝန်ဆောင်မှုအဖွဲ့၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်း၌ ဒေါ်လာ သန်းငါးသောင်း (၅၀ ဘီလီယံ)ရင်းနှီးရန်လိုအပ်သည်။ ၎င်းတို့အထဲတွင် လက်ရှိ၌လိုအပ်နေသော ကြိုးမဲ့မျှော်စင်၊ ဖိုက်ဘာကြိုးနှင့်သွယ်တန်းမှုများတွင်လည်း ရင်းနှီးရပေမည်။ လူအနည်းငယ်မျှသာ လိုင်းဖုန်းရှိကြသည်ဖြစ်ရာ လူများစုသည် ဆဲလ်ဖုန်းကိုပိုင်ဆိုင်ကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အင်တာနက်ကို ဆက်သွယ်ကြမည်ဖြစ်သည်။ တိုးတက်မှုအတွင်း အဆိပ်အတောက်ဖြစ်မှုများလည်း ပါဝင်လာသည်။ လတ်တလော(လူမျိုးရေးဘာသာရေး)မုန်းတီးမှုပြောဆိုချက်များ လူမှုကွန်ရက်များမှတစ်ဆင့် ပျံ့နှံ့ခဲ့သည်ကို တွေ့ရသည်။

ဆဲလ်ဖုန်းကိုတွေ့ရန် မခက်ခဲပါ။ ရန်ကုန်မြို့တစ်လျှောက်ဆိုင်များတွင် ပုံစံအမျိုးမျိုးကိုတွေ့နိုင်သည်။ အစစ်လည်းပါသလို အိမ်နီးချင်းတရုတ်နိုင်ငံမှလာသည့်အတုများလည်းရှိသည်။ အစိုးရက တစ်ဦးတည်းချုပ်ကိုင်ထားခဲ့သည့် ပြီးခဲ့သည့်နှစ် အနည်းငယ်ကပင် မိုဘိုင်းဖုန်းလိုင်းသည် ဒေါ်လာ ၂၅၀၀ နှင့်အထက်ရှိခဲ့သည်။ ယခုနှစ်ဆန်းပိုင်းအထိပင်လျှင် ဒေါ်လာ ၂၅၀ ရှိခဲ့သေးသည်။ လူအများလက်လှမ်းမမီနိုင်ပါ။

ပြီးခဲ့သည့်ဧပြီလက ဦးသိန်းစိန်အစိုးရက ဆင်းမ်ကတ်များကို ကျပ် ၁၅၀၀ (ဒေါ်လာ ၁ဒသမ ၆၀ ခန့်)ဖြင့် စရောင်းပေးခဲ့သည်။ သို့သော် အကန့်အသတ်နှင့်သာ ရောင်းသဖြင့် ဆင်းမ်ကတ်ဝယ်ရေးမှာလူအများအတွက် ထီထိုးရသကဲ့သို့ဖြစ်ခဲ့ရသည်။ မှောင်ခိုဈေးတွင် ဒေါ်လာ ၉၀ ဖြင့် ပြန်ရောင်းသည်လည်းရှိသည်။

ထိုအချိန်တွင် နိုင်ငံခြားကုမ္ပဏီများ လိုင်စင်သာရခဲ့လျှင် အလှူဒါနပရဟိတလုပ်ငန်းများကို လုပ်ဆောင်မည်ဆိုသော ကတိကဝတ်များဖြင့် ပြည်တွင်းမီဒီယာများကို ချဉ်းကပ်ကြေညာလာခဲ့ကြသည်။ ထိုအထဲကပင်လျှင် ဗြိတိန်အခြေစိုက် Vodafone နှင့် တရုတ်မိုဘိုင်းကုမ္ပဏီနှစ်ခုက မေလကုန်ပိုင်းတွင် နုတ်ထွက်သွားခဲ့ကြသည်။ အစိုးရသတ်မှတ်ပေးသော အနေအထားက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဘောင်မဝင်ဟုဆိုသည်။

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကပြီးခဲ့သည့်လက နိုင်ငံခြားကြိုးမဲ့လိုင်းကုမ္ပဏီများကို သတိပေးခဲ့သည်။ မြန်မာနိုင်ငံတွင် တရားမဝင်စောင့်ကြည့်မှုများ၊ ဆင်ဆာဖြတ်တောက်မှုများနှင့် အခြားဖိနှိပ်မှုများ၏ အန္တရာယ်ရှိနေသည်ဟုဆိုသည်။ ထို့အပြင် ကြိုးမဲ့တာဝါ မျှော်စင်များ၊ မြေအောက်ကြိုးများမြှုပ်ရန် စသည်တို့အတွက် အစိုးရက ပြည်သူလူထု၏ အခွင့်အရေးများကိုဖောက်ဖျက်နိုင်ဖွယ်ရှိသည်ဟုလည်းဆိုသည်။

အစိုးရ၏ဆက်သွယ်ရေးရွေးချယ်သည့်ကော်မတီကမူ လေလံအားလုံးကို ပွင့်လင်းမြင်သာမှုရှိရှိနှင့် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာမည်ဖြစ်ကြောင်းပြီးခဲ့သည့်လက ကတိပြုပြောဆိုသည်။

'လူများသန်းနှင့်ချီပြီး မိုဘိုင်းဖုန်းရသွားပြီဆိုရင် အင်တာနက်တန်ဖိုး၊ မီဒီယာတန်ဖိုးကို ခင်ဗျားလည်း သိလောက်ပါပြီ'

(The Washington Post သတင်းစာပါဆောင်းပါးရှင် Joseph J. Schatz ၏ In Burma, a race to provide mobile phone service ကို ခင်မေဇော် ဘာသာပြန်ဆိုသည်။)




# “မြန်မာပြည်ပြန်ဖို့ ကျွန်တော့်စိတ်တွေလွှန်ဆွဲနေတယ်”



မလေးရှားရောက် မြန်မာလုပ်သား ကိုမြတ်ကျော်

အောင်သူရ

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်နေထိုင်သော အသက် ၂၂နှစ်အရွယ်ကိုမြတ်ကျော်သည် မလေးရှားနိုင်ငံBalakang အရပ်ရှိCannon မိတ္တူစက်ထုတ်လုပ်သည့်စက်ရုံတွင် အလုပ်လုပ်နေသည်။ ကိုမြတ်ကျော်သည် မလေးရှား နိုင်ငံသို့လွှန်ခဲ့သည့် ငါးလခန့်က ပွဲစားများမှတစ်ဆင့် တရားမဝင် လမ်းကြောင်းဖြင့် လာရောက်ခဲ့ ခြင်းဖြစ်ပြီး လက်ရှိ မြန်မာလုပ်သားများ ကြုံတွေ့နေရသော အခက်အခဲများကို 7Day News က မလေးရှားနိုင်ငံတွင် တွေ့ဆုံစဉ် မေးမြန်းခဲ့ပါသည်။

**လက်ရှိမလေးရှားနိုင်ငံမှာ အလုပ်လုပ်ဖို့ နေထိုင်နေကြတဲ့လူတွေရဲ့ အခြေအနေက ဘယ်လိုရှိလဲ။**

ပါမစ်ရှိတဲ့လူကတော့ နည်းနည်းတော်တယ်။ မရှိတဲ့ အိုဗာစတေး(တရားမဝင်နေထိုင်နေသူ)တွေကျတော့ အမြဲတမ်းသတိထားနေရတယ်။ နားစွင့်နေရတယ်။ အခုပိုဆိုးတာက သတ်တဲ့ဖြတ်တဲ့ကိစ္စဖြစ်တော့ အော်ပရာစီထိဝင်တယ်။ အော်ပရာစီရန်ကိုလည်း ကြောက်ရတယ်။ လိုက်သတ်နေတဲ့လူတွေရဲ့ရန်လည်းကြောက်ရတယ်။ မလွယ်ပါဘူး။

**အခုလိုမျိုးအခြေအနေတွေဖြစ်နေတော့ ဘာဆက်လုပ်ဖို့စဉ်းစားထားလဲ။**

အိမ်ကလည်း ဖုန်းတွေခဏခဏဆက်တယ်။ မြန်မာနိုင်ငံကနေ သတင်းတွေကြည့်ပြီးတော့ စိတ်ပူနေတယ်။ မြန်မာနိုင်ငံမှာ မရှိရှိတာနဲ့ လုပ်ကိုင်စားသောက်လို့ရတယ်၊ ပြန်သာပြန်ခဲ့၊ မင်းကိုလုပ်ကျွေးနိုင်တယ်၊ အကြွေးတွေကိုလည်းငါတို့လုပ်ဆပ်ပေးမယ်၊ ကောင်းကောင်းမွန်မွန်ပြန်ရောက်ဖို့ပဲလိုတယ်လို့ပြောတယ်။ ကျွန်တော်လည်း လွှန်ဆွဲနေတာပေါ့။ မြန်မာပြည် ပြန်ဖို့ဆိုတာက ဒီမှာရတဲ့ဝင်ငွေလောက်မရနိုင်ဘူး။ အိမ်က မိဘကလည်း စိတ်ပူနေတယ်ဆိုတော့ ပြန်လည်းပြန်ချင်တယ်။

**အဓိကပြန်ချင်ရတဲ့အကြောင်းက ဘာလဲ။**

အိမ်ကနေ အလုပ်ကိုသွားတာတောင်မှ လမ်းမှာလူအုပ်စုနဲ့တွေ့ရင် လန့်နေရတယ်။ လူလေးငါးယောက်လောက် အုပ်စုလိုက်တွေ့တာနဲ့ ဝေးဝေးကရှောင်ရတယ်။ ရန်သူဆိုတာ မမြင်ရဘူး။ သတ်နေတယ် ဆိုတာကလည်း တစ်နေရာတည်းမှာမှမဟုတ်တာ။ ဖြစ်ချင်သလိုဖြစ်နေတာ။ အဲဒီတွက် အမြဲသတိထားနေရတယ်။ အရင်တုန်းကတော့ ရဲရန်နဲ့ အော်ပရာစီရန်လောက်ပဲ ကြောက်ရတာ။

အခုက သတ်တာဖြတ်တာတွေများလာတော့ ကိုယ့်ဘာသာကိုယ် လုံလုံခြုံခြုံနေရတော့တယ်။ အပြင်ထွက်ဖို့တောင် အခြေအနေကမပေးတော့ဘူး။ ၂၄ နာရီလုံး သတ်နေတယ်ဆိုတဲ့သတင်းတွေကြားနေရတယ်။ ကျွန်တော့်သူငယ်ချင်းတွေလည်း အသတ်ခံရတယ်။

**အဲဒီလိုမျိုးဖြစ်နေတော့ အလုပ်ရှင်တွေကရော ဘာလုပ်ပေးလဲ။**

အလုပ်ရှင်တွေကတော့ ပေါ့ပေါ့တန်တန်ပဲ။ ဘာမှမလုပ်ပေးဘူး။ မလုပ်ချင်ရင်ထွက်သွား၊ နောက်တစ်ယောက်ထပ်ခန့်လိုက်မယ်ဆိုတဲ့ပုံစံမျိုးပဲ။

**ဒီလိုအခြေအနေမျိုးမှာ မြန်မာပြည်ပြန်ဖို့အတွက် ဘာတွေက အခက်အခဲဖြစ်နေတာလဲ။**

ပြန်ဖို့ဆန္ဒက အများကြီးရှိပါတယ်။ သံရုံးမှာလုပ်ဖို့ဆိုတာကကလည်းမလွယ်ဘူး။ ကိုယ်က အိုဗာစတေးတစ်ယောက်၊ မြို့ထဲသွားလို့အော်ပရာစီဝင်တာနဲ့တွေ့ရင် ဒုက္ခရောက်ပြီ။ ပြန်ဖို့အခွင့်အရေးရရင်တော့ ပြန်ချင်တယ်။ ကြွေးကတော့မကျေသေးဘူး။ပြန်ဖို့ကလည်းခက်နေတဲ့အတွက်ဒွိဟဖြစ်နေတယ်။

**အခုမလေးရှားမှာရှိတဲ့ မြန်မာသံရုံးက တရားမဝင်နေထိုင်သူတွေ အတွက် အထောက်အထားတွေ လုပ်ပေးနေတယ်ဆိုတော့ အဲဒီအစီအစဉ်နဲ့ပြန်ဖို့ မလုပ်ဘူးလား။**

ပွင့်ပွင့်လင်းလင်းပြောရရင် ပြောသလောက်လွယ်မယ်ဆိုရင် အခုလောက်ဆို မြန်မာပြည် တောင်ရောက်နေပြီ။ သူတို့ပြောသလောက် လွယ်မှမလွယ်တာ။ အဆင့်ဆင့်တွေတောင်းတဲ့ပိုက်ဆံတွေကရှိတယ်။ ဘာကြေး ညာကြေးတွေကအများကြီးရှိတယ်။သံရုံးက ညစ်တာတွေလည်းရှိတယ်။


ကျွန်တော့်သူငယ်ချင်းတွေပြောတာလေယာဉ်လက်မှတ်တစ်ဝက်ဈေးလျှော့ပေးထားတာတောင် ပြန်ဖို့ကအနည်းဆုံး ရင်းဂစ် နှစ်ထောင်နီးပါး (ကျပ်ခြောက်သိန်း) ကုန်တယ်။ ဘယ်လိုလုပ် တတ်နိုင်မှာလဲ။

**မလေးကို ဘယ်လိုပုံစံနဲ့ အလုပ်လာလုပ်တာလဲ။ လေယာဉ်နဲ့လား၊ အောက်လမ်းကလား။**

အောက်လမ်းကလာတာ။ ကော့သောင်းဘက်ကလာတာ။ အေးဂျင့်က ရန်ကုန်အောင်မင်္ဂလာဂိတ်မှာကြိုပြီးတော့ အဲဒီကနေ ထားဝယ်ကို တစ်ညအိပ်သွားရတယ်။

**စာမျက်နှာ(၃၂)သို့**

**အမျိုးသမီးဘာသာရပ်ဆိုင်ရာရောဂါများသည်ကိုယ်ဝန်မဆောင်နိုင်ခြင်းနှင့်သားအိမ်ခေါင်းကင်ဆာကို လွယ်ကူစွာဖြစ်ပွားလာစေသည်။အမျိုးသမီးများအချိန်တစ်ခုကိုသတ်မှတ်၍ပုံမှန်ရောဂါများကိုစစ်ဆေးသင့်သည်။**




ဤလိုအမျိုးသမီးအထူးကုဘာသာရပ်မှာဦးဆွာအမေရိကန်နိုင်ငံမှနောက်ဆုံးပေါ်သားအိမ်လမ်းကြောင်း ကြည့်မှန်ပြောင်း၊ လျှပ်စစ်ဖြင့်မိန်းမကိုယ်လမ်းကြောင်းကြည့်မှန်ပြောင်း၊ သားဆက်မြှုကုသရေးကိရိယာ၊ သားဥပြွန်ဆက်သွယ်ရေးကိရိယာ၊ သားအိမ်လည်တံကုသရေးကိရိယာ၊ ဆီးခုံကုသရေးကိရိယာ၊ အမေရိကန် Leep ခွဲစိတ်ကုနည်းပညာအသစ်စသည်တို့ကို ခေတ်မီသောပစ္စည်းကိရိယာများကိုဦးစားပေးတင်သွင်း၍ အမျိုးသမီးဘာသာရပ်ဆိုင်ရာရောဂါများကိုကုသခြင်း နည်းပညာဖြင့် ခေတ်သစ်သို့ဦးဆောင်ပေးသည်။



**ပိုလိုဆေးခန်းသည် (၅) မျိုးသောအမျိုးသမီးရောဂါကိုကုသသောဌာနဖြစ်ပါသည်။**

**အောက်ပါအမျိုးသမီးရောဂါအမျိုးမျိုးကို အထူးကုပေးလျက်ရှိပါသည်။**



**POLO ဆေးခန်း**

Hot Line - 09 421168222 , 09 421168000

အမှတ်(၁၂၉/၁၃၁) ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ဘွဲ့ရအလုပ်မရှိတွေအတွက် နေရာ

ဂျေလှသင်

**တစ်** ခါတလေလောကကြီးဟာ စိတ်ကူးယဉ်ထားတဲ့ စာရင်းထဲမှာတောင် မရှိတဲ့ ကိစ္စတွေဖြစ်တတ်တယ်။ ကောင်းတာတွေရှိသလိုဆိုးတာတွေလည်း ရှိရဲ့။ ကျွန်မတို့က လွတ်လပ်စွာ စိတ်ကူးယဉ်ခွင့်မရတာကြာခဲ့ပေါ့။ ကျွန်မတို့ အတွေးတွေစိတ်ကူးတွေကဘောင်ခတ်ထားတဲ့ အထဲမှာပဲရှိခဲ့တယ်။ဘောင်ကျော်ပြီးတွေးမိရင်လည်း အပိုပဲလေ။တကယ်မှဖြစ်မလာဘဲ။ အဲဒီတော့ ဘောင်ခတ်ထားတဲ့ အထဲကပဲတွေးခွင့်ရခဲ့တာဘာဆန်းလဲ။ အဲဒီအတွေးတွေထဲမှာ "ကမ္ဘာ့စီးပွားရေးဖိုရမ်" ဆိုတာကြီး မပါဘူး။

တစ်ခါမှလည်း မကြားဖူးဘူး။ အဲဒါကြီးက ဘာကောင်းလဲ။ မကောင်းလဲဆိုတာလည်း မသိဘူး။ ကျွန်မသာမသိတာ။ ကမ္ဘာပေါ်မှာ အဲဒီဖိုရမ်ကြီး ကျင်းပလာတာ(၂၂) ကြိမ်တောင် ရှိပြီတဲ့။ အေးလေ မျက်စိပိတ်၊ ပါးစပ်ပိတ်၊ နားပိတ်၊ တံခါးပိတ်ဝါဒကြီး ကျင့်သုံးလာတာရာစုနှစ်ဝက်နီးပါးဆိုတော့ ဒီဖိုရမ်ကြီးကိုမသိတာ မဆန်းပါဘူး။ ကမ္ဘာကြီးကလည်း မြန်မာကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင် သဘောထားခဲ့တာ မဟုတ်လေတော့ မသိဘူးပေါ့။

'ကမ္ဘာ့စီးပွားရေး' ဆိုတာကတော့ ဟုတ်ပါပြီ။ 'ဖိုရမ်' ကို ဘာမှန်းမသိ။ အဲဒါနဲ့အိမ်မှာ ရှိစုမဲ့စု အင်္ဂလိပ် Dictionary တွေ လှန်လှောကြည့်တော့မှ Forum (ဖိုရမ်) ဆိုတာ စင်မြင့်၊ ဟစ်တိုင်၊ အများပြည်သူ မည်သူမဆို ဟောပြောဆွေးနွေးနိုင်သည့်နေရာ၊ ရုံးထိုင်ရာအရပ်ဆိုတဲ့အဓိပ္ပာယ်တွေတွေ့လိုက်ရတယ်။ အဲဒီတော့ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆိုတာ ကမ္ဘာပေါ်မှာ ရှိကြတဲ့ အများပြည်သူ မည်သူမဆို ကိုယ့်နိုင်ငံရဲ့ စီးပွားရေး အကြောင်းကို ဆွေးနွေးနိုင်တဲ့ စင်မြင့်၊ စီးပွားရေးနဲ့ ဆက်နွယ်သမျှအရာတွေအတွက် ကြွေးကြော်နိုင်တဲ့ဟစ်တိုင်၊ဆွေးနွေးသမျှ ကြွေးကြော်သမျှ အကြောင်းအရာမှန်သမျှကို မှတ်တမ်းတင်ထားမယ့် ရုံးထိုင်တဲ့ အရပ်လို့ ထော့ကျိုးအင်္ဂလိပ်စာနဲ့ ဘာသာပြန်လိုက်ပါတယ်။

အဲဒီဖိုရမ်ကြီး ကျင်းပခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ အခုကျင်းပခဲ့တဲ့၊ မြန်မာနိုင်ငံ နေပြည်တော်မှာ ကျင်းပခဲ့တဲ့(၂၂)ကြိမ်မြောက်ပွဲဟာ တက်ရောက်ခဲ့သူ အများဆုံးလို့ သိရပါတယ်။ဇွန်လ ၇ ရက်နဲ့ ၈ ရက် နှစ်ရက်ကျင်းပခဲ့တာဖြစ်ပြီး နိုင်ငံပေါင်း ၅၀ ကျော်က ဧည့်သည်တစ်ထောင်ကျော် တက်ရောက်ခဲ့တယ်ဆိုတော့ ပျမ်းမျှတစ်နိုင်ငံကို အယောက်နှစ်ဆယ် နှုန်းပေါ့။ မြန်မာနိုင်ငံ မြန်မာ့စီးပွားရေးကို ကမ္ဘာကြီးကအတော်လေးစိတ်ဝင်တစားရှိခဲ့တာပဲ။

မြန်မာဟာ ကမ္ဘာအတွက် မတို့ထိရသေးသော အပျိုစင်လေးတဲ့ ။ အာရှ၏ အလားအလာကောင်းသော ဈေးကွက်သစ်တဲ့။ ကမ္ဘာပေါ်မှာ ဒီလိုဈေးကွက်မျိုး ဘယ်မှာမှမရှိတော့ဘူးတဲ့။ စုံလို့စုံလို့။ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံဖို့ စိုင်းပြင်းနေကြသူများရဲ့ မြန်မာအပေါ်မြင်တဲ့အမြင်။ ဒါပေမဲ့ လာကြည့်ကြသူတွေများသလို တွေဝေစိတ်ပျက်မှုတွေ၊ ဖြစ်ပါ့မလားဆိုတဲ့ ချင့်ချိန်တွက်ဆမှုတွေနဲ့ပြန်သွားသူတွေလည်း မနည်းပါဘူး။

အရှေ့အာရှရဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးနောက်ဆုံးနေ့မှာ နိုင်ငံတော်သမ္မတကြီးနဲ့ ဖိလစ်ပိုင်သမ္မတ အကွီနိုရဲ့ အထူးစကားပြောအစီအစဉ်ပါပါတယ်။ သမ္မတကြီးက ဒီဖိုရမ်ကြီးကို မြန်မာနိုင်ငံမှာ လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာ အနှစ် ၂၀ ကျော် အထီးကျန်ဖြစ်ခဲ့ရတဲ့မြန်မာကို ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ဆံ့လာတဲ့ အနေအထားပါလို့ ပြောသွားခဲ့ပါတယ်။ ဝိုင်းကြဉ်ထားပြီးမှ ဖက်လဲတကင်း ဆက်ဆံခံရတာကိုဝမ်းသာအားရဖြစ်တယ် ထင်ပါရဲ့။

သမ္မတကြီးက ပြောသေးတယ်။ "မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှိနေချိန်မှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်ရင် ပြည်သူလူထုအတွက် ခံစားခွင့်တွေ နေ့ချင်းညချင်း ရရှိလာမယ်လို့ မျှော်လင့်ပါတယ်" တဲ့ တိုင်းသူပြည်သားတွေကို ဆင်းရဲတွင်းက နေ့ချင်းညချင်း လွတ်မြောက်စေချင်တဲ့ သမ္မတတစ်ဦးရဲ့ ရင်တွင်းစကားကြားရတာ မင်္ဂလာရှိလိုက်တာ။ ဒါပေမဲ့ သမ္မတကြီးရဲ့ မျှော်လင့်ချက်တွေအတွက် အချိန်တွေ အများကြီး ပေးရပါလိမ့်ဦးမယ်။

ရင်းနှီးမြှုပ်နှံသူများရဲ့ နည်းပညာဆိုလို့ အထည်ချုပ်စက်ရုံတစ်ခုရဲ့ အတွင်းမြင်ကွင်းကို မျက်စိထဲ ပြန်မြင်လာပါတယ်။ ရင်းနှီးမြှုပ်နှံသူက ဟောင်ကောင်သူဌေး၊ ဈေးကွက်က ဥရောပ၊ အထည်ဖြစ်အောင်ချုပ်မယ့် စက်တွေ၊ ချည်လုံးတွေ၊ Supervisor တွေက တရုတ်ပြည်က၊ ပိတ်စက ဟောင်ကောင်က၊ မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာ အပေါဆုံးလုပ်သား၊ ရင်းနှီးမြှုပ်နှံမှုမှာက လက်ခစားစနစ် CMP (Cutting, Making, Packing)၊

အထည်ဖြတ်မယ့်ခဲစက်တွေ၊ အပ်ချုပ်စက်တွေ၊ ကြယ်သီးတပ်စက်တွေ၊ ရေနွေးငွေ့သုံး မီးပူတွေ၊ အဝတ်လျှော်စက်ကြီးတွေ၊ ပါကင်ပိတ်မယ့် စက်တွေအားလုံး နိုင်ငံခြားက သွင်းလာတယ်။ မြန်မာနိုင်ငံသား အလုပ်သမားတွေကို အဲဒီစက်တွေသုံးတတ်အောင်သင်တန်းပေးတယ်။ သီးခြားစီသင်ပေးတယ်။

အလုပ်သမားအားလုံး စက်အားလုံးကို မကိုင်တတ်။ အထည်ဖြတ်တဲ့သူက မီးပူမတိုက်တတ်။ မီးပူတိုက်တဲ့သူက အဝတ်လျှော်စက်မကိုင်တတ်။ အဝတ်လျှော်တဲ့သူက အထည်မဖြတ်တတ် အဲဒီလိုသင်ထားတာ။

အကျႌချုပ်တဲ့သူ ကြည့်ဦးမလား။ ကော်လံချုပ်တဲ့သူက လက်မတွဲတတ်၊ လက်တွဲတဲ့သူက လျှာမချုပ်တတ်၊ ကိုယ်ထည်တွဲတဲ့သူက ကြယ်သီးမတပ်တတ်၊ ကြယ်သီးတပ်တဲ့သူက ကော်လံမတွဲတတ်။ အဲဒီလို စက်ချုပ်သမတစ်ယောက်ကို အကျႌတစ်ထည်လုံး ချုပ်တတ်အောင် မသင်ဘူး။ စက်ကြောင်းဖြောင့်အောင် မော်တာနင်းချုပ်နိုင်ရင် ရပြီ။ တစ်ထည်လုံးတတ်စရာမလို၊တတ်သွားမှာစိုးလို့လည်း စက်တန်းတွေကို အကူးအသန်းမရှိရအောင် ကြီးကြပ်သူတွေက ကြပ်မတ်ထားတယ်။ စက်ချုပ်သမတွေကလည်း ကိုယ့်နေရာမဟုတ်တဲ့ အခြားနေရာကိုသွားရင် အဆူခံရတော့ သွားကြည့်ပြီး တတ်အောင်လုပ်ခွင့်မရကြတော့ဘူး။ အဲဒီတော့ ဘယ်မလဲနည်းပညာ။ ဟင်းအိုးမွှေတဲ့ယောက်မ အရသာမသိသလို။

အခြားလုပ်ငန်းတွေတော့ မသိဘူး။ CMP စနစ်မှာတော့ လက်ခစား အလုပ်သမားတွေ နေ့ချင်းညချင်း အတတ်ပညာရှင်ဖြစ်ဖို့ မလွယ်သေးဘူး။ အထည်ကြေးများများရဖို့၊ ဒေးကြေး၊ ရက်မှန်ကြေး၊ ဘောနပ်ကြေးတွေ ပုံမှန်ရဖို့ ဂရုစိုက်နေရတာနဲ့ပဲ ဆရာတွေဆီက နည်းပညာတွေသင်ဖို့ အတုခိုးဖို့ လုံးဝအချိန်မရှိပါ။ အလုပ်မဝင်မီတတ်ထားမှ သမ္မတကြီးပြောတဲ့ ခံစားခွင့်တွေ ရနိုင်လိမ့်မယ် ထင်ပါတယ်။

အဲဒီဖိုရမ်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောတယ်။ "ကျွန်မတို့က အလွန်ဆိုးရွားတဲ့ ပညာရေးစနစ်ဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရတယ်။ အသက်လေးဆယ်အရွယ် လူအများအပြားဟာ တန်ဖိုးရှိတဲ့ အလုပ်အကိုင်အတွေအတွက် အသင့်ဖြစ်မနေပါဘူး" တဲ့။ ဟုတ်ပါတယ်။ ဒေါ်စုပြောတဲ့ တန်ဖိုးရှိတဲ့အလုပ်ဆိုတာ ယေဘုယျအားဖြင့် လစာကောင်းတဲ့အလုပ်ပေါ့။ အဲဒီလို လစာကောင်းဖို့အတွက် ကျွန်မတို့ပညာလည်းတတ်ရမယ်။ နည်းပညာလည်း ကျွမ်းကျင်ရမယ်။ ကျွန်မတို့နိုင်ငံရဲ့ ကျောင်းတွေဟာ ကျောင်းပြီးရင် အလုပ်ထဲတန်းဝင်ရန် အသင့်ဆိုတဲ့အနေအထားဖြစ်ဖို့ လိုအပ်ပါတယ်။ အသက်မွေးဝမ်းကျောင်းခြင်း အလုပ်အတွက် အထောက်အကူဖြစ်စေမယ့် ဘာသာရပ်တွေကို ထိထိရောက်ရောက် သင်ကြားပျိုးထောင်ပေးသင့်တဲ့ အချိန်ရောက်နေပါပြီ။

ကျွန်မတို့နိုင်ငံရဲ့ အခုလက်ရှိ လုပ်ငန်းခွင်ဝင်နေရတဲ့ သူတွေကို လေ့လာကြည့်ပါ။ သမိုင်းနဲ့ ကျောင်းပြီးသူက အထည်ချုပ်စက်ရုံစုပ၊ ဓာတုဗေဒနဲ့ ကျောင်းပြီးသူက HR မန်နေဂျာ၊ ဥပဒေနဲ့ ကျောင်းပြီးသူက စားဖိုမှူး၊ သင်္ချာနဲ့ပြီးတဲ့သူက မော်တော်ယာဉ်မှူး၊ အားလုံးအလွဲလွဲ အချော်ချော်။ အလုပ်နဲ့ပတ်သက်တဲ့ ပညာကို မတတ်ဘဲနဲ့၊ လုပ်ရင်းတတ်အောင် သင်ယူနေကြရတာ။ တတ်၍လုပ်ခြင်းမဟုတ်သော ငတ်၍လုပ်ရခြင်း။

ကျွန်မအစ်ကိုဝမ်းကွဲ အင်ဂျင်နီယာတစ်ယောက် ကျောင်းပြီးတော့ မာစတာဘွဲ့ (PhD) အတွက် မဟာတန်းကို ဂျပန်နိုင်ငံမှာ သွားတက်တယ်။ နောက်ဆုံးနှစ်စာမေးပွဲ ဖြေခါနီးမှာ ဂျပန်ကုမ္ပဏီတွေရဲ့ အလုပ်ခေါ်စာတွေ ကျောင်းကို ပို့လာတယ်။ သူရမယ့်ဘွဲ့နဲ့ သင့်တော်တဲ့အလုပ်တွေ။ ကုမ္ပဏီကို အလုပ်ဝင်မယ်ဆိုရင် ရမယ့်ရာထူး၊ ပေးမယ့်လစာ၊ နေစရာအိမ်၊ စီးစရာကား၊ ဒါမျိုးတွေခံစားခွင့်ရှိပါမယ်ဆိုပြီး လာခေါ်တာ။ ဒေါ်စုပြောတဲ့ တန်ဖိုးရှိတဲ့ အလုပ်အကိုင်တွေဆိုတာ ဒါမျိုးထင်ပါရဲ့။

ကျွန်မတို့ဆီမှာတော့ စက်ရုံက စက်နဲ့လှည့်ထုတ်သလို ထွက်လာတဲ့ ဘွဲ့ရတွေ၊ ဘွဲ့လက်မှတ်ကလေး အိတ်ထဲထည့်၊ CV ဖောင်မိတ္တူ တစ်ပုံကြီးဆွဲပြီး ထီးထမ်းလမ်းလျှောက် အလုပ်ရှာရတယ်။ ပေါလိုက်တဲ့ ဘွဲ့ရ ပညာမတတ်တွေ။ သမဝါယမခေတ်က အရောင်းထိုင်းပစ္စည်းတွေဆိုရင် အရောင်းသွက်တဲ့ ကာဘော်လစ်ဆပ်ပြာတို့၊ ပက်ဆိုးဒင့်သွားတိုက်ဆေးတို့နဲ့ တွဲပြီးရောင်းတယ်။ အခုခေတ် ဘွဲ့ရတွေကိုလည်း ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးကို အကြောင်းပြုလို့ ဝင်လာလတ္တံ့သော ရင်းနှီးမြှုပ်နှံသူတွေကြိုက်အောင် ဘယ်လိုလုပ်ရပ့်ါ။ ။




**သင်တန်းသူ၊ သင်တန်းသားများ အလိုရှိသည်**

International Language & Business Centre, ILBC တွင် IGCSE School နှင့် Preschool Trainee Teacher အဖြစ်ခန့်အပ်ထားရန်အတွက် Teacher Training သင်တန်းဖွင့်လှစ်ရန်၊ သင်တန်းသူ/သားများ လိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက် မကျော်ရ။ လျှောက်လွှာရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းကာလ(၃)လ ပြီးဆုံးအောင်မြင်သည့်အခါ Trainee Teacher အဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ပါသည်။ ရောင်စုံလိုင်စင် ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ သန်းခေါင်စာရင်းနှင့် အခြားလိုအပ်သောစာရွက်စာတမ်းထောက်ခံစာများနှင့်အတူ Human Resources Department အမှတ်(၃၄)၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်သို့ ကိုယ်တိုင် လာရောက်လျှောက်လွှာတင်နိုင်ပါသည်။

**Just Ask** Media And Advertising Services

**ရွှေနှင်းဦးတိုက်တွင် လုပ်ငန်းရှင်လုပ်လိုသူများ ဆက်သွယ်နိုင်ပါသည်။**

မိတ်ဆွေအပေါင်းအသင်းများသော လူငယ်များနှင့် အထူးသင့် တော်သော လုပ်ငန်းဖြစ်ပါသည်။ အရင်းနှီးငွေ အနည်းငယ်ရှိရုံဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်သည့် Online Advertising Basic လုပ်ငန်းဖြစ်သည်။ တစ်နေကုန် ရုံးထိုင်ရန်မလိုပါ။ ကိုယ်၏ စဉ်းစား ဉာဏ်ကောင်းလျှင်ကောင်းသလောက် အကျိုးမြတ် တစ်လလျှင် နှစ်သောင်းမှ ငါး သိန်းကြား။ Online ရှိသော မည်သည့် Phone, Computer မှမဆို အချိန်နေရာမရွေး အလုပ်လုပ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ ဝန်ဆောင်မှုများကို Facebook ပေါ်တွင် Like, Share and Advance coating advertisement ရေးပေးရုံသာ လိုအပ်ပါသည်။

**Training Limited 20 persons**
**To connect....** 09-73116119, 09-2110214
**Sent CV to ...** justasklegalfirm@gmail.com, pyonethiriaung88@gmail.com

7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ဆရာတော်ဘုရားက ထမင်းဝါးပြီး ဘဝရှင်မင်းတရားကြီးက အိပ်နေမှဖြင့်

**မောင်သာချို**

(တစ်)

ကျွန်တော်နှင့် အလွန်ရင်းနှီးခင်မင်သည့် စာရေးဆရာတစ်ယောက်ရှိပါသည်။ ယခု မန္တလေးအခြေစိုက် ကိုနေဝင်းမြင့်ပဲဖြစ်ပါသည်။စာပေဟောပြောပွဲစင်မြင့်ကြီးများရှိရာဆီသို့ အတူတကွရောက်သွားကြသည့် အချိန်များတွင် တစ်ယောက်ဟောသည်ကို တစ်ယောက်က ထိုင်ကြည့်ရင်းသန်းခေါင်ချဉ်းခဲ့ကြရသည့် ညတွေကတကယ့်ကိုမရေမတွက်နိုင်အောင်ပါ။

မြန်မာတို့ မြန်မာ့ဓလေ့ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် တစ်စတစ်စ အဟပ်ကွာ၍ လာရပုံကို ကိုနေဝင်းမြင့်ပုံဆောင်၍ ပြောလေ့ရှိသော ဟာသကလေးတစ်ပုဒ်ရှိပါသည်။ နည်းနည်းကလေး လက်ဆင့်ကမ်းပါရစေ။

မိခင်ဖြစ်သူက သမီးကိုဆရာတော်ဘုရားထံသို့စေလွှတ်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူခိုင်းပါသည်။ သမီးကလည်း မိခင်ခိုင်းစေသည့်အတိုင်း လှူဖွယ်ပစ္စည်းတို့ကို ဆရာတော်ဘုရားထံသွားရောက်လှူပြီးနောက် ပြန်ဖို့ရာခွင့်ပန်သည်။ သို့သော် ရဟန်းသံဃာနှင့် မည်သို့စကားဆိုရမည်ကို သူမသိ။ ထို့ကြောင့် “တပည့်တော်ပြန်ကြွလိုက်ဦးမယ်ဘုရား” ဟု တင်လျှောက်မိရာ ဆရာတော်ဘဝင်မကျဖြစ်သွားသည်။ ထို့ကြောင့် ခေတ်လူငယ်တို့ ပြောတတ်ဆိုတတ်ရှိလာစေရန် သွန်သင်ပေးဖို့ သတိပေးရန်အတွက် ထိုသမီး၏မိခင်ဖြစ်သူကိုကျောင်းသို့လာခဲ့ရန် အမှာဆင့်လိုက်သည်။

မိခင်ဖြစ်သူကလည်း တစ်ခုခုတော့ တစ်ခုခုပါပဲဟူသော အတွေးဖြင့်ကျောင်းသို့ရောက်လာပါသည်။ ဆရာတော်ဘုရားက သမီးဖြစ်သူစကားပြောပုံကို ပြန်၍ မိန့်ကြားကာ သွန်သင်ဆုံးမဖို့ သတိပေးရပါသည်။ ဤတွင် မိခင်ဖြစ်သူ ဆရာတော်ဘုရားကို ကတိပေးသည်က“တပည့်တော်နောင်သည်လို မပြောရဘူးလို့ အိမ်ရောက်ရောက်ချင်းသြဝါဒကထာ မြွက်လိုက်ပါ့မယ်ဘုရား့”တဲ့။

ဆရာတော်ကား အလိုမကျစွာဖြင့်နောက်တစ်ဆင့်တက်ရပြန်ပါသည်။ ထိုဒကာမ၏ ခင်ပွန်းသည်ကိုကျောင်းသို့လွှတ်လိုက်ရန်မှာကြားလိုက်ခြင်းဖြစ်ပါသည်။ ဘာများအမှားအယွင်းတွေလုပ်မိကြပါလိမ့်ဟူသော စိုးရိမ်စိတ်ဖြင့် ခင်ပွန်းဖြစ်သူဒကာရောက်ရှိလာသောအခါ သားအမိနှစ်ယောက်စကားပြောမတတ်ကြပုံကို ဆရာတော်က မိန့်ကြားပြီး သွန်သင်ဦး၊ ဆုံးမဦးနှင့် သတိပေးပြန်ပါသည်။ ဤတွင် ဒကာပြန်လျှောက်ပုံက “သည်လောက် လူလိုနားမလည်တဲ့ဟာတွေ အရှင်ဘုရားရဲ့ကျောင်းဝတ္တက မြေပေါ်မှာ နောင်ဘယ်တော့မှ ခြေတော်ရာမချစေရပါဘူးဘုရား”ဟူ၍။

ဆရာတော်၏ ဘဝင်မကျမှုဒီဂရီက ပို၍ပို၍ မြင့်တက်လာရပါပြီ။ သို့ဖြင့် ယောက္ခမဖြစ်သူ အဘိုးကြီးကို ခေါ်ယူကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပါသည်။ အဘိုးကြီးက အဆိုးဆုံး။ “ခုလိုသိကြားရတာ တပည့်တော်ချက်ချင်းကို ပရိနိဗ္ဗာန်စံချင်တော့တာပါပဲဘုရား” ဟူ၏။

ပုံပြင်၏ ဆိုလိုရင်းက ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့၊ ကိုယ့်ထုံးစံများနှင့် မယဉ်ပါးတော့ခြင်း၏ ချို့ယွင်းမှုကို အပြစ်တင်ထားခြင်းပင်ဖြစ်ပါသည်။

ကိုနေဝင်းမြင့်၏ ဝစနာလင်္ကာရအောက်မှာ စာပေ ပရိသတ်တွေက တဝါးဝါးရယ်လို့။ ကျွန်တော်တို့လည်း ရယ်ကြရသည်ပင်ဖြစ်ပါသည်။ အင်းလေ. . ရယ်ပြီးတော့လည်း မောစရာတွေပေါ့။

(နှစ်)

ကျွန်တော့်စိတ်ထင် အခုခေတ်လူငယ်တော်တော်များများ၊ အထူးသဖြင့် မြို့ပြနေ လူငယ်များ၊ ပို၍အထူးသဖြင့် ယဉ်ကျေးလိမ္မာသင်တန်းတွေဘာတွေနှင့် မနီးစပ်သူ လူငယ်များ၊ ရဟန်းသံဃာများနှင့် စကားပြောတတ်ကြမည်မထင်ပါ။ ရဟန်းသံဃာများနှင့်မှ မဟုတ်ပါ။ အခြားအခြားသောနယ်ပယ်များ၌လည်း ဘယ်ဝေါဟာရက ဘယ်နေရာမှာသုံး၊ ဘယ်စကားလုံးမျိုးက ဘယ်အခြေအနေအတွက် ရွေးချယ်စသည့်ကိစ္စများ၌ တော်တော့ကို အားနည်းလာပုံရပါသည်။

ကျွန်တော့်မိတ်ဆွေ သမိုင်းဆရာကြီး ဦးအံ့ကျော်၏ ကျေးဇူးဖြင့် ကျွန်တော့်၌ ၁၉၁၀ မတ်လတွင် ကျင်းပခဲ့သည့် ဆယ်တန်းမြန်မာစာ မေးခွန်းတစ်ရွက်ရှိထားရာ မေးခွန်းတစ်ပုဒ်မှာ စိတ်ဝင်စားဖွယ်ဖြစ်၍ ကူးယူဖော်ပြပါရစေ။

“မြန်မာဘာသာယဉ်ကျေးသောစကားဖြင့် အနက်ပြန်ပါ” တဲ့။ ပေးထားသောဝါကျများကဤသို့။

1. The King eats.
   The pongyi eats.
2. The King Sleeps.
   The pongyi Sleeps.
3. The King dies.
   Buddah dies.
4. More haste, Less Speed.
5. Kill two birds with one stone.
6. He came of age today.

ဘုရင်ကြီးပွဲတော်တည်သည်။ ဆရာတော်ဘုရားဘုဉ်းပေးသည်။ ဘုရင်ကြီးစက်တော်ခေါ်သည်။ ဆရာတော်ဘုရားကျိန်းသည်။ ဘုရင်ကြီးနတ်ရွာစံသည်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံသည်။ အလျင်လိုအနှေးဖြစ်။ ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ပစ်။ သူလူလားမြောက်ပြီ။

မေးခွန်း၏ အဖြေများကို ကိုယ့်ဘာသာကိုယ်ရေးကြည့်ကာ ကျွန်တော်သဘောကျနေမိပါသည်။

မေးခွန်းက ဘုရင်ဆိုဘယ်လိုသုံး၊ ဘုရားဆိုဘယ်လိုရေး၊ ဘုန်းကြီးဆိုဘယ်လိုတွဲစပ်စသည်. . စသည်ဖြင့် သုံးတတ်အောင်မေးထားသော မေးခွန်းဖြစ်ပါသည်။ ယဉ်ကျေးသောစကားဖြင့် အနက်ပြန်ပါတဲ့။ ကျွန်တော်သဘောကျနေမိလိုက်တာ။

နောက်တစ်ပုဒ်ပြောပါရစေဦး။ အောက်ပါစကားအသီးသီး၏ က္ကတ္တိလိင်ကို ရေးပါတဲ့။ ပေးထားသော ဝေါဟာရများက ဤသို့။

ခဲအို၊ ယောက်ဖ၊ သမက်၊ ကျောင်းတကာ၊ အောက်သား၊ ခမည်းတော်တဲ့။

ခယ်မ၊ မရီး၊ ချွေးမ၊ ကျောင်းတကာမ၊ အောက်သူ၊ မယ်တော်လို့ အသုံးအနှုန်းမှန်မှန်သုံးနိုင်အောင် လုပ်ထားပုံက နေ့စဉ်ဘဝတွေနဲ့လည်း ဆက်စပ်မှုရှိလိုက်တာ။ လူ့အဖွဲ့အစည်းနဲ့ ဆက်စပ်ထားတဲ့ ပညာရေး။

(သုံး)

အခုတော့ဆရာတော်ဘုရားကိုလည်း ထမင်းဝါးတယ်လို့ပြောလိုပြော။ ဘုရင်ကိုလည်း အိပ်တယ်လို့ဆိုလိုဆို။ ဘုရားရှင်ကိုလည်း သေတယ်လို့ သုံးလိုသုံး။

ဝေါဟာရကို မှန်အောင်မပြောနိုင်တာဟာ လူ့အဖွဲ့အစည်းကို နားမလည်တာပါ။

ကိုနေဝင်းမြင့်ရဲ့ ပုံပြင်ထဲက လူတွေကို အဲသည် ၁၉၁၀၊ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်က မြန်မာစာမေးခွန်းကလေးဖြေခိုင်းကြည့်စေချင်လိုက်တာ။ အင်း. . . အမှတ်သိပ်ကောင်းမယ်မထင်ဘူး။ ။



---

စာမျက်နှာ(၂၆)မှ

## နောက်ကျပေမယ့် ဖြေသာတယ်

ကျွန်တော် ပြောချင်တာက ဒါဟာဖြစ်နေကျ သမားရိုးကျပြဿနာမျိုးထက်တော့ ထူးလည်းထူးခြား၊စဉ်စားစရာလည်းကောင်းနေမှာအမှန်ပါ။ နောက်ပြီး အရာရှိတွေချည်းပါဝင်တဲ့အစိုးရ ကိုယ်စားလှယ်အဖွဲ့ကြီး ဖြစ်နေပါလျက်နဲ့တောင်လေ။ ဒါကြောင့် ပုံမှန်ဆိုရင် မိဘအိမ်ထက်လုံခြုံတာ ဘယ်မှာမှမရှိပါဘူးလို့ ကျွန်တော်တို့က ပြောတတ်သလောက် ကံအားလျော်စွာ မိဘကိုယ်တိုင်ကိုပဲ မယုံကြည်၊ စိတ်မချရတဲ့ အဖြစ်မျိုးတွေရှိများရှိနေခဲ့မယ်ဆိုရင်တော့လည်းသွားပြီ။ ရာဇဝင်ရိုင်းရချေပြီပေါ့။

ဒီနေရာမှာ ကျွန်တော့်အမြင်တစ်ခုက အိမ်ဝေးနေတဲ့ နိုင်ငံသားတွေ ဘဝကို သားသမီးနေရာထားပြီး တွေးကြည့်လိုက်မိသေးတဲ့အလျောက်. . . ငယ်စဉ်ကအခုလို ကျောင်းဖွင့်ချိန်ရောက်တိုင်းကြုံခဲ့ကြားခဲ့ဖူးတဲ့ ကျွန်တော်တို့မိဘတွေရဲ့ ကျောင်းအပ်ပုံကို ပြန်အမှတ်ရနေသေးတော့တယ်။ ဘယ်မိဘမဆို သက်ဆိုင်ရာဆရာဆီမှာ ကိုယ့်သားသမီးကို အပ်နှံရင်း ပြောလေ့ရှိတဲ့လက်သုံးစကားက “ဆရာကြိုက်သလို ဆုံးမပါ။ မလိမ္မာရင် ရိုက်သာရိုက်ပစ်၊ဆရာ့ကို အပ်ပါတယ်” စသည်ဖြင့် မှာကြားလေ့ရှိတတ်တယ်မဟုတ်လား။ သို့ပေမဲ့ ကျွန်တော်တို့ သားသမီးတွေ စာမရလို့ပဲဖြစ်စေ၊ ကမြင်းကြောထလို့ပဲ ဖြစ်စေ၊ ဆရာ့အရိုက်ခံရပြီး ငိုမဲ့မဲ့နဲ့အိမ်ပြန်လာတဲ့ နေ့ဆို မိဘတွေက သားသမီးမျက်နှာ ကြည့်ပြီးသနားစိတ်ဝင်ကြပြန်တယ်။ အချို့ဆိုကျောင်းအပ်စဉ်က မှာကြားခဲ့ဖူးတဲ့ ကိုယ့်စကားကိုတောင် သတိမရနိုင်တော့ဘဲ ဆရာ့အပေါ် စိတ်ဆိုးပြီး အတန်းပြောင်းတာတို့၊ ကျောင်းအုပ်ကြီးနဲ့တက်တိုင်တာတို့တောင်ရှိခဲ့ပါရောလား။ ဪ မိဘတွေ၊ မိဘတွေ သားသမီးမို့ မျက်နှာညိုပြီဆို ကတိစကားလည်း မေ့လိုမေ့၊ ဆရာသမားအပေါ် တောင် ရန်ထောင်ဖို့ ဝန်မလေးတတ်တော့လောက်အောင် သဘာဝကျလွန်းတဲ့ အာဂအတ္တစိတ်။

ကျွန်တော်လေ တကယ်ပါ။ ကိုယ်ကို အုပ်ချုပ်တဲ့ အစိုးရများဆီမှာလည်း အဲဒီလိုမိဘဝါဒမျိုး၊ အဲဒီလို မိဘပီသမှုမျိုးတွေ ရှိနေစေချင်လိုက်တာ။ ဖြစ်ချင်တော့ မမျှော်လင့်ဘဲ ကြားလိုက်ရတယ်။ ဘာတဲ့ . . . . အစွမ်းကုန်ကူညီပါ။ လုပ်နိုင်တာအကုန်လုပ်ပေးပါ”။

လားလား. . . ကျွန်တော်တို့ဘဝမှာ ကြုံရ၊ ကြားရလိမ့်မယ် ထင်မှတ်မထားတော့တဲ့ စကားကျွန်တော် ဆုတောင်းမိတယ်။ သမ္မတကြီး ဆန္ဒလည်းပြည့်ဝပါစေ။ မှာကြားလိုက်တဲ့ စကားအတိုင်းလည်း စွမ်းဆောင်နိုင်ကြပါစေ။အဝေးရောက်ညီအစ်ကိုမောင်နှမတွေလည်းဒီဘဝ၊ ဒီရန်၊ ဒီအန္တရာယ် အပေါင်းက ကင်းလွတ်ပြီး ကိုယ့်အိမ်ကိုယ့်ရာရှိတဲ့နေရာဆီ မြန်မြန်ပြန်ခဲ့နိုင်ပါစေတော့။

ဒါထက်ဆွေမကင်း၊ မျိုးမကင်းဦးလေးသားချင်းတွေကပါ ဝိုင်းကြ၊ ဝန်းကြကုန်မို့လည်း ဝမ်းသာရုံမက အားပါတက်ရတယ်။ ကျေနပ်ရုံမက ပီတိတွေလည်း တလှပ်လှပ်ဖြစ်မိသေးတယ်။ တစ်ခုပဲ ပြောချင်တာက . . .

“ဒီတစ်ခါ ဘယ်တော့မှ နောက်မကျကြေး”

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**



# နောက်ကျပေမယ့် ဖြေသာတယ်

**အာဝါသ**

ဇွန် ၁၂ ရက်ထုတ် သတင်းစာတွေမှာ အကြမ်းဖက်သတ်ဖြတ်ခံရမှုအန္တရာယ်တွေနဲ့ ဒုက္ခပင်လယ်ဝေနေရတဲ့ မလေးရှားရောက်မြန်မာနိုင်ငံသားတွေအတွက် တိုင်းရင်းသားလုပ်ငန်းရှင်အချို့ရဲ့ ကူညီလှူဒါန်းမှုတွေအပြင်လိုအပ်သလိုကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ အစိုးရအထူးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လည်း သွားရောက်ကြပြီဆိုတာ သိလိုက်ရတော့ ဝမ်းသာပျော်ရွှင်လွန်းတဲ့ ကျွန်တော်ရဲ့စိတ်တွေဟာ ဖတ်လက်စမျက်လုံးတွေကိုပင် ဝေဝါးသွားစေတယ်ဆိုရင် အချို့လည်း ကျွန်တော့်ကိုပိုလွန်းတယ်လို့ထင်ရင် ထင်ကြမှာ ဖြစ်ပေမယ့် ဘယ်လိုပဲထင်ထင် ကျွန်တော်ယုံကြည်မိတာက ပြည်တွင်းနဲ့ ကမ္ဘာအနှံ့အပြားမှာ ရောက်နေကြတဲ့ မြန်မာလူမျိုးတိုင်း ကျွန်တော့်လိုပဲဝမ်းမြောက်ဝမ်းသာဖြစ်နေကြလိမ့်မယ်ဆိုတာကိုပါ။

အမှန်အတိုင်း ပြောရရင် ကျွန်တော်ဒီလိုခံစားရတာဟာ လွယ်လင့်တကူဖြစ်ပေါ်လာတာမျိုးတော့မဟုတ်ခဲ့ဘဲ အစောပိုင်းရက်တွေကဆိုရင် အများနည်းတူ စိုးရိမ်ပူပန်မှုတွေ၊ ဘဝင်မကျမှုတွေနဲ့ အားမလိုအားမရဖြစ်စိတ်တွေက အထွတ်အထိပ်ရောက်ခဲ့ရသေးတယ်ဆိုတာကို ဝန်ခံရမှာဖြစ်ပါတယ်။ တကယ်ဆိုရင် အခုကာလဟာ ပြည်သူ့ဗဟိုပြုခေတ်ဆီ ရှေးရှုဦးတည်ထားလိုက်ပြီလို့ အကြိမ်ကြိမ်ကြားသိခဲ့ရပြီးတာနဲ့ ပြည်တွင်းက အံ့အားသင့်ဖွယ်တိုးတက် ပြောင်းလဲမှုတွေကြောင့် ကိုယ်နိုင်ငံပုံရိပ်လည်း နိုင်ငံတကာမှာ အတော်ကြီးမားလာတာတော့ မှန်ပေမယ့် အခုလိုအရေးကိစ္စမျိုးတွေနဲ့ နဖူးတွေ၊ ဒူးတွေကြုံလာရတဲ့အခါ သက်ဆိုင်ရာမြန်မာသံရုံးနဲ့ အစိုးရတာဝန်ရှိသူတွေရဲ့ ကိုင်တွယ်ဖြေရှင်းခဲ့ပုံတွေက အရင်ကနဲ့ ဘာတစ်ခုမှ ခြားနားလာတာမရှိသေးလို့ တိုးတက်ဖြစ်ထွန်းမှုတွေဟာ နိုင်ငံသားပြည်သူတွေအတွက်တော့ မစားရဝခမန်းဆိုတဲ့ အဆင့်မျိုးဖြစ်နေပြီလားလို့ တွေးထင်ခဲ့မိပါတယ်။

ဟော. . . ခုတော့ဒီသတင်းနဲ့အတူ သမ္မတကြီးက မြန်မာနိုင်ငံသားတွေအတွက် အစွမ်းကုန်အကူအညီပေးဖို့ ပါမှာလိုက်သေးတယ်ဆိုတာမို့ ကျွန်တော်တောင် ဒီလောက်ဝမ်းသာရရင် ကိုယ်တွေ့ကြုံနေသူဒုက္ခသည်တွေအတိုင်းမသိ အားတက်သွားမယ့်အဖြစ်ကို ကျွန်တော် မြင်ယောင်မိတော့တယ်။ ဒါပေမဲ့ တစ်ခုခက်တာက ကျွန်တော်တို့ နိုင်ငံသားတွေဟာ ဝမ်းသာစရာတို့၊ အကူအညီရဖို့တို့ဆိုရင် အမြဲပဲ နောက်ကျရင်ကျ၊ ဒါမှမဟုတ် လုံးလုံးကို မရလိုက်ဖူးတာတွေက ချုပ်ငြိမ်းတန်ပြီလို့ကျွန်တော်ထင်တယ်။

အထူးသဖြင့် ပြည်တွင်းကလူတွေထက် ပြည်ပရောက်နေသူတွေရဲ့ဘဝဟာ ကိုယ့်အိမ်ကိုယ်ရာနဲ့ဝေးနေတာမို့ ရောက်ရှိရာ နိုင်ငံက ကိုယ့်သံရုံးကိုမှ အကူအညီမတောင်းခံနိုင်ရင် ဘယ်သူ့သွားပြီး အားကိုးရမှာလဲ။ အပြန်အလှန်အနေနဲ့ဆိုရင်လည်း သံရုံးဆိုတာ နိုင်ငံအချင်းချင်းညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းကိစ္စတွေသာမကဘဲ မိမိနိုင်ငံအစိုးရကို ကိုယ်စားပြုထားတဲ့ အစိုးရရုံးခွဲတစ်ခုဖြစ်တာနဲ့ အညီ ကိုယ့်နိုင်ငံသားတွေရဲ့ အရေးကိစ္စမှန်သမျှအတွက် အနည်းနဲ့အများဆို သလို တာဝန်ခံရပ်တည်ပေးရမယ့်အစား အခုဖြစ်ရပ်မှာ ဒီလောက်အုတ်အော်သောင်းတင်းဖြစ်ခဲ့တာ မှန်နေပါလျက်နဲ့တောင် အစောပိုင်းက သေဆုံးသူမရှိပါဘူး၊ ဒုစရိုက်နယ်မြေကမှုးပြီးဖြစ်တဲ့ ရန်ပွဲပါ။ မမှန်သတင်းတွေပါလို့ စသည်အားဖြင့်ပြီးစလွယ်ပြောဆိုသဘောထားခဲ့တာတွေဟာ စိတ်ပျက်ဝမ်းနည်းစရာကောင်းနေသလို ခေတ်စနစ်နဲ့လည်း ဆီလျော်တော့မယ်မထင်ပါဘူး။

ဒီလိုပြောလို့ ပြီးခဲ့တာတွေအပေါ်ပြစ်တင်ရှုတ်ချချင်စိတ်နဲ့ လုံးလုံးမဟုတ်ဘဲ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာနဲ့အညီ နောင်မှာလည်းအလားတူပြဿနာမျိုးတွေပေါ်ပေါက်လာတဲ့အခါ နိုင်ငံတကာအစိုးရတွေရပ်တည်ကိုင်တွယ်ခဲ့ပုံတွေအတိုင်းအလစ်အဟာမရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့သာဖြစ်ပါတယ်။

ပြီးခဲ့တဲ့အတိတ် ကခေတ်တွေတစ်လျှောက်လုံးမှာပြည်တွင်းရော ပြည်ပရောက် မြန်မာနိုင်ငံသားတွေ ပါကြုံခဲ့ဖူးတဲ့ အဖြစ်သနစ်တွေဟာ အခြားနိုင်ငံသားတွေနဲ့ ယှဉ်ရင် အဘက်ဘက်ကအောက်တန်းနောက်တန်းကျခဲ့ရတာ တွေးကြည့်ရင် ရင်နာစရာကောင်းနေတာအမှန်ပါ။

ဒီက အဆင်မပြေမှုတွေကြောင့်သာစွန့်စားပြီး သွားရောက်ကြရပေမယ့် ရင်နာစရာကောင်းနေတာအမှန်ပါ။ ဖြစ်နိုင်ရင်သူတို့ မြန်မြန်ပြန်ချင်လှပြီဆိုတာနဲ့ နီးစပ်ရာ သားချင်းမောင်နှမတွေကိုလည်း အများစုကမလာခဲ့ကြနဲ့လို့ တားမြစ်မှုတွေရှိခဲ့တာကိုက အခုလို အကြမ်းဖက်ခံရမှုတွေနဲ့ ကြုံလာရချိန်ကျမှမဟုတ်ဘဲ ပုံမှန်အခြေအနေတွေမှာလည်း ခွဲခြားဆက်ဆံခံနေရတာတွေ၊ မတရားအနိုင်အထက်ပြုကျင့်ခံရတာတွေနဲ့ လုပ်ခလစာခေါင်းပုံဖြတ်ခံရမှုမျိုးတွေ အမြဲမပြတ် ကြုံနေရတာအပြင်တစ်စုံတစ်ခုဖြစ်လာရင် ကူညီဖြေရှင်းပေးဖို့ အားကိုးလို့မရနိုင်တဲ့ ကိုယ့်နိုင်ငံ အစိုးရသံရုံးတွေရဲ့ အားနည်းချက်ကြောင့်လည်း အပါအဝင်လို့ပြောရပါမယ်။

အောက်ခြေသိမ်း အလုပ်သမားတွေဘဝကို မဆိုထားပါနဲ့ဦး။ လတ်တလောဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်သတ်ဖြတ်မှုပြဿနာကိုပဲ ဆင်ခြင်သုံးသပ်ကြည့်လိုက်ရင် မင်းမဲ့စရိုက်ဆန်ဆန်ကျူးလွန်ခဲ့တဲ့ တရားခံတွေကိုတော့ ဖိဖိစီးစီး မရှာဖွေမဖော်ထုတ်ဘဲ မြန်မာအစိုးရထံက သတိထောက်လှမ်းပေးအပ်ခဲ့ပြီးချိန်ကျခါမှ မြန်မာတွေကိုကျွဲနွားဖမ်းသလိုတစ်ဖက်သတ်လိုက်လံဖမ်းဆီးစစ်ဆေးခဲ့တာနဲ့ နောက်တစ်ခုတိုက်ဆိုင်စွာ သတိရလာမိတာက မလေးရှားအစိုးရရဲ့လက်အောက်ခံဝန်ထမ်းအချို့ထဲမှာ မြန်မာလူမျိုးတွေအပေါ် ခန့်မှန်းရခက်တဲ့ သံသယဖြစ်ဖွယ်သဘောထားတစ်ခုတွေ့ရှိခဲ့ရဖူးတာ ဒီနေရာမှာ တစ်လက်စတည်း ပြောပြရဦးမယ်ထင်ပါတယ်။

မကြာလှသေးပါဘူး။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ကနေ ဒီဇင်ဘာ ၁၂ ရက်အထိ အာဆီယံရေးရာအတွေ့အကြုံ ပူးပေါင်းဖလှယ်မှုအစီအစဉ်အရ မြန်မာနိုင်ငံက ဌာနဆိုင်ရာအရာရှိ အယောက် ၅၀ဟာ မလေးရှားနိုင်ငံရဲ့ သံတမန်ရေးရာဌာနခွဲတစ်ခု (IDFR) မှာ သုံးပတ်ကြာသင်တန်းသွားတက်ခဲ့ရတယ်လေ။ သင်တန်းတစ်လျှောက်လုံးချောချောမွေ့မွေ့ပါပဲ။ နောက်ဆုံးနေ့ကျတော့ မြန်မာတွေကို ဘာပြောသလဲဆိုရင် ဒီမှာဝယ်ချင်တာဝယ်ပြီး သယ်ချင်သလောက် သယ်လို့ရအောင်လေဆိပ်အာဏာပိုင်တွေဆီ အကြောင်းလည်းကြားစာလည်းပို့ထားပြီးပြီ။ စိတ်ချလက်ချသာပြန်ကြတဲ့။ မြန်မာတွေက အမှတ်တရာဖြစ်စရာရော၊ မက်လောက်စရာပါရှိလှတာမဟုတ်လို့ သိပ်များများတော့ ဝယ်ကြတာမဟုတ်ပါဘူး။ ဒါပေမဲ့ သိတဲ့အတိုင်း ပဲ၊ အပြန်ခရီးလည်းဖြစ်၊ Free လည်းဖြစ်သွားပြီဆိုတော့ အလာတုန်းကလိုတောင်လက်ကဆွဲတာတို့၊ လွယ်တာတို့ လုပ်မနေတော့ဘဲ ခရီးဆောင်အိတ်ထဲ ထိုးသိပ်ထည့်ကြတော့တာပေါ့။ အားလုံးကီလို ၂၀ အထက်တွေချည်း။

အဟုတ်မှတ်လို့ ယုံစားမိလိုက်တာ။ လေဆိပ်လည်းရောက်ရော ပြဿနာတက်တော့တာပါပဲ။ တစ်ဖွဲ့လုံးစာတန်ပိုကြေး ဒေါ်လာ ငါးထောင်တဲ့။ မြန်မာအရာရှိတွေ တစ်ဖွဲ့လုံးဘယ်သူမှ မကျေနပ်ကြပေမယ့်လေယာဉ်ချိန်လည်းနီးပြီမို့ နောက်ဆုံးမှာ မြန်မာသံရုံးက ခဏစိုက်ဆောင်ပေးလိုက်တာကိုရန်ကုန်လေဆိပ်အရောက်တစ်ဦးချင်း ပြန်ချိန်ကြရပြီး ကျသင့်သလို ပြန်စုပို့ပေးလိုက်ရတဲ့ အဖြစ်။ ဒီအဖြစ်အပျက်ဟာ အပြင်လူတွေတော့ သိပ်သိလိုက်မှာ မဟုတ်ပါဘူး။ ကာယကံရှင် မြန်မာအချင်းချင်းတောင် ပြန်ရှက်နေကြရသေးတာကိုး။

**စာမျက်နှာ(၂၅)သို့**

# Business

7 DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013


## အမှိုက်သိမ်းလုပ်ငန်း ပုဂ္ဂလိကသို့ မလွှဲပြောင်းသေး



*ရန်ကုန်မြို့တစ်နေရာရှိ အမှိုက်သိမ်းလုပ်သားများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နိုင်နိုင်စိုး**

**ရန်ကုန်**-အမှိုက်သယ်ယူသိမ်းဆည်းခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းမည်ဆိုပါက ပြည်သူလူထုတွင်ကုန်ကျစရိတ်တိုးမြင့်သွားမည်ဖြစ်သည့်အတွက် လတ်တလောတွင် ပုဂ္ဂလိကသို့လွှဲပြောင်းဦးမည်မဟုတ်သေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

လက်ရှိတွင် ရန်ကုန်မြို့နေလူထုအမှိုက်စွန့်ပစ်ရာ၌တစ်အိမ်ထောင်လျှင်ကျပ် ၂၀နှုန်းကောက်ခံလျက်ရှိရာ အမှိုက်တစ်တန်သိမ်းဆည်းလျှင် စည်ပင်မှ ကျပ်၄,၀၀၀ ကျော်ရရှိသော်လည်း ထိုအမှိုက်များကို နောက်ဆုံး စွန့်ပစ်အမှိုက်ပုံအထိ အဆင့်ဆင့်သယ်ယူစွန့်ပစ်သည့်စရိတ်မှာ ကျပ် ၁၈,၀၀၀ ကျော်ကုန်ကျကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူးက ပြောသည်။

"ပုဂ္ဂလိကကိုလွှဲရင်လက်ရှိစီမံခန့်ခွဲနေတဲ့စည်ပင်လို အကုန်အကျခံနိုင်မလား၊ ပုံမှန်ကျပ် ၂၀ ကောက်နေရာကနေ ၈၀ ဖြစ်သွားမယ်။ ပြည်သူတွေဆီမှာစရိတ်တက်သွားမယ်။ အဲဒီအခြေအနေကြောင့် အချိန်တစ်ခုကိုစောင့်နေတာ။ အချိန်ကျရင်လွှဲမယ်"ဟုဌာနမှူးကပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့၏ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို ဥရောပသမဂ္ဂကူညီမှုဖြင့် အီတလီနိုင်ငံမြူနီစပယ်နှင့် သုံးနှစ်စီမံကိန်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင်ရန်ကုန်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးလုပ်ငန်းများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် အမှိုက်သိမ်းယာဉ်ဆယ်ဘီးပုံးကားစီးရေ ၄၈ စီးထပ်မံဝယ်ယူထားပြီး ခြောက်စီးမှာ မေလတွင်ရောက်ရှိခဲ့ကာလက်ရှိအသုံးပြုနေပြီး ကျန်ရှိသည့်အမှိုက်သိမ်းယာဉ်ကြီး ၄၂ စီးမှာ ဇွန်နောက်ဆုံးပတ်တွင် ထပ်မံရောက်ရှိမည်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သည် ယခုနှစ် ဇန်နဝါရီမှ စတင်၍ ကိုးမြို့နယ်၌ အမှိုက်ခွန်များတိုး မြှင့်ကောက်ခံခဲ့သည်။

## ရေနံ၊ ဓာတ်ငွေ့လုပ်ကွက် ရှစ်ခုအိန္ဒိယ လေလံဝင်ဆွဲမည်

**ခင်မေဇော်**

**နယူးဒေလီ၊ ဇွန်-၁၅**

အိန္ဒိယအစိုးရပိုင်ရေနံ ကုမ္ပဏီဖြစ်သည့် ONGC, India Oil, GAIL (India)တို့က မြန်မာနိုင်ငံရှိ ရေနံဓာတ်ငွေ့လုပ်ကွက်ရှစ်ခုကို လေလံဆွဲမည်ဖြစ်ကြောင်း အိန္ဒိယရေနံဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လိုအပ်နေသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကိုဖြည့်ဆည်းနိုင်ရန် ပြည်ပမှရယူနိုင်ရေးကြိုးပမ်းမှုဟု ၎င်းကသတင်းထောက်များကိုပြောဆိုသည်။ အိန္ဒိယနိုင်ငံစွမ်းအင်လိုအပ်ချက်၏သုံးပုံလေးပုံကို ပြည်ပမှ တင်သွင်းနေရသည်။ အိန္ဒိယကုမ္ပဏီသုံးခုသည်သီးခြားဖြစ်စေ၊ပူးပေါင်း၍ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တရုတ်နှင့်အခြားပြည်ပကုမ္ပဏီများနှင့် ယှဉ်ပြိုင်မည်ဟု ဆိုသည်။ မြန်မာနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ၃၀ ကို တင်ဒါခေါ်ယူထားသည်။ ရေနံကုမ္ပဏီကြီးများဖြစ်ကြသည့် BP BP, Woodside Petroleum Ltd., Royal Dutch Shell, Total SA နှင့် Chevron Corp. တို့ကလည်းကမ်းလွန်ရေနံတူးဖော်ရေးအတွက်စိတ်ဝင်စားကြောင်း ပြောဆိုကြသည်။

လုပ်ကွက် ၁၉ ခုမှာ ရေနက်ပိုင်းတွင်ဖြစ်ပြီး လေလံရသူသည် မြန်မာအစိုးရပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့်ထုတ်ကုန်မျှဝေရေးသဘောတူရမည်ဖြစ်သည်။ ရေတိမ်လုပ်ကွက် ၁၁ ခုအတွက် နိုင်ငံခြားကုမ္ပဏီသည် မြန်မာဒေသခံကုမ္ပဏီတစ်ခုနှင့် ဖက်စပ်လုပ်ကိုင်ရမည်ဖြစ်သည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၄၆ | ၉၅၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၃ | ၇၆၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၆၀ | ၁၂၇၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၅ | ၃၀. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၁ | ၁၅၃ | ကျပ် |

၂၀၁၃ ဇွန် ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၆၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၉၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၄. ၀၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၀၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၇. ၄၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၀၉ဒေါ်လာ | | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၇. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁၄ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၈၇၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၈၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၀၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၄၄၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၄၂၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၆၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၇၂၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၈၉. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၅. ၈၂ |
| ငွေ | ၁ အောင်စ | ၂၁. ၉၇ |
| ကြေးနီ | ပေါင် | ၃. ၂၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇွန် ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




# ကမ္ဘာ့ရွှေဈေး အတက်အကျရှိသော်လည်း မြန်မာ့ရွှေဈေးငြိမ်နေ၍ အရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၁၆**

ကမ္ဘာ့ရွှေဈေးများ ဈေးအတက်အကျရှိသော်လည်း ပြည်တွင်းရွှေဈေးနှုန်းများ တည်ငြိမ်နေသဖြင့် ရွှေဝယ်လိုအားများ ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်နေခြင်းကြောင့် ဈေးကွက်အတွင်း အထည်နှင့် အပိုင်း အရောင်းအဝယ်မရှိသလောက် အေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ဒီရက်ပိုင်းမှာ အရောင်းအဝယ်တွေအေးနေတယ်။ အထည်က အဝယ်တော့ ရှိနေပါသေးတယ်။ ကမ္ဘာ့ဈေးက ပြောင်းလဲမှုရှိပေမယ့်ပြည်တွင်းဈေးက ဈေးအတက်အကျမရှိသလောက်ပါ။ ဈေးငြိမ်နေတော့ စောင့်ကြည့်နေကြတဲ့သဘောပဲ"ဟု အောင်သမာဓိရွှေဆိုင်မှ ကိုဝင်းငယ်က ပြောသည်။

ထို့အတူ အပိုင်းဈေးကွက်အရောင်းအဝယ်မှာလည်း ဝယ်လိုအားများ ရပ်ဆိုင်းလုနီးပါး ဈေးကွက်အေးနေကြောင်း ရွှေဘုံသာလမ်းဈေးကွက်မှ ကုန်သည်များက ပြောသည်။

"အရင်ကဆို အပိုင်းဈေးကွက်မှာ ဈေးကတစ်ရက်ကို အတက်အကျ ၄-၅ ခါလောက်ဖြစ်တယ်။ တစ်ရက်ရဲ့ဈေးနှုန်းအတက်အကျကလည်း သုံးထောင်လောက်တော့ရှိတယ်။ ဒီရက်မှာ ဈေးကွာခြားချက်ကလည်း ရာဂဏန်းပဲရှိတော့ အရောင်းအဝယ် သိပ်မလုပ်ကြဘူး။ အရောင်းအဝယ်က နည်းတယ်" ဟု အပိုင်းဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောသည်။

ကမ္ဘာ့ ရွှေဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် ဒေါ်လာ ၁၃၉၀ ဝန်းကျင်တွင် ဒေါ်လာ ၁၀ နှင့် ၂၀ ကြား၌ အတက်အကျဖြစ်နေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းများမှာ ကျပ် ၁,၅၀၀ ခန့်သာ ဈေးနှုန်းပြောင်းလဲမှုရှိနေကြောင်း သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းများမှာ ဇွန် ၁၆ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၀၈,၅၀၀ ရှိပြီး ၁၅ ပဲရည်မှာ ကျပ် ၆၆၈,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်နေသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)




# လိုင်စင်ထပ်ကျသည့် အာမခံကုမ္ပဏီလေးခုတွင် ကုမ္ပဏီကြီးများပါလာ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၁၅**

မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံကုမ္ပဏီလေးခုကို ဇွန်လ ၁၄ ရက်က လုပ်ကိုင်ခွင့်လိုင် စင်ထပ်မံချထားပေးခဲ့ပြီး ထိုအာမခံကုမ္ပဏီများ၌ အင်အားကြီးကုမ္ပဏီများပါဝင်လာကြောင်း သတင်းရရှိသည်။

ပုဂ္ဂလိကကုမ္ပဏီငါးခုကို မေလအတွင်းက လုပ်ကိုင်ခွင့်လိုင်စင်ချထားပေးခဲ့ပြီး ကုမ္ပဏီလေးခုမှာ ယခုရက်ပိုင်းအတွင်း စတင်ဖွင့်လှစ်ခဲ့သည်။ သုံးရက်အကြာတွင် ကုမ္ပဏီလေးခုကို လုပ်ပိုင်ခွင့်လိုင်စင် ထပ်မံချထားပေးခြင်းလည်း ဖြစ်သည်။ ယခုလုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီလေးခုမှာ အင်အားကြီးလုပ်ငန်းစု ကုမ္ပဏီကြီးများဖြစ်သည့် မက်စ်မြန်မာကုမ္ပဏီအုပ်စု၏ လုပ်ငန်းခွဲ ရောမြန်မာအာမခံကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီအုပ်စု၏ လုပ်ငန်းခွဲ Global World အာမခံကုမ္ပဏီလီမိတက်၊ Diamond Star ကုမ္ပဏီအုပ်စု၏ လုပ်ငန်းခွဲ Capital Life အာမခံကုမ္ပဏီတို့ဖြစ်ကြပြီး First National Insurance Public ကုမ္ပဏီတို့ ဖြစ်ကြသည်။

ပုဂ္ဂလိက အာမခံကုမ္ပဏီအဖြစ် လုပ်ကိုင်ရန်အတွက် ကုမ္ပဏီ ၁၂ ခုကို ရွေးချယ်ထားပြီး ကုမ္ပဏီကိုးခုကို လုပ်ပိုင်ခွင့်လိုင်စင်ချထားပေးပြီးဖြစ်ရာ သုံးခုသာကျန်ရှိတော့သည်။

"ကိုးခုကလည်း ဖွင့်လှစ်ပြီးဖြစ်တော့မယ်။ သုံးခုကတော့ ကျန်သေးတယ်ပေါ့။ ဒါပေမဲ့ အဲဒီသုံးခုကလည်း မကြာမီကာလအတွင်း ထွက်ပေါ်လာမှာပါ။ ကျွန်တော်တို့ဘက်ကလည်း စနစ်တကျဖြစ်ဖို့ လုပ်ပေးသွားမှာပါ"ဟု အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမင်းသိန်းက ပြောသည်။

ယခု လုပ်ငန်းလိုင်စင်ရရှိသည့် ကုမ္ပဏီလေးခုအနက် Capital Life အာမခံကုမ္ပဏီတစ်ခုသာလျှင် အသက်အာမခံတစ်မျိုးတည်းကို လုပ်ကိုင်ခြင်းဖြစ်ပြီး ကျန်သုံးခုမှာ အသက်အာမခံနှင့်အထွေထွေအာမခံနှစ်မျိုးလုံးကို လုပ်ကိုင်ကြမည်ဖြစ်သည်။

လက်ရှိတွင်မေလ ၂၅ရက်က လုပ်ငန်းလိုင်စင်ကို ကုမ္ပဏီငါးခုအားချထားပေးခဲ့ရာ ပုဂ္ဂလိကဘဏ်လုပ်ငန်းကြီးများနှင့် အင်အားကြီး ကုမ္ပဏီလုပ်ငန်းစုကြီးများ ပါဝင်ခဲ့ပြီး ကုမ္ပဏီလေးခုမှာ စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

ကမ္ဘောဇကုမ္ပဏီမှ လုပ်ကိုင်သည့် IKBZ ၊ ရွှေတောင်ကုမ္ပဏီအုပ်စုမှ လုပ်ကိုင်သည့် Grand Gurdian၊ CB ဘဏ်မှ လုပ်ကိုင်သည့် နိုင်ငံသားအများပိုင်အာမခံကုမ္ပဏီနှင့် အောင်သစ္စာမင်းအာမခံကုမ္ပဏီများမှ စတင်ဖွင့်လှစ်လုပ်ကိုင်နေပြီဖြစ်ပြီး အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီမှာ ဖွင့်လှစ်လုပ်ကိုင်ခြင်းမရှိသေးသော်လည်း ဇွန်လအတွင်း ဖွင့်လှစ်လုပ်ကိုင်တော့မှာဖြစ်ကြောင်း သတင်းရရှိသည်။

လုပ်ကိုင်ခွင့်ရရှိထားသည့် ပုဂ္ဂလိကကုမ္ပဏီများကို အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းနှစ်မျိုး လုပ်ကိုင်ခွင့်ပြုထားပြီး အထွေထွေအာမခံလုပ်ငန်းတွင် မီးအာမခံ၊ မော်တော်ယာဉ်(အလုံးစုံ)၊ ငွေပို့ငွေလွှဲ၊ ငွေသားလုံခြုံမှုနှင့် သမာဓိအာမခံတို့ပါဝင်ကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။



# ဖွံ့ဖြိုးတိုးတက်ရေးခြေလှမ်းကျဲများနှင့် အာဖရိက

**ကြည်နေဝင်းမင်း**

ထောင်စုနှစ်ရည်မှန်းချက်များ (MDG) ရောက်ရှိရေး တိုးတက်မှုအရှိဆုံး ထိပ်ဆုံးနိုင်ငံပေါင်း ၂၀ တွင် အာဖရိကတိုက်မှ ၁၅ နိုင်ငံပါဝင်ပါသည်။ ကုလသမဂ္ဂ၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အာဖရိကသမဂ္ဂတို့မှ ထုတ်ပြန်သော စစ်တမ်းတစ်စောင်အရ အားလုံးခြုံကြည့်လျှင် မိုဇမ်ဘစ်၊ ဖာကီနာဖာဆို၊ နမီးဘီးယားတို့မှာ ထူးထူးခြားခြားတိုးတက်ခဲ့သော နိုင်ငံများဖြစ်ပါသည်။ အာဖရိကနိုင်ငံအများစုမှာ ရည်မှန်းချက် ရှစ်ခုအနက် လေးခုတွင် ရည်မှန်းချက် ပြည့်မီမည်ဟု မျှော်လင့်ထားပါသည်။ ယင်းနိုင်ငံများအနေဖြင့် အခြေခံပညာရေး၊ ကျား၊ မ တန်းတူညီမျှမှု အိတ်ချ်အိုင်ဗီ၊ တီဘီ၊ ငှက်ဖျားနှင့် အခြားရောဂါများ တိုက်ဖျက်ရေးတို့တွင် ခြေလှမ်းကျဲများ လှမ်းနိုင်ကြမည်ဖြစ်သည်။

"အခုအချိန်အထိ ရရှိခဲ့တဲ့ တိုးတက်မှုတွေကို ကြည့်ရင် အာဖရိကဟာ ရှေ့ဆုံးကပြေးနေတဲ့ အုပ်စုထဲ ရောက်ဖို့နီးစပ်လာပြီလို့ ပြောနိုင်ပါတယ်" ဟု ကမ္ဘာလုံးနှင့် နယ်မြေခွဲခြားလေ့လာရေး ဂျာမနီအင်စတီကျုဒ်မှ လီနာဂက်စ်ဘတ်က ပြောပါသည်။

သို့သော်လည်း ယင်းမှာ ၂၀၁၅ ခုနှစ်တွင် ရည်မှန်းချက်များ အားလုံးကို ပြည့်မီမည်ဟု မဆိုနိုင်ပါ။ ကမ္ဘာ့အတိုင်းအတာနှင့်ကြည့်လျှင် ထောင်စုနှစ်ရည်မှန်းချက်များ သဘောတူခဲ့ကြစဉ်က အာဖရိကတိုက်မှာ အခြေအနေမကောင်းခဲ့။ ထို့အတွက် ယခုရရှိလာသော တိုးတက်မှုများမှာ အကောင်းဘက်မှ အံ့အားသင့်စရာဖြစ်သည်ဟု ဂက်စ်ဘက်က ဆိုပါသည်။

အထူးသဖြင့် ရဝမ်ဒါ နိုင်ငံသားများက အခြေအနေများ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု အစီရင်ခံစာ ပြင်ဆင်ရာတွင် ပါဝင်ခဲ့သော UNDP အာဖရိက ဗျူရိုမှ ပေါ်လစီအကြံပေး အယိုဒီလီ အိုဒူဆိုလာက ပြောပါသည်။ ရဝမ်ဒါနိုင်ငံက အမျိုးသမီးများ အင်အားရှိရန် ပြင်းပြင်းထန်ထန်တွန်းအားပေးခဲ့ပြီး ပါလီမန်တွင် အမျိုးသမီးနေရာ ၃၀ ရာခိုင်နှုန်းပါဝင်ရေးအတွက် ၂၀၀၂ က စတင်လုပ်ဆောင်ခဲ့သည်။ "အမျိုးသား ပါလီမန်ထဲက အမျိုးသမီး အရေအတွက်ကိုကြည့်စမ်းပါ။ ကမ္ဘာမှာ အများဆုံးပဲ" ဟု အိုဒူဆိုလာက ပြောပြပြီး ယခုအခါ ရဝမ်ဒါပါလီ မန်အမတ်များတွင် အမျိုးသမီး ၆၅ ရာခိုင်နှုန်း ပါဝင်ကြောင်းသူကပင် ထပ်မံပြောသည်။

အချို့သော ရည်မှန်းချက်များမှာ တစ်ခုနှင့်တစ်ခု ဒွန်တွဲနေပါသည်။ ဥပမာအားဖြင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းကို မိန်းကလေးများအား ပိုမို၍ ပညာသင်ကြားပေးခြင်းဖြင့် အောင်မြင်နိုင်ပါသည်။ ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့ က ထုတ်ပြန်သော အစီရင်ခံစာအရဆိုလျှင် အာဖရိကနိုင်ငံ အများစုတွင် မူလတန်းကလေးကျောင်းအပ်နှုန်း မှာ ၉၀ ရာခိုင်နှုန်းကျော်သို့ တိုးတက်လာခဲ့သည်။ နိုင်ဂျာနိုင်ငံဆိုလျှင် ၁၉၉၀ ပြည့်နှစ်မှစ၍ ၁၀၀ ရာခိုင်နှုန်းရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း မစ္စတာ အိုဒူလူဆာက ပြောပြသည်။

ကလေးများမှာ ကျောင်းနေသင့်သော အရွယ်တွင် ကျောင်းနေရန်အရေးကြီးပြီး ကျောင်းမှန်မှန်တက်ရေးနှင့် မူလတန်းပြီးဆုံးသွားရေးမှာလည်း အရေးကြီးသည်ဟု နိုင်ရိုဘီမြို့ ကိုလံဘီယာဂလိုဘယ်စင်မှ MDG စင်တာ ဒေသခံပညာရေးအကြံပေး ဆူဆန်ကာရူတီက ပြောပါသည်။

"ရပ်ကွက်ပညာရေးလုပ်သားတွေကို ကျွန်မတို့ ဖွဲ့စည်းထားတာတွေရှိတယ်။ သူတို့က တစ်အိမ်တက်ဆင်းသွား ပညာပေးသလို ရပ်ကွက်အလိုက် ဖိုရမ်တွေလည်း လုပ်ဆောင်ကြတယ်။ ဒါဘာလဲဆိုတော့ အဲဒီမိသားစုတွေအကြောင်းသိတဲ့လူတွေ၊ ရပ်ကွက်လူ့အဖွဲ့အစည်းတွေရဲ့ သီးခြားလိုအပ်ချက်တွေကို သိနေတဲ့ လူတွေရှိထားဖို့အတွက်အဖြစ်ပါတယ်" ဟု ကာရူတီက ဆိုသည်။

ကလေးများအား ကျောင်းတွင် ကျွေးမွေးပြုစုသော အာဟာရအစီအစဉ်များ၊ ကျောင်းနှင့် အိမ်ဝေးကွာမှု လျှော့ချရေးအစီအစဉ်များကလည်း ကလေးများကို ကျောင်းလွှတ်ရန် မိဘများ၏ စိတ်ချယုံကြည်မှု ရရှိစေခဲ့သည်။

မိန်းကလေးများ ကျောင်းဆက်နေရန် လုပ်ဆောင်ရန်မှာလည်း အလွန်အရေးကြီးပါသည်။ အကြောင်းမှာ မိန်းကလေးများသည် အကြောင်းအရာ အမျိုးမျိုးကြောင့် ကျောင်းဆက်မတက်ဘဲ ရှိတတ်ပါသည်။ ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ပြု၍သော်လည်းကောင်း၊ ဓမ္မတာစတင်လာပြီး ပစ္စည်းပစ္စယ မပြည့်စုံသောကြောင့်လည်းကောင်း မိန်းကလေးများ ကျောင်းတက်ရပ်သွားတတ်ပါသည်။ "ကျွန်မတို့က ကြားဝင်လိုက်တယ်လေ။ သူတို့လိုနေတဲ့ ပစ္စည်းကို ထောက်ပံ့ပြီး ကျောင်းဆက်တက်ခိုင်းထားလိုက်တယ်" ဟု မစ္စတာကာရူတီက ဆိုသည်။

ယခုဆိုလျှင် ကျောင်းအပ်နှုန်းများမြင့်တက်လာပြီဖြစ်သည်။ ထို့အတွက် အရည်အသွေးမြင့်ပညာရေးကို အာရုံစိုက်ရတော့မည်ဖြစ်ကြောင်း မစ္စစ်ကာရူဘီက ပြောသည်။ "ကျွန်မတို့နောက်ထပ် ပစ်မှတ်ထားရမှာက စာတတ်မြောက်မှု အရည်အတွက်ရောအရည်အချင်းပါတိုးတက်အောင် ဘယ်လိုလုပ်မလဲဆိုတာပါ" ဟု ၎င်းကပြောသည်။

နောက်ထပ်ထူးထူးခြားခြား အောင်မြင်မှုရလာသော နယ်ပယ်တစ်ခုမှာ HIV/AIDS ၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းဖြစ်ကြောင်း အစီရင်ခံစာက တွေ့ရှိခဲ့သည်။ ဆေးစိမ်ခြင်ထောင်များက ငှက်ဖျားရောဂါကို ကူညီတားဆီးခဲ့သည်။ အေအာရ်တီဆေးများက HIV ပိုးရပ်စ် ပျံ့နှံ့မှုကို ကူညီချိုးနှိမ်ခဲ့သည်။ မိခင်မှ ကလေးသို့ ကူးစက်မှု အများအပြားကို တားဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း MDG စင်တာ HIV/AIDS ဒေသတွင်းအကြံပေး မော်ရင်းအဒူဒန်က ပြောပြသည်။

သို့သော် စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်ပါသည်။ "ကျွန်တော်တို့ သတိပြုအမှတ်ရနေရမှာက တော့ ဒီရောဂါ (HIV) ကူးစက်မှုအများအပြားနဲ့ အဲဒီကူးစက်မှုကြောင့် ထိခိုက်ခဲ့သူ အများအပြား အာဖရိကတိုက်မှာ ဆက်လက်ရှိနေတယ်ဆိုတာပဲ" ဟု အဒူဒန်က ထောက်ပြသည်။

အမျိုးသမီးများနှင့်မိန်းမများကြား ကူးစက်မှုမှာ ဆက်လက်မြင့်မားနေဆဲဖြစ်ပြီး အာဖရိကတိုက်တွင် HIV ကူးစက်ခံရမှု အသစ်၏ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း၎င်းကဆိုသည်။ ယောက်ျားများမှာ မိသားစုများတွင် ဦးဆောင်ဆုံးဖြတ်သူများ ဖြစ်နေသောကြောင့်လည်း အမျိုးသမီးများမှာ လိင်မှတစ်ဆင့် ကူးစက်သောရောဂါကာကွယ်ရေး အခွင့်အလမ်းနည်းသည်။ ထို့အတွက် အမျိုးသမီးများ စွမ်းအားရှိအောင် ကူညီရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရေးအတွက် ၎င်းတို့က ပါဝင်ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ဟု အဒူဒန်က ဆက်ပြောသည်။

ထောင်စုနှစ်ရည်မှန်းချက်များကို ခြေလှမ်းကျဲကြီးများဖြင့် တက်လှမ်းနေလင့်ကစား အာဖရိကတိုက်တစ်တိုက်လုံးအနေဖြင့်မူ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ထက်ဝက်လျှော့ချနိုင်မည်မဟုတ်ပါ။ ၂၀၁၀ ပြည့်နှစ်က ဆာဟာရတစ်ပိုင်း အာဖရိကဒေသတွင် လူဦးရေ ၄၈ ဒသမ ၅ ရာခိုင်နှုန်းမှာ အလွန်အမင်းဆင်းရဲသော အခြေအနေတွင် နေထိုင်နေရသည်။ ယင်းမှာတစ်နေ့လျှင် ကန်ဒေါ်လာ ၁ ဒသမ ၂၅ သာ သုံးစွဲအသက်ရှင်နေခြင်းဟု ဆိုလိုပါသည်။ ၁၉၉၀ ပြည့်နှစ်က ယင်းရာခိုင်နှုန်းမှာ ၅၆ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

ဂါနာ၊ ယူဂန်ဒါ၊ အီသီယိုပီးယား၊ ရဝမ်ဒါအစရှိသော နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာခဲ့သော်လည်း မာလီ၊ ချဒ်၊ နိုင်ဂျာနိုင်ငံများနှင့် အခြားအာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်း အာဖရိကနိုင်ငံများတွင်မူ စီးပွားရေးနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး မတွေ့ရသလောက်ပင်ဖြစ်ကြောင်း ကမ္ဘာလုံးနှင့် ဒေသဆိုင်ရာ လေ့လာရေးဂျာမနီအင်စတီကျုဒ်မှ လီနာဂက်စ်က ပြောကြားပါသည်။

*—Ref: Africa is on course for 2015 development targets*

**မွန်မြတ်ဆေးခန်း** ဖိသားစုဘဝ ကျန်းမာသုခ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိင်စေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့် သွေးထဲအဆီများသူများကုသခြင်း**

-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူးခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ပယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါဖြစ်သနားများကို ခြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၇
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရိုး၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၀ ၅၈၅၉၄၅

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| စာရင်းကိုင် (Microsoft Excel 2007) | မ (၂) ဦး၊ |
| Quality Control Staffs | မ (၄) ဦး၊ |
| Cashier | မ (၁) ဦး |

ဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ရမည်။ အသက်(၂၂)နှစ်မှ(၃၀)နှစ်ကြားဖြစ်ရမည်။ စာရွက်စာတမ်းစုံလင်စွာဖြင့် လူကိုယ်တိုင်ရုံးချိန်အတွင်း ၃၀-၆-၂၀၁၃ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

**ရွှေကျားမင်းရွှေဝန်းထိမ်လုပ်ငန်း**

အမှတ်-၅၀၅၊ ၃ လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၄၃၁၀၉၁၆၉၉၊ ၇၃၃၉၀၁၃၆၆

**STAMFORD - CITY BUSINESS INSTITUTE**

S C B I

"The place to learn English !"


01393360
011220565

No.42-(A),Ground floor, Yaw Min Gyi Street,Dagon Tsp.

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# 7DAY BOOK REVIEW

## ဒေါမာန်ဟုန်
## (စံဝင်းမောင်၊ မင်းမျိုးနိုင်)




တက္ကသိုလ်ကျောင်းသားများက စတင်ခဲ့သော ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပွားခဲ့သည်မှာ လာမည့်ဩဂုတ်လတွင် ၂၅ နှစ်ပြည့်(ငွေရတု)သို့ရောက်ရှိတော့မည်ဖြစ်သည်။ ထိုအချိန်က တစ်ပါတီ အာဏာရှင်စနစ်ကို မနှစ်မြို့၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကျောင်းသားများသာမက တပ်မတော်သား အချို့နှင့် လူမှုလူတန်းစားပေါင်းစုံတို့ ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ကြသည်။ ထိုအထွေထွေ သပိတ်ကြီး၏ အကျိုးဆက်အဖြစ် တစ်ပါတီ အာဏာရှင်စနစ်ပြုတ်ကျသွားခဲ့သော်လည်း ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စစ်တပ်က အာဏာသိမ်းယူခဲ့သည်။ ထိုစဉ်က စစ်ခေါင်းဆောင်များသည် ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဂုဏ်အသရေညှိုးနွမ်းသိမ်ဖျင်းအောင် တံဆိပ်အမျိုးမျိုးကပ်၍ အမနာပ ပြောဆိုရေးသားဝါဒဖြန့်ခဲ့ကြသည်။ ထို့အတွက်လည်းရိုးအလှသောပြည်သူအချို့နှင့်၁၉၈၈ ခုနောက်ပိုင်း မွေးဖွားခဲ့သော လူငယ်အချို့မှာ ရှစ်လေးလုံး အရေးတော်ပုံကြီး၏ အရေးပါမှု၊ သမိုင်းဝင်မှုနှင့် သရုပ်သကန်များကို နားလည်မှုလွဲမှားခြင်းနှင့် မှားယွင်းသော အချက်အလက်များကိုသာ ခံယူသိမ်းပိုက်မိခဲ့ကြသည်။ ရှစ်လေးလုံးအရေးတော်ပုံအကြောင်း ရေးသားထားသော စာအုပ်စာတမ်းများမှာလည်း စစ်အစိုးရ အကြိုက်လိုက်၍ ရေးသားထားသော စာအုပ်စာတမ်းများမှလွဲ၍ ကျန် စာအုပ်စာတမ်းများကို စစ်အစိုးရ က လိုက်လံပိတ်ပင်သိမ်းဆည်းခဲ့ကြသည်။ ထိုသို့ လိုက်လံပိတ်ပင် တားဆီးသော စာအုပ်များတွင် ဘာတီးလ်လင့်တနာရေးသားသော OUTRAGE စာအုပ်သည်လည်း အပါအဝင်ဖြစ်ခဲ့သည်။


ယခုအခါ OUTRAGE စာအုပ်ကို စံဝင်းမောင်နှင့် မင်းမျိုးနိုင်တို့က မြန်မာပြန်ဆို၍ မောင်ကြည်သစ်က စီစဉ်တည်းဖြတ်ကာ ဒေါမာန်ဟုန်အမည်ဖြင့် စာဖတ်သူတို့ ရှေ့မှောက်ရောက်ရှိလာခဲ့ပါသည်။ ဤစာအုပ်သည် ရှစ်လေးလုံးအရေးတော်ပုံ သမိုင်းအပြည့်အစုံဟု မဆိုနိုင်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုရပါမည်။ မူရင်းစာရေးသူ ဘာတီးလ်လင့်တနာသည် Far Eastern Economic Review တွင် သတင်းထောက်တစ်ဦးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအကြောင်း ပင်တိုင်ရေးသားသော ဆောင်းပါးရှင်တစ်ဦးလည်း ဖြစ်သည်။ ဤစာအုပ်တွင် မြန်မာပြည်မှ ထွက်ပြေးခဲ့ရသော ပြည်ပရောက်မြန်မာကျောင်းသား တစ်ရာကျော်နှင့် ပြည်တွင်းမှ အရေးတော်ပုံ၌ ပါဝင်လှုပ်ရှားခဲ့သူများကို တွေ့ဆုံမေးမြန်းကာ မှတ်တမ်းတင်ထားသည်။ ဘီဘီစီ သတင်းဌာန၏ သတင်းထောက် ရှစ်လေးလုံးဇာတ်လိုက်ကျော် ခရစ်တိုဖာဂန်းနပ်စ်က ဒေါမာန်ဟုန် စာအုပ်ကို မြန်မာဘာသာ စကားဖြင့် ထုတ်ဝေနိုင်ခြင်းအတွက် "အမှန်စင်စစ် **ဒေါမာန်ဟုန်**သည် ထက်မြက်ထူးခြားလှသော ကျောင်းသားမျိုးဆက်တစ်ရပ်သို့ လေးစားစွာပေးအပ်လိုက်သည့် ဂုဏ်ပြုလက်ဆောင်ဖြစ်သည်။ ထိုကျောင်းသားတို့သည် ဤစာအုပ်၏ အဓိကသူရဲကောင်းများဖြစ်ကြသည်။ အစဉ်တစိုက်ဆက်၍ ဆက်၍ ဖြစ်တည်ရှင်သန်နေမည်ဖြစ်သော သူတို့၏ သတ္တိ၊ သူတို့၏ စွန့်လွှတ်စွန့်စားနိုင်မှုတို့ကို ကျွန်ုပ်တို့ မည်သည့်အခါမှ မေ့ပျောက်နိုင်စွမ်းရှိမည်မဟုတ်ပါ။ ထို့ကြောင့်လည်း မြန်မာ့သမိုင်းတွင် ထိုအာဇာနည်ကျောင်းသားများအတွက် စစ်စစ်မှန်မှန်ရှိနေရမည့် ထိုက်တန်သောနေရာကို **ဒေါမာန်ဟုန်** က ခင်းကျင်းပေးလိုက်ခြင်း ဖြစ်သည်။ အာရှဒေသ စစ်အေး တိုက်ပွဲကြီး ပြီးဆုံးသွားသည်ကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဆက်စပ်၍ လေ့လာဆန်းစစ် ကြည့်လိုက်သောအခါ မြန်မာနိုင်ငံ၏ ၁၉၈၈ ကျောင်းသားမျိုးဆက်ကို နှစ်ဆယ်ရာစုကမ္ဘာ့သမိုင်းတွင် သူတို့နှင့် ထိုက်တန်သောနေရာ အပ်နှင်းပေးရမည်ဟု ကျွန်တော် နားလည်ခံယူထားပါသည်"ဟု ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည်။ စာအုပ်ကို သင်းစာပေမှ ထုတ်ဝေပြီး တန်ဖိုး ကျပ် ၅,၀၀၀ ဖြင့် ဖြန့်ချိ သည်။

# Knowledge ပဟုသုတ

## အာကာသထဲမှာရှိတဲ့ အာကာသစခန်းယာဉ် Space Station ဆိုတာ


အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းထဲတွင် လည်ပတ်နေပြီး အချိန်ကာလတစ်ခုနေထိုင်နိုင်ကာ ယာဉ်မှူးတစ်ဦးအနည်းဆုံးလိုက်ပါနိုင်သောယာဉ်ကို အာကာသစခန်းယာဉ် Space Station ဟု ခေါ်သည်။ အာကာသစခန်းယာဉ်တို့သည် မြေပြင်မှအာကာသထဲသို့ ပျံသန်းရောက်ရှိသွားသော အာကာသယာဉ် Space Craft များနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့မှာ ပျံသန်းသွားနိုင်သော စွမ်းရည်လျော့နည်းပြီး ကမ္ဘာပတ်လမ်းထဲ၌သာ လှည့်လည်သွားနေသည်ကို တွေ့နိုင်သည်။ အာကာသစခန်းယာဉ်များမှာ အာကာသထဲတွင် အချိန်ကြာကြာနေနိုင်ပြီး သုတေသနစမ်းသပ်မှုပြုလုပ်နိုင်ရန် စခန်းချလုပ်ဆောင်ရသည့် သဘောရှိသည်။ ကမ္ဘာတွင် အာကာသထဲသို့ ပထမဆုံးရောက်ရှိသော အာကာသစခန်းယာဉ်မှာ ဆိုလ်ယု-၁ဖြစ်ကာ ၁၉၇၁၊ ဧပြီ ၁၉ တွင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယာဉ်မှာ ယနေ့ခေတ် စခန်းယာဉ်များကဲ့သို့ အခြားယာဉ်များဖြင့် ထပ်မံချိတ်ဆက်နိုင်ခြင်းမရှိဘဲ တစ်ခုတည်းသာဖြစ်သည်။ ဆိုလ်ယု- ၁သည် အရပ်ဘက်သုံးသုတေသနယာဉ်ဖြစ်ကာ နောက်ပိုင်းတွင် လွှတ်တင်သည့် ဆိုလ်ယု- ၂၊၃၊၅တို့မှာ စစ်ဘက်ဆိုင်ရာယာဉ်များဖြစ်သည်။ ၎င်းတို့ကို အယ်လ်မေ့ဇ် ယာဉ်များဟုလည်း ခေါ်ကြသည်။




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ဘဝအခြေအနေမြင့်မားတိုးတက်မည်။ ကြံစည်ကြိုးပမ်းထားသည်များအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ စုပေါင်းတွဲဖက်လုပ်ရန်ကိစ္စများ ပေါ်ပေါက်မည်။ မိသားစုရေးရာကိစ္စများအဆင်ပြေမည်။ အရပ်တစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်သောကိစ္စများအဆင်ပြေမည်။ အလုပ်တိုးတက်မည်။ အနာဂတ်အကျိုးဆက်ကောင်းများရရှိနိုင်သည့် အလုပ်များရရှိမည်။ စီးပွားရေးအဖြာဖြာတွင် ကောင်းစွာတိုးတက်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မူလတွက်ဆထားသည့် လုပ်ငန်းပုံစံကုန်ကျမှုစရိတ်တို့နှင့် လက်တွေ့ဖြစ်ပေါ်လာမှုကွာခြားနေသည်။ တွဲဖက်လုပ်သူများ မရိုးမသားပြုခြင်းကြောင့် နာမည်သိက္ခာထိခိုက်နိုင်သည်။ ရန်အပြိုင်အဆိုင်များနှင့်ယှဉ်ပြီး အလုပ်ကိစ္စများဆောင်ရွက်ရမည်။ ဆောင်ရွက်ထားသည့်ကိစ္စအပေါ် တုပယှဉ်ပြိုင်သူများနှင့် ရင်ဆိုင်ရမည်။ မျောက်ရုပ်ပုံပါသောပစ္စည်းတစ်ခုခုလက်ဆောင်ရရှိက အထူးကောင်းသည်။ အောင်မြင်မှုများ ရရှိမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲအားလုံးကို ကျော်လွှားပြီး ဆန္ဒရှိသည့်အရာမှန်သမျှကို အခိုင်အမာဆောင်ရွက်နိုင်မည်။ တစ်ခုထက်မကသော အလုပ်ကိစ္စများကို ဆောင်ရွက်အောင်မြင်မည်။ အမိန့်ဩဇာပေးရမည်။ ပြောရေးဆိုရေးအောင်မြင်မည်။ ဦးဆောင်ရသော အနေအထားသို့ အလိုအလျောက်ရောက်ရှိမည်။ အတတ်ပညာကိစ္စထွန်းထွန်းပေါက်ပေါက်အောင်မြင်မည်။ မိဘအကြီးအကဲ များ၏ ကျန်းမာရေးကို အလေးမူဂရုထားသင့်၏။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အိမ်တွင်းရေးပဋိပက္ခရှိမည်။ သူများပြဿနာကိုယ့်ပြဿနာဖြစ်မည်။ နာမည်သိက္ခာထိခိုက်အောင် စွပ်စွဲသောသူများနှင့်ကြုံမည်။ အလုပ်သစ်၊ အကြံသစ်များချဲ့ထွင်ဆောင်ရွက်၍ ရသည်။ ကြန့်ကြာနေသည်များပြန်ရမည်။ မိဘအကြီးအကဲကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ စာရွက်စာတမ်းနှင့် ကတိစာချုပ်သစ်များပြင်ဆင်ချုပ်ဆိုရမည်။ ပြီးမြောက်သွားပြီဟုယူဆထားသောကိစ္စတစ်ခု အသစ်မှပြန်လည်လုပ်ကိုင်ရမည်။




### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလိုပြည့်စုံမည်။ ရည်ရွယ်ချက်အောင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဆုံးဖြတ်ချက်ချပြီးသားကိစ္စများကို ဦးတည်ချက်မပြောင်းဘဲ ရှေ့တိုးဆောင်ရွက်ပါ။ စုစည်းသော ကိစ္စများမှ အကျိုးအမြတ်များရလာမည်။ အမြတ်အစွန်းကောင်းစွာမရနိုင်ဟု ထင်ထားသောကိစ္စများမှ ငွေကြေးအကျိုးအမြတ်ကောင်းများရရှိမည်။ ဝေးကွာနေသောမိတ်ဟောင်းနှင့် ပြန်ဆုံမည်။ ၅၂၈-၁၅၀၀ မေတ္တာကံ (၂)မျိုးစလုံး ကောင်းသည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပြောင်းလဲပြီး ရှေ့တိုးလုပ်ကိုင်လိုက်သောကိစ္စများမှ ထင်ရှားသောအကျိုးဆက်များဖြစ်လာမည်။ ရန်အနှောင့်အယှက်များ ကျော်လွှားအောင်မြင်မည်။ လူမျိုးခြားများနှင့်ဆက်နွှယ်၍ အကျိုးရှိမည်။ နေရာအပြောင်းအရွှေ့များအောင်မြင်မည်။ အိမ်ရှိအသက်အရွယ်ကြီးသူများ၏ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ အပျောက်အရှများမည်။ ငွေကြေးလက်ဝယ်ပြတ်တတ်သည်။ လူလိမ်လူကောက်များနှင့် တွေ့ရတတ်သည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြဿနာများဖြေရှင်းရမည်။ အခက်အခဲများကျော်လွှားရမည်။ လူယုံဒုက္ခပေးမည်။ လူလိမ်လူကောက်အန္တရာယ်သတိရှိပါ။ အိမ်တွင်းရေးကိစ္စ၊ ဆွေရေးမျိုးရေးကိစ္စများအတွက် စိတ်ပင်ပန်းရမည်။ ကြိုးစားဆောင်ရွက်ထားသောကိစ္စမှ ကောင်းသောအကျိုးအမြတ်ရမည်။ မိတ်ဆွေတစ်ဦး၏ အမှုအခင်းများ လိုက်လံဖြေရှင်းရမည်။ အရေးကြီးသောစာရွက်စာတမ်းများ လက်မှတ်ရေးထိုးရမည်။ အထင်မှားခံရမည်။ စွပ်စွဲခံရမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဘက်ဘက်မှ အဆင်ပြေမည်။ အလိုပြည့်စုံမည်။ အတိုက်အခံများကို ကျော်လွှားနိုင်မည်။ စီးပွားလာဘ်လာဘနှင့် ဥစ္စာဓနအတွက် အထင်အရှားအကျိုးပေးမည်။ ပုံမှန်မဟုတ်သော ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများဆောင်ရွက်၍ ကောင်းသောအကျိုးဆက်များရရှိမည်။ ဆုံးဖြတ်ချက်များမှန်မည်။ ပျိုရွယ်သောသူများအဖို့ တစ်ဦးထက်မကသော အချစ်ရေး၊ မေတ္တာရေးကိစ္စများ ပေါ်ပေါက်မည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အဆိုးအညံ့အလုံးစုံကို ကျော်လွှား၍ ကောင်းခြင်းကံများ ဆက်တိုက်ဖြစ်ထွန်းမည်။ ရည်ရွယ်ချက်သစ်များအကောင်အထည်ဖော်၍ အထင်အရှားတိုးတက်မည်။ အနှောင့်အယှက်ပေးသူများကို ကျော်လွှားနိုင်မည်။ ကိုယ်စွမ်းကိုယ်စကို အသုံးချ၍ တက်လမ်းများ ဖော်ဆောင်နိုင်မည်။ ဘာသာစကားများမထင်မှတ်ဘဲ လေ့လာရမည်။ ဝေးလံသောအရပ်သို့ သွားရမည်။ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ငွေကြေးစီးပွားရေးရာတို့တွင် ဆောင်ရွက်သလောက် ထွန်းပေါက်မည်။ အတန်ကြာကြိုးစားထားသည်များမှ အကျိုးဆက်ကောင်းရမည်။ အခွင့်အရေး ၂ မျိုးတစ်ပြိုက်နက်တည်းပေါ်မည်။ ပြဿနာဟောင်းများဖြေရှင်းအဆင်ပြေမည်။ အရပ်ဝေးနှင့်ဆက်သွယ်လုပ်သောကိစ္စများအဆင်ပြေမည်။ ရပ်တန့်ထားသောလုပ်ငန်းများကိုပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ ပျိုရွယ်သောသူများမေတ္တာရေးအရှုပ်အထွေးရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ပြဿနာဟောင်းများ ဖြေရှင်းနိုင်မည်။ အလှူအတန်းကိစ္စ၊ ဘာသာရေးကိစ္စများ မထင်မှတ်ဘဲလုပ်ကိုင်ရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲများထံမှ ထူးခြားသောအထောက်အကူရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အလိုရှိရာဆောင်ရွက်နိုင်မည်။ အရပ်ဝေးရောက်နေသူများထံမှ ကောင်းသတင်း၊ တိုးတက်မှုသတင်းများ လက်ခံရရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မြှုပ်နှံထားသော ငွေကြေးများ၊ လုပ်ငန်းများမှကောင်းသောအကျိုးဆက်ရမည်။ အခက်အခဲကြားမှ တိုးတက်မည်။ ယာဉ်ကားမောင်းနှင်သူများသတိရှိပါ။ အာမခံခြင်း၊ တာဝန်ယူခြင်းများ တတ်အားသမျှရှောင်ပါ။ ဦးတည်ချက်ပြောင်းပြီး ဆောင်ရွက်သော ကိစ္စများမှ ထူးခြားစွာအဆင်ပြေမည်။ စနစ်တကျဆောင်ရွက်ထားသည့်ကိစ္စတစ်ခုအား လမ်းကြောင်းပြောင်း၍ ဆောင်ရွက်ရမည်။

Environment

7 DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013

# အင်းလေးကန်ရှိ ဟိုတယ်များ ရေဆိုးစွန့်ပစ်မှုစနစ် စိစစ်သင့်ကြောင်း အင်းတိုင်းရင်းသားရေးရာဝန်ကြီးပြောကြား



*အင်းလေးကန်တွင် ငါးဖမ်းရန် ပြင်ဆင်နေသည့် အင်းသားတစ်ဦး*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

**သန်းထူး**

**နေပြည်တော်၊ ဇွန်- ၁၅**

အင်းလေးကန်အတွင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ဟိုတယ်များ၏ ရေဆိုးသန့်စင်ထုတ်လွှတ်မှုစနစ်ကို ပြန်လည်စိစစ်ပြီးမှသာ ခွင့်ပြုသင့်ကြောင်း အင်းတိုင်းရင်းသားရေးရာဝန်ကြီးကပြောကြားသည်။ "ဟိုတယ်တွေက ရေဆိုးကို ရေသန့်ပြောင်းပြီးစွန့်တာ အောင်မြင်မှု ရှိ၊ မရှိသေချာစိစစ်ပြီးမှသာ လည်းပတ်ခွင့်ပေးသင့်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ဇွန်လ ၁၃ ရက်က ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ၌ ပြည်နယ်ဝန်ကြီးက ပြောကြားခဲ့သည်။ အင်းလေးကန်၏ ရေအရည်အသွေးကျဆင်းရသည့် အကြောင်းရင်းများတွင် အဆိုပါရေဆိုးစွန့်ပစ်မှုလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် တောင့်တင်းသောရန်ပုံငွေတစ်ရပ်ထူထောင်မည်ဖြစ်ရာ ဒေသခံပြည်သူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ဟိုတယ်များ အလှူငွေထည့်ဝင်သင့်ကြောင်း၎င်းကပင် ပြောကြားသည်။ အင်းလေးကန်သို့ လာရောက်သောဧည့်သည်များထံမှရရှိသည့် ဝင်ငွေ ၅၀ ရာခိုင်နှုန်းကို ပြည်နယ် အစိုးရသို့ ပေးရပြီး ကျန် ၅၀ ရာခိုင်နှုန်းကိုသာ ကန်အတွက် သုံးစွဲလျက်ရှိသည်။ အင်းလေးကန်တွင်လက်ရှိဖွင့်လှစ်ထားသော ဟိုတယ် ၁၃ လုံးသည် ယခင်က ခွင့်ပြုခဲ့သော ဟိုတယ်များဖြစ်ပြီး အသစ်ချထားပေးခြင်းကိုမူ ပြည်နယ်အစိုးရကသာ ဆောင်ရွက်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နော်ဝေးအစိုးရတို့၏ အကူအညီဖြင့် ဆောင်ရွက်မည့် ဒေါ်လာ သန်း ၅၀၀ ကုန်ကျမည်ဖြစ်သော ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်တွင် အင်းလေးကန် အတွက် လမ်းသွယ်များ ဖောက်လုပ်ခြင်းလည်းပါဝင်ကြောင်း သတင်းရရှိသည်။

# ကသာသစ်တောကြိုးဝိုင်းများတွင် ပိုင်ရှင်မဲ့ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်- ၁၅**

ကသာမြို့နယ်ရှိ သစ်တောကြိုးဝိုင်းများတွင် တရားမဝင်ခုတ်လှဲထားသည့် သစ်နှင့်သစ်ခွဲသားများကို ဖမ်းဆီးရမိခဲ့ပြီး အများစုမှာ ပိုင်ရှင်မဲ့များ ဖြစ်သည့်အတွက် ပိုင်ရှင်များကို ဆက်လက်စုံစမ်းနေကြောင်း သတင်းရရှိသည်။

ဇွန် ၂ ရက်၊ ၃ ရက်တို့တွင် ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြောက်ပြင်ဘီနယ်၊ ကလုံကြိုးဝိုင်းအတွင်း တရားမဝင်ခုတ်လှဲထားသည့် တမလန်းအမျိုးအစားသစ်များ ၁၁ တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း ကသာခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးမင်းထွဋ်ကပြောသည်။

ထို့အပြင် ဇွန်လ ၇ ရက်တွင် အင်းတော်မြို့နယ် တပ်လွင်ကြိုးဝိုင်း၌ ကျွန်းသစ်၊ အင်ကြင်းသစ်နှင့် ခွဲသားစုစုပေါင်း ၁၂ တန်ကျော်ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း ၎င်းက ဆိုသည်။

"ကသာခရိုင်မှာ သစ်ကိုကားနဲ့ရော၊ ရောဝတီမြစ်ကြောင်းကနေရော ခဏခဏ ခိုးထုတ်နေတာ၊ မကြာခဏလည်း ဖမ်းဆီးရမိပါတယ်"ဟု ဦးမင်းထွဋ်ကပြောကြားသည်။

တရားမဝင် သစ်ခိုးထုတ်မှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး အချို့ ဒေသများတွင် သစ်ခိုးထုတ်ရာ၌ သစ်တောဝန်ထမ်းများ ပါဝင်ပတ်သက်မှုများရှိပြီး ယခုနှစ်မတ်လက ပုပ္ပါးတောင်တွင် ဒေသခံများနှင့် ပူးပေါင်း၍ သစ်ခိုးထုတ်သည့် သစ်တော ဝန်ထမ်းလေးဦးကို အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

# REDD လမ်းပြမြေပုံနှင့် မဟာဗျူဟာလမ်း ဇွန် ၂၅ရက်တွင် ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၅**

သစ်တောကျန်ရှိမှုနှင့် သစ်တောပြုန်းတီးမှုများသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ရွေးချယ်၍ သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ချခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း (REDD) ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် စာရင်းအင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သစ်တောပြုန်းတီးခြင်းမှာ သစ်ပင်သစ်တောများ လုံးဝပြုန်းတီးခြင်းဖြစ်ပြီး သစ်တောအတန်းအစား လျော့ချခြင်းမှာ မူလတောတောင်မှ ချုံပုတ်အသွင်မြေနိမ့်ပင်များ ကျန်ရှိခြင်းနှင့် သစ်ပင်ကောင်းများ မကျန်ရှိခြင်းတို့ဖြစ်လာကာ တဖြည်းဖြည်း သစ်ပင် ကျန်ရှိမှုနည်းလာခြင်းတို့ဖြစ်သည်။

ပဲခူး၊ တောင်ကြီး၊ ဘိုကလေးနှင့် ကသာဒေသတို့တွင် ရှေ့ပြေးအနေဖြင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ချခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းလမ်းပြမြေပုံနှင့် မဟာဗျူဟာ လမ်းညွှန်ချက်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများပြုလုပ်ခဲ့သည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံအတွက် သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ချခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း လမ်းပြ မြေပုံနှင့် မဟာဗျူဟာ လမ်းညွှန်ချက်ကို ၂၀၁၂ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ရာ ယခုနှစ်တွင် ပြီးစီး၍ ဇွန် ၂၅ ရက်တွင် လူထုကို ထုတ်ပြန်မည်ဖြစ်သည်။

ယခင်က ၂၀၁၃ ခုနှစ် ဧပြီလတွင် ပြီးစီးရန် မျှော်မှန်းထားသော်လည်း အချိန်ကာလများစွာယူရခြင်းမှာ အားလုံးအသုံးဝင်သည့် လမ်းပြမြေပုံဖြစ်စေရေးအတွက် လူတန်းစားပေါင်းစုံပါဝင်ပြီး ပညာရှင်များစွာ၏ အသံများကို နားထောင်ရမည်ဖြစ်သောကြောင့် အချိန်ယူခြင်းဖြစ်သည်ဟု ဆိုသည်။

ရေးဆွဲရာတွင် ပါဝင်သူများမှာ အတွေ့အကြုံများ မရှိသေးသောကြောင့် စွမ်းရည်မြှင့်တင်သည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးမှုများကိုပြုလုပ်ရန် အပြည်ပြည်ဆိုင်ရာသစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းမှ အမေရိကန်ဒေါ်လာ ငါးသိန်းခုနစ်သောင်း ထောက်ပံ့ခဲ့သည်။




Tourism

7 DAY NEWS JOURNAL

Vol.12, No.15 • JUNE 19 , 2013

# ရခိုင်ပြည်နယ်တွင် ဟိုတယ်ဇုန်များ ထပ်မံတိုးချဲ့မည်

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၁၅**

ရခိုင်ပြည်နယ်ရှိ ပင်လယ်ကမ်းခြေ အပန်းဖြေနေရာများတွင် ဟိုတယ်ဇုန်များ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ငပလီဟိုတယ်ဇုန်မှ သတင်းရရှိသည်။

ငပလီဟိုတယ်ဇုန်ကို ထပ်မံတိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလအတွင်း ဟိုတယ်အသစ်လေးလုံး ထပ်မံဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ငပလီဟိုတယ်ဇုန်မှာ ထပ်ဖွင့်မယ့်ဟိုတယ်တွေက မက်စ်မြန်မာအပြင် အခြားနာမည်ကြီးဟိုတယ်သုံးခုပါတယ်။ ရခိုင်မှာ အခြားမြို့နယ်တွေထက်ငပလီကတော့ ဧည့်သည် ပြတ်တယ်မရှိဘူး။ အဝင်ကလည်း တစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်"ဟု ငပလီဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငပလီဟိုတယ်ဇုန်၌ ယခုလက်ရှိတွင် ဟိုတယ် ၁၇ လုံးရှိပြီး ထပ်မံဖွင့်လှစ်မည့် ဟိုတယ်လေးလုံးနှင့် ဖွင့်လှစ်ရန်ခွင့်ပြုချက်စောင့်ဆိုင်းနေသော ဟိုတယ်နှစ်လုံးရှိသည်။ လက်ရှိတွင် ငပလီဟိုတယ်ဇုန်၌ အခန်းပေါင်း ၅၆၄ ခန်းဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ "ဟိုတယ်ဇုန်တိုးချဲ့တာကောင်းပါတယ်။ နှစ်စဉ်ငပလီကိုသွားတဲ့ခရီးသွားဧည့်သည်မနည်းဘူး။ ခရီးသွားရာသီဆိုအခန်းတွေပြည့်ကျပ်နေရော။ အခန်းဘွတ်ခ်ကင်ယူရတဲ့ပြဿနာ ဖြေရှင်းနိုင်တာပေါ့"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီမှ မေလအတွင်း ဝင်ရောက်လာသောခရီးသွားဦးရေမှာ ၂၀၁၂ အဆိုပါကာလအတွင်းဝင်ရောက်လာသော ခရီးသွားဦးရေထက် လေးဆယ်ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်းဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

# သွားလာနေထိုင်ရေး အခက်အခဲများကြောင့် ကယားပြည်နယ်သို့ နိုင်ငံခြားဧည့်သည် သွားရောက်မှု နည်းနေသေး

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၁၅**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို နိုင်ငံခြားသားခရီးသွားများ တရားဝင်သွားလာခွင့်ပြုနယ်မြေအဖြစ်သတ်မှတ်လိုက်သော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့်တည်းခိုနေထိုင်ရေးအဆင်မပြေမှုများကြောင့် သွားရောက်လည်ပတ်သူလျော့နည်းနေသေးကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ထံမှသတင်းရရှိသည်။

"ကယားပြည်နယ်က လွိုင်ကော်ပဲသွားလာခွင့်ရသေးတာ။ ဒါပေမဲ့ ချင်းပြည်နယ်လောက် လတ်တလောခရီးစဉ်တွေကိုနိုင်ငံခြားသားတွေ သိပ်စိတ်မဝင်စားသေးဘူး။ အချို့သဘာဝခရီးသွားတွေတော့ သွားချင်ကြတယ်။ လမ်းပန်းဆက်သွယ်ရေးက အဆင်မပြေဘူး။ တည်းခိုဖို့လည်း




*ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ နာမည်ကျော် တောင်ကွဲစေတီ*

ဓာတ်ပုံ- နေလင်းအောင်

လောလောဆယ် အဆင်မပြေသေးဘူး"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အမှုဆောင်တစ်ဦးက ပြောသည်။

ကယားပြည်နယ်သို့ နိုင်ငံခြားသား ခရီးသွားများကိုယခင်က တရားဝင်သွားလာခွင့် မပြုထားသော်လည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ လွိုင်ကော်မြို့နယ်ကို တရားဝင်သွားလာခွင့်ပြု နယ်မြေအဖြစ် သတ်မှတ်ပေးခဲ့သည်။ ဒီမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့ကိုမြို့ပေါ်ခွင့်ပြုပြီး မြို့ပြင်ခွင့်ပြုချက်တောင်းခံရန် နယ်မြေများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနကတရားဝင်သတ်မှတ်ပေးခဲ့သည်။ သို့သော် အထက်ပါဒေသများသို့နိုင်ငံခြားသားဧည့်သည်အဝင်မှာ လွန်စွာနည်းနေသေးပြီးတည်းခိုနေထိုင်ရန်အခက်အခဲများရှိကြောင်း ဧည့်လမ်းညွှန်များကဆိုသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကြီးဌာနက ကယားပြည်နယ်၊ လွိုင်ကော်နှင့် မယ်ဟောင်ဆောင်နယ်စပ်ဂိတ်ကိုဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီး ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် စတင်ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




# MA-60 လေယာဉ်များပျံသန်းခွင့်ရပ်နားသော်လည်း ခရီးစဉ်ထိခိုက်မှုမရှိဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၁၅**

လေယာဉ်မတော်တဆဖြစ်မှုများကြောင့် MA-60လေယာဉ်များ ပျံသန်းခွင့်ရပ်နားထားသော်လည်း မြန်မာ့လေကြောင်း ခရီးစဉ်များတွင် ထိခိုက်မှုမရှိကြောင်း အထွေထွေမန်နေဂျာ (စီမံ) ဦးသန်းထွန်းကပြောသည်။

"MA-60လေယာဉ်တွေကို ဝယ်ထားတာက သုံးဖို့အတွက်ဝယ်ထားတာပါ။ ရင်းနှီးမြှုပ်နှံမှုတွေ အကုန်အကျခံပြီးတော့ လုပ်ထားတာ။ ရပ်နားတာဟာ မြန်မာ့လေကြောင်းအတွက် ထိခိုက်မှုရှိပါတယ်။ သို့သော်လည်း ခရီးစဉ်တွေနဲ့ပတ်သက်ပြီးထိခိုက်မှုမရှိပါဘူး"ဟုဦးသန်းထွန်းကပြောသည်။

မြန်မာ့လေကြောင်း၌ လေယာဉ် ၁၁ စီးအထိရှိပြီး MA-60 သုံးစီး ရပ်နားထားသောကြောင့် ကျန်ရှစ်စီးသာ ပျံသန်းမည်ဖြစ်သည်။ ခရီးသွားရာသီမဟုတ်သောကြောင့် ခရီးစဉ်များ လျှော့ချပြောင်းလဲခြင်းတို့ကြောင့် မြန်မာ့လေကြောင်းခရီးစဉ်များတွင် ထိခိုက်မှုမရှိဟု အထွေထွေမန်နေဂျာကဆိုသည်။ ဘရိတ်စနစ်ချွတ်ယွင်းမှုကြောင့်မတော်တဆဖြစ်ခဲ့ရသော MA-60လေယာဉ်များရပ်နားထားပြီးနောက်တွင် မြန်မာ့လေကြောင်းတွင် ATR-42တစ်စီး၊ATR- 72သုံးစီး၊ Beech-1900 နှစ်စီး၊ Emraer 190 နှစ်စီး စုစုပေါင်းလေယာဉ်ရှစ်စီးဖြင့် ခရီးစဉ်များပြေးဆွဲလျက်ရှိသည်။ မြန်မာ့လေကြောင်းအနေဖြင့် ATR-72 600 အမျိုးအစားလေယာဉ်နှစ်စီးနှင့် ပြေးလမ်းတိုသော နယ်လေဆိပ်များတွင် ဆင်းသက်နိုင်သည့်လေယာဉ်ငယ်လေးစီးအား ငှားရမ်းခြင်း (သို့မဟုတ်) ဝယ်ယူခြင်းဖြင့်အစီးရေ တိုးချဲ့ရန်ရှိကြောင်း အထွေထွေမန်နေဂျာက ပြောသည်။

"တိုးချဲ့လာတဲ့ ခရီးသည်တွေနဲ့အညီ လေယာဉ်တွေ လိုအပ်တဲ့အတွက် ဖြည့်ဆည်းပေးတဲ့အနေနဲ့ ကြိုမှာထားတာပါ။ အခုလေယာဉ်သုံးစီးဖြစ်တာနဲ့ မဆိုင်ပါဘူး"ဟု ယင်းက ပြောသည်။

၂၀၁၂ခုနှစ်တွင် မြန်မာ့လေကြောင်းခရီးသည် ငါးသိန်းဝန်းကျင်ရှိခဲ့ပြီး မြန်မာ့လေကြောင်းမှ မြို့ပေါင်း ၂၆ မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသည်။

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013



























7 DAY NEWS JOURNAL
Vol.12, No.15 ▪ JUNE 19 , 2013

# "ထောင်ကျနိုင်တဲ့ အန္တရာယ်ကို လက်မခံဘဲ ဒီအလုပ်ကို ကျွန်တော်မလုပ်ပါဘူး"

## အမေရိကန် ထောက်လှမ်းရေးအကြောင်းဖွင့်ချသူ အက်ဒဝပ်စနိုးဒန်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဒီရက်ပိုင်းအတွင်း သတင်းတွေထဲမှာ အမေရိကန်လုံခြုံရေးအရာရှိဟောင်း အက်ဒဝပ်စနိုးဒန်ရဲ့ သတင်းတွေကတော့ ရေပန်းအစားဆုံးဖြစ်လိမ့်မယ် ထင်ပါတယ်။ ၎င်းဟာ ဝီကီလိခ်နဲ့ ဂျူလီယန်အက်ဆန်းတို့ပြီးနောက် အမေရိကန်အစိုးရကို အကြီးဆုံးဖွင့်ချသူအဖြစ်လည်း သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ သူက ဖွင့်ချမှုပိုပြင်းထန်တယ်။ အမေရိကန်ထောက်လှမ်းရေး အေဂျင်စီတွေကနေ ပြည်သူတွေရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေကို စောင့်ကြည့်ပြီး ထောက်လှမ်းနေပုံကို ကျကျနန ဖော်ပြလိုက်တာကြောင့် သူ့ကို အခုဆိုရင် ဖမ်းဆီးစစ်ဆေးမှုတွေ လုပ်ဖို့အထိတောင် ဦးတည်လာနေပြီဖြစ်ပါတယ်။ ဒါကြောင့်ကမ္ဘာကျော်ဖွင့်ချသူ Whistleblower တစ်ဦးဖြစ်လာတဲ့ စနိုးဒန်ကို အင်္ဂလန်ဂါးဒီးယန်းသတင်းကမေးမြန်းထားတဲ့ အင်တာဗျူးကို ဖတ်ကြည့်ပြီး သူ့အကြောင်း၊ သူ့ခံစားမှုတွေကို လေ့လာကြည့်ချင်ပါတယ်။ အခုဖော်ပြလိုက်တာလည်း အဲဒီအင်တာဗျူးမှ ကောက်နုတ်ချက်များ ဖြစ်ပါတယ်။

**ဘာကြောင့် ခင်ဗျား အခုလို ဖွင့်ချသူတစ်ဦးဖြစ်လာဖို့ ဆုံးဖြတ်လိုက်ရတာလဲ။**

NSA က အရာရာအားလုံးနီးပါးလောက်ကို ကြားဖြတ်စောင့်ကြည့်နိုင်တဲ့ အခြေခံအဆောက်အအုံတစ်ခုကို တည်ဆောက်ထားပါတယ်။ ဒီစွမ်းဆောင်ရည်နဲ့အတူ လူတွေရဲ့ ဆက်သွယ်ရေး အများစုဟာ ပစ်မှတ်ထား ကြားဖြတ်ကြည့်ရှုနေတာ မဟုတ်ပေမယ့် အလိုအလျောက်ကို ရနေပါတော့တယ်။ တကယ်လို့ ကျွန်တော့်အနေနဲ့ ခင်ဗျားဇနီးရဲ့ဖုန်း(သို့မဟုတ်)ခင်ဗျားရဲ့ အီးမေးလ်တွေကို ကြည့်ချင်တယ်ဆိုရင် ကျွန်တော်လုပ်နိုင်သမျှက ကြားဖြတ်စောင့်ကြည့်မှုတွေကို သုံးတာပါပဲ။ ဒီလိုမျိုးကိစ္စတွေ လုပ်နေရတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ ကျွန်တော် မနေနိုင်ပါဘူး။ ကျွန်တော်ပြောသမျှ၊ ရေးသမျှကို မှတ်တမ်းတင်ထားတဲ့ ကမ္ဘာတစ်ခုမှာ ကျွန်တော်မနေချင်ဘူး။ ဒါမျိုးက ကျွန်တော် ဆက်လက်ရှင်သန်ချင်၊ ထောက်ခံအားပေးချင်တဲ့ အရာတစ်ခု မဟုတ်ပါဘူး။

**ဒါပေမဲ့ ဘော့စတွန်ဗုံးခွဲမှုလို အကြမ်းဖက် တိုက်ခိုက်မှုတွေကို လျှော့ချနိုင်ဖို့စောင့်ကြည့်စစ်ဆေးမှုတွေ လုပ်ဖို့တော့ လိုနေတယ် မဟုတ်လား။**

အကြမ်းဖက်ဝါဒဟာ ခြိမ်းခြောက်မှု အသစ်တစ်ရပ် ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ဆုံးဖြတ်ရပါမယ်။ အကြမ်းဖက်ဝါဒကတော့ အမြဲရှိနေမှာပါပဲ။ ဘော်စတွန်ကိစ္စကတော့ ရာဇဝတ်မှုတစ်ခုပါ။ ဒါဟာ စောင့်ကြည့်စစ်ဆေးမှုအကြောင်း ပြောရမယ့်ကိစ္စတော့ မဟုတ်ပါဘူး။ အရင်ပုံစံဟောင်းအတိုင်း ရဲကိစ္စပါ။ ရဲတပ်ဖွဲ့ဟာ သူတို့လုပ်တတ်တာကို အကောင်းဆုံးလုပ်ခဲ့ပါတယ်။

**ခင်ဗျားကိုယ် ခင်ဗျားရော ဘရက်ဒလေမန်းနင်းလိုနောက်တစ်ဦးအဖြစ် မြင်မိပါသလား။**

မန်းနင်းက ဂန္ထဝင်မြောက်တဲ့ လျှို့ဝှက်ချက်ဖွင့်ချသူပါ။ သူလည်း အများကောင်းကျိုးအတွက် စိတ်တက်ကြွခဲ့တာပါ။

**ခင်ဗျားလုပ်ခဲ့တာကိုရော ရာဇဝတ်မှုတစ်ခုလို့ ယူဆပါသလား။**

အစိုးရဘက်ကအပိုင်းမှာ ရာဇဝတ်မှုလုပ်တာကို ကျွန်တော်တို့ မြင်ခဲ့ရပြီးပြီပဲ။ ကျွန်တော့်ကို အဲဒီလို ရာဇဝတ်မှုလုပ်တယ်လို့ စွပ်စွဲတာဟာ ဟန်ဆောင်တာပါ။ သူတို့က လူထုအမြင်နယ်ပယ်ကို ကျုံ့အောင်လုပ်ခဲ့ပါတယ်။

**ခင်ဗျားမှာ ဘာဖြစ်လာမယ်လို့ရော တွေးမိလဲ။**

ထူးထူးခြားခြား ကောင်းတာတော့မရှိပါဘူး။

**ဘာကြောင့် ဟောင်ကောင်ကို ရွေးခဲ့တာလဲ။**

လွတ်လပ်မှုလျော့နည်းတယ်လို့ ကျော်ကြားတဲ့ ဒီလိုနေရာမျိုးကို အမေရိကန် လူမျိုးတစ်ယောက် ပြောင်းရွှေ့လာရတာဟာ တကယ်ပဲ ကြေကွဲစရာပါ။ တရုတ်နိုင်ငံက ပြန်ပိုင်ဆိုင်ထားပေမယ့် ဟောင်ကောင်က လွတ်လပ်မှုတော်တော်ရှိတယ်လို့ သိထားကြတုန်းပါပဲ။ ဟောင်ကောင်မှာ လွတ်လပ်စွာပြောဆိုခွင့် အစဉ်အလာကောင်းရှိပါတယ်။

**ဖွင့်ချလိုက်တဲ့ အထောက်အထားတွေက ဘာတွေကို ဖော်ပြခဲ့တာပါလဲ။**

အမျိုးသားလုံခြုံရေးအေဂျင်စီ NSA ဟာ အမေရိကန်မှာ သူတို့ရဲ့ စောင့်ကြည့်မှုတွေနဲ့ ပတ်သက်လို့ ကွန်ဂရက်လွှတ်တော်က မေးမြန်းမှုတွေကို ပြန်ဖြေရင် အမြဲပဲ လိမ်ညာခဲ့ပါတယ်။ ကျွန်တော်တို့မှာ ဘယ်နေရာတွေမှာ လူတွေကို အများဆုံးဆန်းစစ်ကြ၊ စောင့်ကြည့်ကြတယ်ဆိုတာကို ပြနေတဲ့ မြေပုံတွေ၊ ကိရိယာတွေ ရှိနေပါတယ်။ ကျွန်တော်တို့ဟာ ရုရှားတွေဆီကထက် အမေရိကန်နိုင်ငံသားတွေဆီက ဒစ်ဂျစ်တယ်ဆက်သွယ်မှု အချက်အလက်တွေကို ပိုပြီးစုဆောင်းရယူနေတာပါ။



**ဒါဆို အိုဘားမားအစိုးရရဲ့ ကန့်ကွက်မှုဖြစ်တဲ့ တရုတ်တွေက သူတို့ကို အင်တာနက်ကနေ ထိုးဖောက်မှု Hacking လုပ်နေပါတယ်ဆိုတာကရော။**

ကျွန်တော်တို့က နေရာတိုင်းက လူတိုင်းကို ထိုးဖောက်စုံစမ်း Hack လုပ်နေတာပါ။ အမေရိကန်ရဲ့ အခြားနိုင်ငံတွေကြားမှာ ခွဲခြားလုပ်ဆောင်မှုတစ်ခု ကျွန်တော်တို့ လုပ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကမ္ဘာ့နိုင်ငံတိုင်းမှာ ရှိနေတယ်။ ကျွန်တော်တို့ ဒီနိုင်ငံတွေနဲ့ စစ်ဖြစ်နေတာ မဟုတ်ဘူးနော်။

**အခုလို အစိုးရက စောင့်ကြည့်နေတဲ့ ကိစ္စကိုရော လုံခြုံရေးပြန်လုပ်ပြီး ကာကွယ်လို့ ဖြစ်နိုင်မလား။**

ဘာဖြစ်နိုင်ခြေရှိတယ်ဆိုတာကို ခင်ဗျား သတိတောင်ထားမိမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ စွမ်းဆောင်ရည်က သိပ်ကိုအစွမ်းထက်လွန်းတယ်။ ခင်ဗျား အင်တာနက်ကွန်ရက်ထဲ ရောက်တာနဲ့ ကျွန်တော်တို့က ကွန်ပျူတာဗိုင်းရပ်စ်တွေ ထည့်ထားလိုက်တာမို့ ခင်ဗျားစက်ကို ကျွန်တော်တို့ ခွဲခြားသိနိုင်ပါတယ်။ ခင်ဗျား ဘယ်လိုပဲ ကာကွယ်ထားလည်း ဘယ်တော့မှ မလုံခြုံနိုင်ပါဘူး။

**ဒီအထောက်အထားတွေကို ဘာကြောင့်ဖော်ထုတ်ဖို့ ခင်ဗျား ဆုံးဖြတ်ခဲ့ရတာလဲ။**

ဒါတွေဟာ စိတ်ပျက်စရာတွေလို့ ခင်ဗျားမြင်မှာပါ။ အားလုံးကို ခင်ဗျားတွေ့ပြီးသွားတာနဲ့ ဒီထဲက အချို့က မတရားတဲ့ကိစ္စတွေဆိုတာ ခင်ဗျား သဘောပေါက်သွားမှာပါ။

ကျွန်တော်တို့ လူအများကြီး အိုဘားမားကို ၂၀၀၈ မှာ မဲပေးခဲ့ကြတယ်။ ကျွန်တော် သူ့ကိုမဲမပေးခဲ့ပါဘူး။ အခြားပါတီတစ်ခုကို မဲပေးခဲ့တာပါ။ ကျွန်တော် ဒီအထောက်အထားတွေကို ဖွင့်ချမယ် လုပ်တော့ သူ့ ရွေးကောက်ပွဲရှိလို့ စောင့်ကြည့်ခဲ့တယ်။ ဒါပေမဲ့ သူက သူ့အရင် လူတွေရဲ့ မူဝါဒတွေအတိုင်း ဆက်သွားခဲ့တယ်။

**ပြီးခဲ့တဲ့ ရက်ပိုင်းက ခင်ဗျားရဲ့ ဖော်ထုတ်လိုက်မှုတွေနဲ့ ဆက်နွှယ်ပြီး လုံခြုံရေးထိန်းချုပ်မှုနဲ့ ပွင့်လင်းမှုတို့အကြား မျှခြေရှာနိုင်ရေးအတွက် ဆွေးနွေးကြမယ်လို့ အိုဘားမားက ကြွေးကြော်လိုက်ချိန်မှာ ခင်ဗျားရဲ့ တုံ့ပြန်မှုကရော ဘာများဖြစ်မလဲ။**

ကျွန်တော့် ချက်ချင်းတုံ့ပြန်မှုကတော့ သူဟာ အစိုးရရဲ့ လုံခြုံရေးအကြောင်းပြချက်နဲ့ပတ်သက်လို့ ခုခံကာကွယ်ရင်း အခက်ကြုံနေခဲ့တာပါ။ သူဟာ မဖြစ်နိုင်တာကို ကြိုးစားကာကွယ်ခဲ့တယ်။ ပြီးတော့ အဲဒါကို သူလည်း သိပါတယ်။

**ဖွင့်ချလိုက်မှုတွေနဲ့ ပတ်သက်လို့ ယေဘုယျအားဖြင့် တုံ့ပြန်ကြတာကရော ဘယ်နှယ့်နေပါသလဲ။**

ပြည်သူတွေက လုံခြုံရေးအကြောင်းပြချက်တွေနဲ့ ဒီအခွင့်အရေးတွေ ဖိနှိပ်ခံနေရတာကို ကာကွယ်တဲ့အနေနဲ့ပြင်းပြင်းထန်ထန် တုံ့ပြန်ကြပါတယ်။ ဒါက "ဝေါလ်စထရိသိမ်းပိုက်ရေး" လှုပ်ရှားမှု Occupy Wall Street ပုံစံတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အခြေခံအောက်ခြေလူတန်းစားတွေက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ စတုတ္ထမြောက် အာမခံချက်ကို ကာကွယ်ပေးကြဖို့ လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြတယ်။ အင်တာနက်ပေါ်မှာ လူတွေရဲ့ တုံ့ပြန်မှုကလည်း ကြီးမားပြီး ထောက်ခံအားပေးမှုကောင်းခဲ့ပါတယ်။

**ခင်ဗျားမှာ အခြေချဖို့ နေရာများ စီစဉ်ထားတာရှိလား။**

ကျွန်တော် လုပ်နိုင်တာကတော့ ဒီမှာသာ ထိုင်နေပြီး ဟောင်ကောင်အစိုးရက နှင်မထုတ်ပါစေနဲ့လို့ မျှော်လင့်ဖို့ပါပဲ။ ကျွန်တော် အရင်က စဉ်းစားခဲ့တာကတော့ ကိုယ်နဲ့ ခံယူမှုချင်းတူနိုင်တဲ့ နိုင်ငံတစ်ခုမှာ နိုင်ငံရေးခိုလှုံခွင့်တောင်းဖို့ပါ။ ဖြစ်နိုင်ခြေရှိတာကတော့ အိုက်စလန်ပေါ့။ သူတို့က အင်တာနက် လွတ်လပ်ခွင့်နဲ့ ပတ်သက်ရင် ပြည်သူတွေဘက်က ရပ်တည်တယ်။ ကျွန်တော့်အနာဂတ် ဘယ်လိုဖြစ်မယ်လို့ မတွေးတတ်ပါဘူး။

သူတို့အနေနဲ့ နိုင်ငံတကာရဲ့ တပ်ဖွဲ့ဆီကနေ ဖမ်းမိန့်ထုတ်နိုင်ပါတယ်။ ဒါပေမဲ့ အမေရိကန်ပြင်ပမှာ ကျွန်တော်က ရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့တယ်လို့ မထင်ပါဘူး။ (ကျွန်တော့်ကိုဖမ်းမယ့်) ဒီကိစ္စဟာ ပင်ကိုသဘာဝအရလည်း နိုင်ငံရေးစွက်တဲ့ကိစ္စပဲ ဖြစ်လာမှာပါ။

စာမျက်နှာ ၃၇ ››




7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

စာမျက်နှာ ၃၆ မှ

**ခင်ဗျားဘဝ အကျဉ်းထောင်ထဲမှာ ဂိတ်ဆုံးသွားနိုင်တယ်လို့ရော ထင်ကောင်းထင်မိပါသလား။**

ထောင်ကျနိုင်တဲ့ အန္တရာယ်ကို လက်မခံဘဲ ဒီအလုပ်ကို ကျွန်တော်မလုပ်ပါဘူး။ ကမ္ဘာ့အင်အားအကောင်းဆုံး ထောက်လှမ်းရေးအေဂျင်စီတွေနဲ့ ဆန့်ကျင်ပြီး လုပ်ရတာပါ။ အန္တရာယ်ကို လက်မခံဘဲ လုပ်ရတာမျိုးဆိုတာ မဖြစ်နိုင်ပါဘူး။

**ပထမဆုံးအကြိမ် ဖွင့်ချဖော်ထုတ်မှုအပြီးမှာ တစ်ပတ်တာအတွင်း ခင်ဗျား ဘယ်လိုခံစားနေရလဲ။**

ဒေါသစိတ်နဲ့ ဖော်ပြထားတာကို တွေ့နိုင်မယ်ထင်ပါတယ်။ ဒီလိုလုပ်လိုက်တာက ကျွန်တော့်ကို ဘာပဲဖြစ်သွားပါစေ၊ အမေရိကန်နိုင်ငံအတွက် အပြုသဘောရလဒ်ကောင်းဖြစ်လာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ကျွန်တော်ဇာတိမြေကိုပြန်ချင်ပေမယ့် နောက်တစ်ကြိမ်ပြန်ခွင့်ရမယ်လို့ မျှော်လင့်မထားပါဘူး။

*—Ref: Edward Snowden, NSA files source: 'If they want to get you, in time they will'. The Gurdain, 10th June.*



# Leader's Profile

# အိုက်စလန်နိုင်ငံသမ္မတ

# ရက်နာဂရင်ဆန်

ရဲမင်း

မစ္စတာ အိုလာဖာရက်နာဂရင်ဆန်သည် အိုက်စလန်နိုင်ငံ၏ ပဉ္စမမြောက်သမ္မတ ဖြစ်ပြီး ငါးကြိမ်မြောက်သက်တမ်းတာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၁၉၉၆ ခုနှစ်ကတည်းက အိုက်စလန်နိုင်ငံ၏သမ္မတဖြစ်လာခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် ပြိုင်ဘက်မရှိ၊ ၂၀၀၄ ခုနှစ်တွင်တတိယအကြိမ်မြောက်၊ ၂၀၀၈ခုနှစ်တွင် စိန်ခေါ်သူမရှိခဲ့ဘဲ ၂၀၁၂ခုနှစ်တွင် ငါးကြိမ်မြောက် စံချိန်တင် သမ္မတအဖြစ်ရွေးကောက်တင်မြှောက် ခံရသည်။

အိုက်စလန်နိုင်ငံ၊ အီဆက်ဂျီရာမြို့၌ မွေးဖွားခဲ့သူ အိုလာဖာသည် ၁၉၆၂မှ ၁၉၇၀ ပြည့်နှစ်အထိအင်္ဂလန်နိုင်ငံ၊ မန်ချက်စတာ တက္ကသိုလ်တွင် စီးပွားရေးနှင့် နိုင်ငံရေး သိပ္ပံဒေါက်တာဘွဲ့ရသူ ဖြစ်လာခဲ့သည်။ အိုက်စလန်တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို အထူးပြုသင်ယူခဲ့ပြီး အိုက်စလန်နိုင်ငံ၏ ပထမဆုံးနိုင်ငံရေးသိပ္ပံကထိကအဖြစ် လုပ်ကိုင်ရင်း ပထမဆုံးနိုင်ငံရေးသိပ္ပံပါမောက္ခ ဖြစ်လာခဲ့သည်။

မစ္စတာ အိုလာဖာရက်နာသည် လက်ဝဲယိမ်းပြည်သူ့ညွန့်ပေါင်းပါတီအဖွဲ့ဝင်ဖြစ်ပြီး ၁၉၇၈ မှ ၁၉၈၃ ခုနှစ်အထိ အိုက်စလန်ပါတီမန်အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၈၃မှ ၁၉၈၇ခုနှစ်အထိ ပြည့်သူ့ညွန့်ပေါင်း အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၈၇မှစ၍ ၁၉၉၅ခုနှစ်အထိ ပြည်သူ့ညွန့်ပေါင်း ပါတီကို ဦးဆောင်ခဲ့ရုံသာမက ၁၉၈၈မှ ၁၉၉၁ခုနှစ်ထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း ခန့်အပ်ခံရသည်။

ယင်းနောက် ၁၉၉၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထောက်ခံမှု ၄၁ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အိုက်စလန်နိုင်ငံသမ္မတဖြစ်လာသည်။ မစ္စတာအိုလာဖာသည် ၂၀၀၄ ခုနှစ်တွင် လွတ်လပ်စွာပြောဆိုမှုကို အစိုးရမီဒီယာကော်မတီတစ်ခုက ထိန်းချုပ်မည့် ဥပဒေအား လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သောကြောင်း အငြင်းပွားစရာဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လူထုသဘောထားခံယူချက်မလုပ်မီ ပါလီမန်က ပြန်ရုပ်သိမ်းခဲ့သည်။

မစ္စတာ အိုလာဖာသည် ၂၀၀၄ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမှု ၆၇ဒသမ ၅ ရာခိုင်နှုန်း ဖြင့် ရွေးချယ်ခံရသော်လည်း မီဒီယာဥပဒေကို လက်မှတ်မထိုးခြင်းကို ကန့်ကွက်၍ အမှား၊အမှန်မခြစ်ထားသော မဲအလွတ်များလည်းပါဝင်ခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် ၎င်းအား စိန်ခေါ်မည့်သူမရှိ၍ မစ္စတာ အိုလာဖာပင် အိုက်စလန်နိုင်ငံသမ္မတ ပြန်ဖြစ်လာသည်။

၂၀၀၈ခုနှစ်အိုက်စလန်နိုင်ငံ ဘဏ္ဍာရေးအကျပ်အတည်းအတွင်း သမ္မတ အိုလာဖာက အိုက်စလန်နိုင်ငံကို အကူအညီပေးခြင်းနည်းပါးမှုအတွက် အခြားဥရောပနိုင်ငံများကို ဝေဖန်ခဲ့သည်။ ထို့အပြင် အိုက်စလန်ပုဂ္ဂလိကဘဏ်များကို ကယ်တင်ခဲ့ခြင်းအတွက် ဗြိတိန်နှင့် နယ်သာလန်အစိုးရများကို ကြွေးမြီပြန်ဆပ်ရေးကိစ္စကိုလည်း နှစ်ကြိမ်တိုင်တိုင် သမ္မတ ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ပြီး ပြည်သူများကလည်း သဘောထားခံယူချက်မဲခွဲဆုံးဖြတ်မှုများတွင် သမ္မတနှင့်အတူ ရပ်တည်ခဲ့သည်။

အသက် ၆၀ အရွယ်တွင် ဒုတိယအိမ်ထောင် ပြုခဲ့သော မစ္စတာ အိုလာဖာသည် ပထမအိမ်ထောင်နှင့် သမီးနှစ်ဦးထွန်းကားခဲ့သည်။

*—Ref: Wikipedia*



7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ငြိမ်းချမ်းရေးတည်တံ့ရန် နှစ်များစွာ အချိန်ယူရမည်ဟု ထိုင်းသူပုန်တပ်ဖွဲ့ ပြော

**ကွာလာလမ်ပူ၊ ဇွန်-၁၅**

အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပျက်စီးအောင်လုပ်နေသည့်အတွက် ငြိမ်းချမ်းရေးတည်တံ့ရန်မှာ နှစ်များစွာ ကြာဦးမည်ဖြစ်ကြောင်း ထိုင်းတောင်ပိုင်းမှ သူပုန်တပ်ဖွဲ့များက ပြောကြားလိုက်သည်။

မွတ်ဆလင်အများစုနေထိုင်ရာ ဒေသဖြစ်သည့် ထိုင်းတောင်ပိုင်းတွင် ဆယ်စုနှစ်တစ်ခုကြာဖြစ်ပွားခဲ့သည့် ပုန်ကုန်ထကြွမှုများကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်း ၅,၅၀၀ ကျော်ရှိပြီဖြစ်သည်။ ထိုင်းအစိုးရနှင့် ဘာရီဆန်အမျိုးသားတော်လှန်ရေးအဖွဲ့ BRN ခေါ် အဖွဲ့တို့အကြား မတ်လ ၂၈ ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း နေ့စဉ်လိုလို တောင်ပိုင်းဒေသတွင် အကြမ်းဖက်မှုများဖြစ်ပွားနေခြင်းက ဆွေးနွေးပွဲများကို ပျက်စီးစေခဲ့သည်။

အစိုးရနှင့် ဆွေးနွေးမှုများတွင် နောက်ထပ်သူပုန်အဖွဲ့ဖြစ်သော ပတာနီလွတ်မြောက်ရေးအဖွဲ့ (PULO) သည်လည်း မကြာမီက ပါဝင်လာသည်။ သို့သော် လက်ရှိအခြေအနေများကြောင့် BRN ကိုယ်စားလှယ် ဟာဆန်တာဘစ်က "ဆွေးနွေးတာတွေကတော့ နောက်ထပ် ၂နှစ် (သို့မဟုတ်) သုံးနှစ်လောက်တော့ ကြာပါဦးမယ်။ ဒီထက်လည်း ပိုရှည်နိုင်ပါတယ်။ အဖွဲ့အားလုံးဟာ သည်းခံစိတ်ရှည်ပြီး ဆွေးနွေးမှုတွေက သွားသင့်ပါတယ်"ဟု ပြောသည်။

ထိုင်းအစိုးရနှင့် သူပုန်တပ်ဖွဲ့များသည်ဇွန်၁၃ရက်တွင်လာမည့် မွတ်ဆလင်ဥပုသ်လ ရာမာဒန်ကာလအတွင်း ဇူလိုင် ၉ ရက်မှ ဩဂုတ် ၇ ရက်အထိ အကြမ်းဖက်မှုများ လျှော့ချသွားရန် သဘောတူခဲ့ကြသည်။

ထိုင်းအစိုးရနှင့် သူပုန်များအကြား မတ်လမှစ၍ ဆွေးနွေးပွဲများ နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်သော်လည်း တောင်ပိုင်းတွင် တိုက်ခိုက်မှုများမှာ မကြာခဏဖြစ်ပွားနေ၍ ခေါင်းဆောင်များ အနေဖြင့် အောက်ခြေစစ်သွေးကြွများကို မည်သို့ ထိန်းချုပ်မည်ဆိုသည့် ဆွေးနွေးမှုများ ပေါ်ထွက်နေသည်။

—*Ref: AFP*



MOHD RASFAN/AFP

*ဇွန် ၁၃ ရက်ကက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ပြုလုပ်သော ထိုင်းနိုင်ငံတောင်ပိုင်း နယ်စပ်ခရိုင်ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် စကားပြောကြားနေသော ထိုင်းအမျိုးသားလုံခြုံရေးကောင်စီမှ ဒုတိယဗိုလ်ချုပ်ကြီး ပါရာဒွန်ပတ်တနာတာဘတ်အား တွေ့ရစဉ်*




# မြောက်ကိုရီးယားအရေး ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန် ဆွေးနွေးမည်

**ဆိုးလ်၊ဇွန်-၁၅**

တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည် လာမည့်အပတ်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံကာ မြောက်ကိုရီးယားအရေးနှင့် အခြားဒေသဆိုင်ရာ ကိစ္စများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးကိုယ်စားလှယ် ချိုတေးယောင်သည် ယင်းကိစ္စအတွက် ဝါရှင်တန်သို့ဇွန်လ ၁၈ မှ ၂၀ ရက်အတွင်း သွားရောက်မည်ဖြစ်ပြီး အပြန်တွင် ဘေဂျင်းသို့ဝင်ရောက်ကာ ကိုရီးယားအရေးဆိုင်ရာ တရုတ်အထူးကိုယ်စားလှယ် ဝူတာဝေနှင့် တွေ့ဆုံမည်ဖြစ်သည်။ ချိုတေးယောင်သည် ၎င်း၏ အမေရိကန်နိုင်ငံသို့ သုံးရက်တာခရီးစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူးချုပ် ရှင်ဆူကီဆူဂီယာမနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

ယခုကဲ့သို့ မြောက်ကိုရီးယားနှင့်ပတ်သက်၍ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲပျက်သွားပြီးနောက် ခြောက်လတာကာလအတွင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ်လည်း ဖြစ်သည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂျွန်ဟေးသည် ပြီးခဲ့သည့်လက အိုဘားမားနှင့် တွေ့ဆုံခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင်းပင်နှင့်လည်း ပထမဆုံးထိပ်သီးဆွေးနွေးပွဲ ကျင်းပသွားရန်ရှိသည်။

—*Ref: ANN/The Korea Herald*

# စင်ကာပူတွင် ငှက်ဖျားရောဂါ ဖြစ်ပွားသူဦးရေ တစ်သောင်းခန့်အထိ စံချိန်တင်

**စင်ကာပူ၊ဇွန်-၁၅**

ယခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းမှာ စံချိန်တင်အမြင့်ဆုံးဖြစ်ခဲ့ပြီး လူတစ်သောင်းတွင်ဖြစ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

စာရင်းများအရ ဇွန် ၁၄ ရက်အထိ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၉,၉၆၀ ဦးရှိခဲ့ပြီး ထိုနေ့တစ်နေ့တည်းတွင် ၄၂ဦးမှာရောဂါအသစ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စင်ကာပူကျွန်းတွင် ရောဂါဖြစ်ပွားမှုအများဆုံးမှာ ချိုအာချူကန် အမှတ်-၅ ဒေသဖြစ်ပြီး ငှက်ဖျားဖြစ်သူ ၅၀ ကျော်ဖြင့် အများဆုံးဖြစ်နေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများသည် ကျွန်းအနောက်ဘက်ခြမ်းရှိ ထိုနေရာနှင့် ပတ်ဝန်းကျင်ဒေသများသို့ သွားရောက်စစ်ဆေးခဲ့သည်။

တာဝန်ရှိသူများသည်ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ခြင်ဆေးဖျန်းကိရိယာများကိုလည်း နေရာအနှံ့အပြားတွင် ဖြန့်ဝေကာ ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံတွင် ယခုနှစ်ဆန်းပိုင်းမှစ၍ ပုံမှန်ရောက်ရှိလာနေကျ ငှက်ဖျားရောဂါပြန့်ပွားမှုမရှိအောင် ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ထမ်းများကိုလည်း ၈၅၀ ဦးအထိ တိုးမြှင့်ခန့်ထားခဲ့သည်။

—*Ref: CAN*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.15 • JUNE 19

## တစ်နှစ်ပြည့် 'စူပါစတား' ဗီစီဒီအတွက် ကိုယ်တိုင်စီစဉ်မယ့် ထွန်းထွန်း



ဖွဲ့ညက်

ရန်ကုန်၊ ဇွန်-၁၅

ပြီးခဲ့သည့်နှစ် မေလကထွက်ရှိခဲ့သော "စူပါစတား" တစ်ကိုယ်တော်ခွေကို ဗီစီဒီထွက်ရှိရန် ကိုယ်တိုင်စီစဉ်မည်ဟု ထွန်းထွန်း (Examplez)က ပြောသည်။

"ခွေထွက်တာတစ်နှစ်ပြည့်ပြီဆိုတော့ ထုတ်လုပ်ရေးနဲ့က ပြောထားတာကပြီးပြီ။ ကျွန်တော်ကိုယ်တိုင် အလုပ်ပြန်လုပ်ပြီးတော့လုပ်မယ်" ဟု ၎င်းကပြောသည်။

အခြားသီချင်းခွေတစ်ခွေလုပ်ရန်ရှိသော်လည်း ယခုဗီစီဒီပြီးမှသာ ဆက်လုပ်မည်ဖြစ်ပြီး ရင်းနှီးသည့်သရုပ်ဆောင်များနှင့် အမြန်ဆုံးရိုက်၍ သီတင်းကျွတ်အမီ ထွက်ရှိနိုင်ရန် ကြိုးစားမည်ဟု ထွန်းထွန်းကပြောသည်။

ထို့ပြင် Examplez အဖွဲ့အနေနှင့် စီစဉ်ပြီးသားခွေတစ်ခွေစာရှိသော်လည်း သီချင်းများ ဟောင်းနေပြီဖြစ်၍ အဖွဲ့ဝင်များကလည်း မိသားစုကိုယ်စီနှင့် ဖြစ်နေသောကြောင့် တိုင်ပင်ရဦးမည်ဟု ၎င်းကဆိုသည်။

မန်ယူ ကစားသမားများနှင့် တွေ့ဆုံစဉ်က ကိုယ်ကြိုက်သည့် သရုပ်ဆောင်ကိုလက်မှတ်ထိုးခိုင်းရန် ကြောက်နေသည့်ပရိသတ်များ၏ ခံစားမှုကို နားလည်ခဲ့ပြီး ၁၉၉၉ ခုနှစ်က ရူးသွပ်ခဲ့ရသူများကို အနီးကပ်တွေ့ရသောကြောင့်ဓာတ်ပုံပင် မရိုက်ရဲဘဲ တောင့်တောင့်ကြီး ရပ်နေမိသည်ဟု အတွေ့အကြုံကို ဝေငှသည်။

ဘောလုံးအဖွဲ့ချုပ်၏ သံတမန်တစ်ဦးအဖြစ်အနေနှင့်လည်း အဖွဲ့ချုပ်က ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပြီး ၎င်းကိုမကြိုက်သော ပရိသတ်များရှိသော်လည်း ၎င်းကိုကြိုက်သည့်ပရိသတ်၏ခွန်အားဖြင့် အသင်းကို အားပေးရန် လုပ်ဆောင် မည်ဟု ၎င်းကပြောသည်။

## ဂျပန်လူကြိုးလူငယ်ပရိသတ်များရဲ့ တစ်ခဲနက်အားပေးမှုခံရတဲ့ ဂျီဆောင်း

ဆိုးလ်၊ ဇွန် - ၁၄

တောင်ကိုရီးယားနာမည်ကျော် သရုပ်ဆောင်မင်းသား ဂျီဆောင်းသည် ၎င်း၏ ရုပ်ရှင်ဇာတ်ကား My PS Partner အတွက် ဂျပန်ပရိသတ်တစ်သောင်းခန့်နှင့် တွေ့ဆုံခဲ့သည်။ ဂျီဆောင်းသည် ပရိသတ်များနှင့် တွေ့ဆုံပွဲအတွက် တိုကျိုမြို့၊ အိုဆာကာမြို့နှင့် နာဂိုယာမြို့များသို့အလည်အပတ်သွားရောက်ခဲ့သည်။

အဆိုပါပရိသတ်နှင့်တွေ့ဆုံပွဲအတွက် ဂျီဆောင်းက အမေးအဖြေ ပွဲပြုလုပ်ရန်နှင့် ဇာတ်ကားကို ကြည့်ရှုရန် ပရိသတ်များအား ကြိုတင်ဖိတ်ကြားထားခဲ့သည်။ ထို့နောက် ဂျီဆောင်းသည် ပရိသတ်များ ရှေ့မှောက်၌ မတ်တတ်ရပ်လျက် သုံးနာရီကြာအောင် ပရိသတ်များနှင့် အပြန်အလှန် စကားပြောပေးခြင်း၊ ရုပ်ရှင်ဇာတ်ကားထဲမှ ဇာတ်ဝင်တေးတစ်ပုဒ်ကို ဆိုပြခြင်းဖြင့် ပရိသတ်၏ စိတ်အာရုံကို အထူးဆွဲဆောင်နိုင်ခဲ့သည်။

Namoo Actors ကိုရီးယားဖျော်ဖြေရေး အေဂျင်စီ၏ ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့သည် ယခု ပရိသတ်တွေ့ဆုံပွဲအတွက် အထူးကြိုးစားပြင်ဆင်ခဲ့ကြောင်း၊ မင်းသား ဂျီဆောင်းကလည်း ပရိသတ်များအား အကောင်းဆုံးတင်ဆက်ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းပရိသတ်နှင့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြသော ပရိသတ်များမှာ ဆယ်ကျော်သက်အရွယ်များမှနေ၍ အသက် လေးဆယ်ဝန်းကျင် ပရိသတ်များဖြစ်ကြကြောင်းနှင့် ဂျီဆောင်းအား အသက်အရွယ်မရွေး နှစ်သက်အားပေးကြောင်း သိသာထင်ရှားနေသည်ဟု သတင်းများက ဖော်ပြသည်။ ယခုလက်ရှိတွင် မင်းသား ဂျီဆောင်းသည်နောက်ထပ်ဇာတ်ကားအသစ်ရိုက်ကူးရန် စီစဉ်နေသည်ဟု သိရသည်။



—Ref: ENews World



## ဝါသနာကိုရှေ့တန်းတင်ခဲ့တဲ့အတွက် ပညာရေးနဲ့ပတ်သက်ရင် ကိုယ်ကအမြဲ သူများနောက်မှာ နေပေးရတယ်

**စိုးနန္ဒာကျော်နှင့်တွေ့ဆုံခြင်း**

ကြူကြူဟန်

အနုပညာကိုဝါသနာပါလွန်းသဖြင့် The Sign of Love ဇာတ်လမ်းတွဲမင်းသမီးဘဝကို ပညာရေးနှင့်လဲကာ ရယူခဲ့သူမှာ သရုပ်ဆောင်စိုးနန္ဒာကျော်ဖြစ်သည်။ ပရိသတ်များက ၎င်းကို 'မြတ်နိုးခင်'အဖြစ် အသိအမှတ်ပြုထားသည်။ အနုပညာခရီးဆန့်နိုင်ရေး ပညာရေးပန်းတိုင်ခဏတာလက်လွှတ်ခဲ့ရသည်ကို နောင်တရမိသည့် စိုးနန္ဒာကျော်နှင့် ၎င်း၏အနုပညာလှုပ်ရှားမှုများ၊ ရှေ့ဆက်လျှောက်မည့် ခရီးလမ်းနှင့် ရင်ခုန်အိပ်မက်များကို မိုးဖွဲဖွဲနေ့ရက်တစ်ရက်တွင် မေးမြန်းဖြစ်ခဲ့သည်။

**ညီမက အနုပညာမျိုးရိုးမရှိဘဲ သရုပ်ဆောင်ပြိုင်ပွဲတွေကနေတစ် ဆင့် ဒီလောကထဲရောက်လာတာဆိုတော့ ကိုယ့်ရပ်တည်ချက်တစ်ခုအတွက် ဘယ်လိုမျိုးရုန်းကန်နေရလဲ။**

ဘယ်လိုမျိုး ရုန်းကန်နေရလဲဆိုတော့ အနုပညာမျိုးရိုးလည်းမရှိဘူး။ ဘေးကပံ့ပိုးနိုင်တဲ့ အင်အားလည်းမရှိဘူး။ အတတ်နိုင်ဆုံး ရုန်းကန်ရတယ်။ သမီးခံစားရတာတွေ၊ ကုန်ခဲ့ရတဲ့အချိန်တွေ၊ ကျခဲ့ရတဲ့မျက်ရည်တွေ အများကြီးပဲပေ့ါ။ ဒီနေရာကိုရောက်ဖို့အတွက် အဲဒီလိုမျိုးနဲ့ ရုန်းကန်ခဲ့ရတယ်။ ပြီးတော့ အကြိမ်ကြိမ်အခါခါ စိတ်ဓာတ်ကျခဲ့ဖူးတဲ့အခါမှာလည်း ကိုယ့်ကိုယ်ကိုယ်အားပေးတယ်။ အိမ်က မိဘတွေကလည်းအားပေးတယ်။ အရမ်းစိတ်ဓာတ်ကျတဲ့အခါဆို ဘုရားသွားလိုက်တာ၊ ကိုယ့်စိတ်ကိုပေ့ါပါးနိုင်မယ့်နည်းလမ်းမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ်အားပေးပြီး ဒီနေရာထိရောက်အောင်လှမ်းခဲ့တာပါ။

**အနုပညာအလုပ်လုပ်ဖို့အတွက် ကိုယ့်ရဲ့ပညာရေးကို စွန့်လွှတ်လိုက်တာ ထိုက်တန်တယ်လို့ ညီမထင်လား။**

ထိုက်တန်တယ်၊ မတန်ဘူးတော့ သမီးဘက်က မဆုံးဖြတ်ချင်ဘူး။ ဒါပေမဲ့ သမီးရွေးချယ်တဲ့လမ်းကို အကောင်းဆုံးလျှောက်လှမ်းနေတယ်။ သမီး ဒီအနုပညာကိုလုပ်ဖို့အတွက် ၁၀တန်းကိုစာမေးပွဲဖြေခါနီးမှာကပ်ပြီး လွှတ်ခဲ့ရတယ်။ ခုံနံပါတ်လည်းကျပြီ။ စာမေးပွဲခန်းကိုဝင်ရဖို့ ရက်ပိုင်းလေးပဲလိုတော့တဲ့အချိန်မှာ The sign of love ဇာတ်လမ်းတွဲမှာ ပါဖို့ အရွေးခံရတယ်။ အဲဒီ နှစ်ခုထဲက ဒီဘက်ကိုရွေးလိုက်ရတဲ့အတွက် စိတ်ထဲမှာ အရမ်းကိုဝမ်းနည်းခဲ့တယ်။ အခုအချိန်မှာ ကိုယ့်စိတ်ကို ဘယ်လိုပြန်ဖြေလိုက်လဲဆိုတော့ ငါ ၁၀ တန်းကိုလွှတ်လိုက်ပေမယ့် ဒီဘက်မှာ နေရာလေးတစ်နေရာတော့ ရနေပါပြီလေဆိုပြီးတော့ ကိုယ့်စိတ်ကိုဖြေလိုက်တယ်။

**စာ(၄၁)သို့**



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ခရီးသွားရင်း ပရဟိတလုပ်ဖြစ်တဲ့ ပဲရစ်ဟီလ်တန်

**လော့စ်အန်ဂျလိစ်၊ ဇွန် – ၁၅**

နာမည်ကျော်ဟောလိဝုဒ်သရုပ်ဆောင်ပဲရစ်ဟီလ်တန်သည် ပရဟိတလုပ်ရန် အမြဲတမ်းအချိန်ဖယ်ထားလေ့ရှိသည်ဟု သိရသည်။

ပဲရစ်ဟီလ်တန်သည် ရေမွှေးလုပ်ငန်းနှင့် နိုင်ငံတကာ အဝတ်အစားဖက်ရှင်ဒီဇိုင်းလုပ်ငန်းများကို လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပြီး ၎င်း၏ စီးပွားဖက်လုပ်ငန်းရှင်များနှင့် သွားရောက်တွေ့ဆုံရန် ခရီးသွားစဉ် ကလေးဆေးရုံများနှင့် မိဘမဲ့ကလေးကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

"ကျွန်မဘယ်တိုင်းပြည်ကိုပဲ ရောက်ရောက် ကလေးဆေးရုံ၊ ဒါမှမဟုတ် မိဘမဲ့ဂေဟာတစ်ခုခုကို သွားနိုင်ဖို့ အမြဲကြိုးစားခဲ့တယ်။ မသွားဖြစ်ခဲ့ရင်လည်း အဲဒီတိုင်းပြည်ကို တစ်ခုခုလှူခဲ့တယ်။ ကျွန်မ ကံ၊ ကံရဲ့အကျိုးကို ယုံပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်လာမှာပါ" ဟု ပဲရစ်ဟီလ်တန်က ET ဖျော်ဖြေရေးဝက်ဘ်ဆိုက်အား ပြောကြားသည်။

ပဲရစ်ဟီလ်တန်က၎င်းသည်ငယ်ရွယ်စဉ်ကတည်းကလူအများနှင့် ပေါင်းသင်းဆက်ဆံရေးအရေးကြီးပုံ လေ့လာခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ထိုသို့ပေါင်းသင်းဆက်ဆံခြင်းသည် ၎င်းကို မည်သည့်နေရာရောက်ပါစေ အလှူအတန်းပြုလိုစိတ်များ လှုံ့ဆော်ပေးခဲ့သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

"ကျွန်မ ခရီးသွားရတာကို သဘောကျတယ်။ ကျွန်မ ပရိသတ်တွေနဲ့ ခရီးထွက်၊ ဟိုဟိုဒီဒီသွားမှ တွေ့နိုင်တာပါ။ ပရိသတ်အားလုံးနဲ့တော့ အွန်လိုင်းပေါ်မှာ အမြဲအဆက်အသွယ်ရှိပါတယ်" ဟု ဟောလိဝုဒ်ငွေကြယ်ပွင့် ပဲရစ်ဟီလ်တန်က ပရိသတ်ကို အလေးထားသည့်အကြောင်း ပြောကြားသည်။

—Ref: XinMSN



# ဇော်ဝင်းထွဋ်နှင့် ချစ်သုဝေကို မသန်စွမ်းသူများ၏ သံတမန်များအဖြစ်ခန့်အပ်

ကြူကြူဟာန် **ရန်ကုန်၊ ဇွန်–၁၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည့် မသန်စွမ်းသူများ အနုပညာပွဲတော်တွင် ပါဝင်အားဖြည့်ပေးရန် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ဇော်ဝင်းထွဋ်နှင့် ချစ်သုဝေတို့ကို မသန်စွမ်းသူများ၏ သံတမန်အဖြစ် ခန့်အပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ဦးဇော်ဝင်းထွဋ်က အစ်မတို့မသန်စွမ်းအဖွဲ့တွေနဲ့ ရင်းနှီးမှုရှိတယ်လေ။ နောက်ပြီးသူက ရှေ့မီ၊ နောက်မီ လူကြီးလည်းကြိုက် လူငယ်လည်းကြိုက်တဲ့ အဆိုတော်ဖြစ်တဲ့အတွက်ကြောင့် သူ့ကို ရွေးဖြစ်သွားတာ။ ချစ်သုဝေကဆရာဝန်ဆိုတော့ ဆေးပညာနဲ့ပတ်သက်လို့ အစ်မတို့မသန်စွမ်းနဲ့ ဆက်နွှယ်မှုရှိတယ်။ သူ့ကို လူကြိုက်လည်းများတယ်" ဟု ပွဲကျင်းပရေး တာဝန်ခံ ဒေါ်ဇင်မာဖြူက ပြောသည်။

"ကျွန်တော်က ဟိုးအရင်ထဲက သူတို့နဲ့အမြဲတမ်း အဆက်အသွယ်ရှိတယ်။ ကျောင်းအုပ်ကြီးတွေနဲ့ သူငယ်ချင်းလိုခင်နေတော့ အမြဲလုပ်ပေးနိုင်တာရှိရင် လုပ်ပေးခဲ့တာပေါ့။ သံတမန်ခန့်အပ်လည်း လုပ်ပေးမှာပေါ့။ သံတမန်ခန့်အပ်တယ်ဆိုတော့ သူတို့က တာဝန်တစ်ခုပေးလိုက်တဲ့ပုံစံမျိုးဖြစ်တာပေါ့။ တာဝန်ပိုကြီးသွားတာပေါ့။ ကိုယ့်ကို အားကိုးတယ်ဆိုတော့လည်း ကျေနပ်တာပေါ့" ဟု သံတမန်အဖြစ် ခန့်အပ်ခံရသော ဇော်ဝင်းထွဋ်က ပြောသည်။

မသန်စွမ်းသူများအနုပညာပွဲတော်"အနဂ္ဂရောင်စဉ်"ကိုအောက်တိုဘာလ ၁၇ရက်မှ ၁၉ရက်အထိ MCC ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး သီချင်းဆိုပြိုင်ပွဲများနှင့် အခြားအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ပွဲတော်မတိုင်မီ အကြိုလှုပ်ရှားမှုများတွင် မသန်စွမ်းသူများကို စိတ်ဓာတ်ခွန်အားရရှိရန် ပြုလုပ်ပေးမည်ဖြစ်ပြီး သံတမန်နှစ်ဦးက ပါဝင်ကူညီပေးမည်ဖြစ်ကြောင်း ဒေါ်ဇင်မာဖြူကပြောသည်။




FALCON အမှတ်တံဆိပ် အင်ဂျင်ဝိုင်အတုများ ဖြန့်ချိရောင်းချသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေငြာခြင်း။

FALCON



[illegible] (Falcon Oil Company Limited.) ကမြန်မာနိုင်ငံတွင် FALCON အမှတ်တံဆိပ်ကို [illegible] FALCON [illegible] Han Yadanar Tin Co., Ltd. [illegible]

[illegible] The News Light of Myanmar [illegible] 7Day News Journal [illegible]

[illegible] FALCON [illegible]

[illegible] FALCON [illegible] FALCON [illegible]

U Myint Lwin
တရားလွှတ်တော်ရှေ့နေ
LL.B.DBL(Diploma in Legal Aspects of Marine Affairs (Cardiff))
No.162, 1st Floor, 35th Street, Kyauktada Township, Yangon, Myanmar.
P.O.Box: 1126, Ph: 95 1 371 990, 95 1 372 712, Fax: 95 1 371 990, 95 1 296 848

7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# စိုးနန္ဒာကျော်နှင့်တွေ့ဆုံခြင်း

တန်တယ်မတန်ဘူးရယ်လို့ မသတ်မှတ်ချင်ပါဘူးရှင်။

**အဲဒီလိုဆုံးဖြတ်ခဲ့တဲ့အတွက်ကြောင့်ရော အခုချိန်မှာ နောင်တရမိတာမျိုးဖြစ်မိလား။**

နောင်တတော့ရမိတယ်ရှင့်။ ဘယ်နေရာပဲသွားသွား၊ ဘာအလုပ်ပဲလုပ်လုပ် ပညာရေးဆိုတာ နံပါတ်တစ်စာရင်းဝင်ဖြစ်တယ်။ အဲဒါကြောင့် သမီးမှာ ဘယ်လိုနောင်တရခဲ့လဲဆိုတော့ ၁၀ တန်းမဖြေရတဲ့အတွက် နောင်တကြီးတစ်ခုတော့ဖြစ်သွားတာပေါ့။ အမှားတစ်ခုလိုပုံစံမျိုး ဖြစ်သွားတာပေါ့။ အခုအချိန်မှာ တစ်ခုခုကြုံကြိုက်လာပြီဆိုရင် သူများက ၁၀ တန်းအောင်ထားတဲ့သူ။ ကိုယ်ကမဖြေထားတဲ့သူဆိုတော့ တစ်ခါတလေကျတော့ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်မိတယ်။ အခုဆို ၁၀ တန်းအောင်စာရင်းထွက်နေတဲ့ အချိန်မှာလေ မနက်ကဆိုကလေးမလေးတစ်ယောက်က သမီး ၁၀ တန်းအောင်တယ်တဲ့ ဝမ်းသာလုံးစို့ပြီး ကိုယ်တောင်မျက်ရည်ကျမိတယ်။ အခုချိန်မှာ နောင်တရတာက ငါ၁၀တန်းမဖြေခဲ့တဲ့အခါကျတော့ နေရာတစ်နေရာရောက်လို့ရှိရင် ၁၀ တန်းနဲ့ပတ်သက်လို့မေးလာရင် ကိုယ့်မှာဖြေစရာအင်အားမရှိဘူး။ အဲဒါလေးတစ်ခုတော့ ဝမ်းနည်းမိတာပေါ့။

**ညီမက ပညာရေးကိုလက်လွှတ်ခဲ့လို့ နောင်တရခဲ့တယ်ဆိုတော့ ကိုယ့်နောက်မှာတက်လာမယ့်သူတွေကို ပြောပြချင်တဲ့စကားရှိရင် သိချင်ပါတယ်။**

ပညာရေးဆိုတာ လူတစ်ယောက်အတွက် မရှိမဖြစ်လည်း ပြောနိုင်ပါတယ်။ အခုခေတ်က ပိုဆိုးတာက ပညာခေတ်ကြီးဖြစ်နေတဲ့အတွက်ကြောင့် အတတ်နိုင်ဆုံးကိုယ်ဝါသနာပါတယ်ဆိုရင်တောင်မှ ဝါသနာကိုရှေ့တန်းမတင်ပါနဲ့လို့။ ဘာလို့လဲဆိုတော့ သမီးဝါသနာကိုရှေ့တန်းတင်ခဲ့တဲ့အတွက်ကြောင့် နောင်တဆိုတာ နောင်မှရတာပါ။ 'ဝါသနာကိုရှေ့တန်းတင်ခဲ့တဲ့အတွက် ပညာရေးနဲ့ပတ်သက်လို့ရင်ဆိုင်ရတော့မယ်ဆိုရင် ကိုယ်က အမြဲသူများနောက်မှာနေပေးရတယ်'ပြီးတော့ ပြန်လှန်ပိုင်ခွင့် ကိုယ့်မှာမရှိဘူးပေါ့။ အဲဒီလိုမျိုးတွေမဖြစ်စေချင်ပါဘူးလို့။ အဲဒီအတွက် ပညာရေးကိုအထူးဂရုစိုက်ပြီးတော့လေ့လာကြပါ။ ပညာရေးကိုပဲ အထူးလုပ်ကြပါ။ ဝါသနာပါရင်တောင် ဝါသနာကို ခဏအောင့်ထားပါလို့ပြီးတော့ ပညာရေးကို အကောင်းဆုံးဖြစ်အောင်ကြိုးစားပါလို့ပညာတွေပြည့်စုံသွားတဲ့တစ်နေ့ကျရင် ကိုယ်ဝါသနာပါတာကို လုပ်ဖို့အေးဆေးပါလို့ ဝါသနာကိုရှေ့တန်းမတင်နဲ့လို့ပြောချင်ပါတယ်။

The sign of love **ပထမပိုင်းတုန်းက ညီမသရုပ်ဆောင်ရတဲ့ ဒီဇိုင်နာတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုက မလိုက်ဖက်ဘူးလို့ ဝေဖန်သံတွေ ညီမကြားခဲ့ရမှာပေါ့။ နောက်ပိုင်းဇာတ်ဝင်ခန်းအရ ဘယ်လိုသတ်မှတ်ပြီးဝတ်ဆင်လဲ။**

အရင်တုန်းက အဲဒီလိုပြောတာလေးတွေပြန်ကြားရပါတယ်။ အဲဒီအတွက်ကြောင့်လည်း အတတ်နိုင်ဆုံးပြုပြင်ခဲ့တယ်။ ပြီးတော့ သမီးတို့ဘက်က အဲဒီတုန်းကလည်း စပွန်ဆာပေးတာဆိုတော့ ကိုယ်ကိုယ်တိုင်ရွေးချယ်လို့မရဘူး။ သူတို့စီစဉ်ပေးတဲ့အတိုင်း လိုက်နာပြီးလုပ်ရတာဆိုတော့ အဲဒီတုန်းက တစ်ချက်ဖောင်းထိခဲ့ရတာပေါ့။ အခုနောက်ပိုင်းကျတော့ အဓိကဇာတ်ဝင်ခန်းကိုအဓိကထားဝတ်ဖြစ်တယ်။ ဆင်းရဲသားဇာတ်ရုပ်ဆိုလည်း တကယ် ဆင်းရဲသားပီသအောင် အဝတ်အစားကို ပြုပြင်တာမျိုးလေးတွေလုပ်ခဲ့တယ်။ အရင်တုန်းကတော့ ဟုတ်ပါတယ်။ The sign of love ရိုက်တုန်းက အဝတ်အစားပိုင်းမှာ သမီးအားနည်းတယ်ဆိုတာ သိပါတယ်။ အကုန်လုံးကလည်းပြော ကြတယ်။ ဒီဇိုင်နာတစ်ယောက် အနေနဲ့ ဒီလိုမျိုးမဝတ်ဘဲ တခြားနည်းဝတ်လို့မရဘူးလားလို့ မေး ပါတယ်။ ဒါပေမဲ့ ဝတ်လို့မရဘူးလားဆိုတော့ဝတ်လို့ရပါတယ်။ ညီမတို့ကို စပွန်ဆာပေးထားတာလည်း ပါတယ်။ တချို့တချို့သောဒီဇိုင်နာတွေ အဲဒီလိုအဝတ်အစားဝတ်တယ်ဆိုတာ သိစေချင်တယ်။

**အခုလျှောက်လှမ်းနေတဲ့ အနုပညာလောကမှာ ညီမမျှော်လင့်ထားတဲ့ပန်းတိုင်ကဘယ်ထိလဲ။**

သမီး ဘယ်နေရာရယ်လို့ မျှော်လင့်မထားပါဘူး။ သမီးကို ပရိသတ်ကလက်ခံရင် လက်ခံတဲ့အထိလျှောက်လှမ်းသွားမှာပါ။ သမီးအဓိက အနုပညာလိုင်းထဲကို ဝင်လာတာက ငါကျရာဇာတ်ရုပ်မှာ အကောင်းဆုံးသရုပ်ဆောင်မယ်။ ငါအမြဲတမ်းလေ့လာမယ်၊ ကြိုးစားမယ်၊ ငါအမြဲတမ်း သင်ယူမယ်။ ပရိသတ် ငါ့ကိုအားပေးတဲ့အချိန်ထိဆက်လက်လျှောက်လှမ်းသွားမယ်လို့ရည်ရွယ်ထားပါတယ်။

**ညီမက အသက်ငယ်ငယ်လေးဆိုပေမယ့် သရုပ်ဆောင်တဲ့အခါမှာ ငယ်တဲ့ အမူအရာမတွေ့ရဘူး။ သရုပ်ဆောင်တဲ့အခါဇာတ်အပေါ် အာရုံဝင်စားအောင် ဘယ်လိုလေ့ကျင့်လဲ။**

သမီးတို့က ဇာတ်ကိုနည်းနည်းကြိုရတယ်။ ဇာတ်အကျဉ်းလေးကြိုရတဲ့အခါကျတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီဇာတ်ရုပ်က ကိုယ်နဲ့တူတယ်ဆိုပေမယ့် ကားထဲမှာ လူကြီးဆန်တယ်။ ညီမက အပြင်မှာကလေးနည်းနည်းဆန်တယ်။ ဇာတ်ရုပ်ရဲ့ဇာတ်ကောင်ကိုသိအောင်လို့ကြေညက်အောင်ဖတ်တယ်။ ကိုယ့်ရဲ့အမူအရာတွေကို ကိုယ့်ရဲ့အပြောအဆိုကအစ ဘယ်လိုမျိုးဖြစ်နိုင်မလဲကို မှန်တစ်ချပ်နဲ့ ကျင့်ဖြစ်တယ်။ ဇာတ်ညွှန်းထဲက ဇာတ်ကောင်ကို မှန်နဲ့ကြည့်ပြီး တိုက်ရိုက်ကျင့်ခဲ့တယ်။ ကိုယ်လိုအပ်ချက်ရှိနေတာကို တစ်ခါတည်းပြင်လို့ရအောင်ဆိုပြီးတော့။

The sign of love **ဇာတ်လမ်းတွဲက ကိုရီးယားမှာလုပ်မယ့်** Seoul International Drama Awards **ပြိုင်ပွဲဝင်ပြိုင်ထားတာဆိုတော့ ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ အနည်းဆုံးဆုတစ်ဆုရလိမ့်မယ်လို့ယုံကြည်လား။**

သမီးမှာ အဲဒီလိုမျိုးလည်း မမျှော်လင့်ရဲဖူးပေါ့နော်။ ဘာလို့လဲဆိုတော့ မျှော်လင့်ထားသလောက်ဖြစ်မလာရင် ကိုယ်တွေပဲပိုပြီး ခံစားရမှာလေ။ အဲဒီလောက်ကြီးမမျှော်လင့်ဘူး။ တကယ်လို့ဆုရခဲ့ရင်တော့ အရမ်းဝမ်းသာမိမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့မြန်မာနိုင်ငံရဲ့ ပထမဆုံးစီးရီးတွဲအနေနဲ့ထိုးဖောက်ထားတာပေါ့။ သမီးတို့ဘက်ကလည်းအကောင်းဆုံးဖြစ်အောင် MRTV 4 မီဒီယာကမ္ဘာကရော ဝိုင်းတော်သားတွေအားလုံးက အကောင်းဆုံးဖြစ်အောင်ကြိုးစားထားကြတယ်။ အဲဒီလိုကြိုးစားထားတဲ့အထဲက ဆုရခဲ့ရင် သမီးတို့အားလုံးအတွက် အတိုင်းမသိဝမ်းသာမိမှာပါ။ ဆုရမယ်ဆိုရင်တော့ တော်တော်လေးပျော်မိမှာပါ။

**အခု ကိုယ်ဘယ်နေရာသွားသွား ပရိသတ်တွေနဲ့တွေ့ရင် သူတို့က ကိုယ့်ကို သရုပ်ဆောင်တစ်ယောက်အဖြစ် အသိအမှတ်ပြုပြီလို့ ခံစားနေရပြီလား။ ဘယ်လိုတုံ့ပြန်မှုတွေကြောင့်လဲ။**

အင်းပေါ့။ အသိအမှတ်တော့ပြုတယ်ပေါ့။ သမီးကို သရုပ်ဆောင်တစ်ယောက်နေရာကနေ အသိအမှတ်ပြုတယ်လို့ထင်ပါတယ်ရှင်။ တချို့ပရိသတ်တွေကလည်း ညီမလေးတော်တယ်၊ ဆက်ကြိုးစားပေါ့။ အခုလိုလျှောက်လှမ်းလာတဲ့အင်အားထဲမှာလည်း သူတို့ရဲ့အားတွေလည်းပါတယ်။ ကိုယ်စိတ်ဓာတ်တွေကျနေတဲ့အခါဆိုလည်း သူတို့တွေ အမြဲအားပေးတယ်။ ညီမလေး ဆက်ကြိုးစားပါ၊ အစ်မတို့ အစ်ကိုတို့အားပေးနေမယ်နော်ဆိုတဲ့ စကားလေးတွေနဲ့ ဒီနေရာထိ တက်လှမ်းနိုင်တာပါရှင်။

The sign of love **ဒုတိယပိုင်းမှာ ကာရိုက်တာပြောင်းပြီး သရုပ်ဆောင်ခဲ့တဲ့ မာယာချိုရုပ်နဲ့ အံဝင်ခွင်ကျသရုပ်ဆောင်နိုင်ခဲ့တယ်လို့ထင်လား။**

အဲဒီလိုတော့ မမျှော်လင့်ခဲ့ဘူး။ မာယာချိုနေရာ သရုပ်ဆောင်တဲ့အခါ အရမ်းကိုကြောက်နေခဲ့တယ်။ အရမ်းကိုတုန်လှုပ်နေခဲ့တယ်။ စိုးရိမ်စိတ်တွေလည်း အရမ်းများနေတယ်။ ဘာလို့လဲဆိုတော့ ဒီဇာတ်ရုပ်ကိုလုပ်တာကိုယ်က ပထမဆိုပြဿနာမရှိဘူး။ ကိုယ့်ဇာတ်ရုပ်အတိုင်း လုပ်လို့ရတယ်။ ရှေ့မှာလုပ်ပြီးထားတဲ့သူရှိတဲ့အတွက်ကြောင့် ဒီလူကို ကိုယ်မမီရင် အပြောခံရမယ်။ over ဖြစ်သွားရင်လည်း ကိုယ်အပြောခံရမယ်။ ဒါပေမဲ့အတတ်နိုင်ဆုံးတော့ တူအောင်ကြိုးစားတယ်။ တစ်ခါတလေကျတော့ လွဲချော်မှုလေးတွေရှိတယ်။

**ညီမက အခုအချိန်မှာ အနုပညာဝမ်းစာ ဖြည့်တင်းနေရတဲ့သူတစ်ယောက်ဆိုတော့ ဝမ်းစာကို ဘယ်လိုဖြည့်တင်းနေလဲ။**

အခု ရိုက်ကွင်းတွေသွားလို့ ဝါရင့်သရုပ်ဆောင်ကြီးတွေနဲ့တွေ့ရင် သူတို့ရဲ့ သရုပ်ဆောင်တွေကို သတိထားပြီးကြည့်တယ်။ ဒါရိုက်တာတွေသင်ပေးရင်လည်း သေသေချာချာလိုက်နာဖြစ်တယ်။ အကုန်လုံးနားမလည်သေးတဲ့သူဖြစ်တဲ့အတွက်ကြောင့် သေချာမှတ်သားဖြစ်တယ်။ သမီးတို့သရုပ်ဆောင်တွေက သဘာဝသွားလာလှုပ်ရှားနေတဲ့သူတွေကိုကြည့်ပြီးတော့ပဲ ရိုက်ကူးရတာဖြစ်တဲ့အတွက်ကြောင့်သဘာဝကိုလည်း အထူးသတိထားပြီးကြည့်ဖြစ်တယ်။ ပြီးရင် အိမ်ပြန်ရောက်ရင် ငါဘယ်သူ့အမူအရာလုပ်ကြည့်ရင်ကောင်းမလဲ။ ကိုယ့်ရဲ့အိမ်မှာ မှန်အကြီးကြီးရှိတယ်။ အဲဒီမှန်ရှေ့မှာ လေ့ကျင့်ဖြစ်တယ်။

**အပြင်ထုတ်လုပ်ရေးနဲ့ဇာတ်ကားတွေရိုက်နေတယ်ဆို။ ဘယ်သူတွေနဲ့ရိုက်တာလဲ၊ ဘယ်လိုကားတွေရိုက်ဖြစ်နေလဲ။**

The sign of love ရိုက်ပြီးတော့အခု'အကြီးကြီးကိုဖွပ်စ်မယ်' ဇာတ်ကားကို ဦးလူမင်းရယ်၊ မအိန္ဒြာကျော်ဇင်ရယ်၊ သမီးရယ် သုံးယောက်ပေါ့။ အဲဒီကားရိုက်ဖြစ်တယ်။ ကားမှာကျတော့ ကိုယ်က နိုင်ငံကျော်ရုပ်ရှင်မင်းသမီးတစ်ယောက်ပေါ့။ အန်ကယ်လ်လူမင်းနဲ့တွဲပြီးတော့ ရုပ်ရှင်ဇာတ်ကွင်းထဲမှာ ဖြစ်ပျက်နေတာကို ဟာသအနေနဲ့ရိုက်တာပါ။

**ဝါရင့်အနုပညာရှင်တွေနဲ့ သရုပ်ဆောင်ရတော့ ဘယ်လိုအတွေ့အကြုံတွေရလဲ။**

အန်ကယ်လ်လူမင်းနဲ့သရုပ်ဆောင်တဲ့အခါ အကုန်ပြောပြတယ်။ ကိုယ်က တစ်ခါတလေကျရင် ကိုယ်လုပ်လိုက်တဲ့အမူအရာက မှန်တယ်ထင်ပေမယ့် ဘေးလူကြည့်တဲ့အခါ မထင်မှတ်ဘဲ အမှားတွေအများကြီးဖြစ်သွားနိုင်တယ်။ အဲဒီအခါကျရင် ဘယ်လိုလုပ်သင့်တယ်ဆိုတာ ပြောပြတယ်။ မအူဝဲဆိုလည်း အဲဒီလိုပဲ သူ့အကြောင်းလေးတွေပြောပြတယ်။ ဘယ်နေရာမှာ ဘယ်လိုလုပ်သင့်တယ်ဆိုဆုံးမပြီး သင်ပေးတဲ့အခါကျတော့ အရမ်းဝမ်းသာမိတယ်ရှင်။ ဘာလို့လဲဆိုတော့ သူတို့က တကယ့်ဝါရင့်အနုပညာရှင်တွေဆိုတော့ တော်ရုံနဲ့သင်ပေးဖို့မလွယ်ဘူး။ ကိုယ်တိုင်က သီးသန့်တွေ့ဖို့လည်း မဖြစ်နိုင်ဘူးလေ။ အခုလိုရိုက်ကွင်းမှာတွေ့တော့ သင်ပေးတယ်။ အဲဒီနေ့က ဆို အရမ်းပျော်မိတယ်။

The sign of love **ကဆက်ရိုက်ဖြစ်မယ်လို့သိရတယ်။ ကုမ္ပဏီနဲ့နောက်ထပ် ဘာကားတွေရိုက်ဖို့ရှိသေးလဲ။**

လပြည့်လှိုင်း ဇာတ်လမ်းတိုလေးရိုက်ထားတယ်။ ရုံးကရိုက်ထားတာ။ The sign of love က ၄၊ ၅၊ ၆ထပ်ရိုက်မယ်ကြားတယ်။ ဇာတ်လမ်းက ဘယ်လိုသွားမလဲ မသိသေးဘူး။ သူတို့စီစဉ်နေတုန်းပဲဆိုတော့။

**ညီမကို အနေအေးတဲ့ မြတ်နိုးခင်ဇာတ်ရုပ်နဲ့တွဲပြီး ပရိသတ်တွေက သိထားတာဆိုတော့ ကိုယ့်ကို ပရိသတ်ကဘယ်လိုပုံမျိုးနဲ့သိစေချင်လဲ။**

ဘယ်လိုပုံစံမျိုးနဲ့သိသိပေါ့။ မြတ်နိုးခင်အဖြစ်သိပေးတာလည်း ဝမ်းသာပါတယ်။ ဒါပေမဲ့ စိုးနန္ဒာကျော်အနေနဲ့လည်း သိစေချင်ပါတယ်။ သူတို့ရဲ့ (ပရိသတ်) နှုတ်ထဲမှာ၊ ရင်ထဲမှာ မြတ်နိုးခင်နာမည်ကစွဲနေပြီ။ ညီမကိုမြင်တာနဲ့မြတ်နိုးခင်ဆိုပြီး ပါးစပ်ကတန်းထွက်ထွက်သွားတယ်လို့ပြောတယ်။ ဘာပဲဖြစ်ဖြစ်ပါ။ သမီးကို မြတ်နိုးခင်အဖြစ် မြင်ပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ စိုးနန္ဒာကျော်အဖြစ်လည်း ထပ်ပြီးမြင်ပေးပါဦးလို့မေတ္တာရပ်ခံပါတယ်။

**ပရိသတ်ကို ညီမကအမှတ်တရစကားလေးပြောပေးပါဦး။**

ပရိသတ်အတွက်အကောင်းဆုံးဖြစ်အောင် အမြဲတမ်းကြိုးစားနေပါမယ်လို့၊ လေ့လာသင်ယူနေပါမယ်လို့၊ သမီးရဲ့လိုအပ်ချက်လေးတွေ ဝေဖန်ပေးပါ။ အဲဒီလိုဝေဖန်ပေးမှ သမီးရဲ့အမှားတွေကို သိမယ်။ ပြီးတော့ ဒီအနုပညာလမ်းပေါ်မှာရှေ့ဆက်လျှောက်ဖို့အတွက် ပရိသတ်ရဲ့ အားပေးမှုတွေအများကြီး လိုပါတယ်လို့၊ ပရိသတ်အားပေးမှ ဒီအနုပညာလမ်းပေါ်မှာ ဆက်လက်လျှောက်လှမ်းနိုင်မှာဖြစ်တဲ့အတွက် အားပေးကြပါဦးလို့ အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားပါမယ်။

**ကျေးဇူးတင်ပါတယ်။**

"DNR နည်းပညာဖြင့် နား/နှာခေါင်း/လည်ချောင်းရောဂါကို တစ်ကြိမ်တည်းကုသရုံဖြင့်ပျောက်ကင်းစေရမည်။"



မန္တလေး၊ ချောင်းအောင်းမြေ... နား/နှာခေါင်း/လည်ချောင်းရောဂါဝေဒနာများကို ပါရဂူများ ကိုယ်တိုင်စမ်းသပ်ကုသပေးသည်။



အဆင့်မြင့်နည်းပညာရပ်များ

အမေရိကန်နိုင်ငံ၏ DNR နည်းပညာ...

အထူးကုသမှုများမှာ

Open Daily
AM - (8:00) to (8:00) PM

POLO ဆေးခန်း Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁) ဗားဂရာလမ်း၊ ဝမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

Sports
7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ကမ္ဘာ့မွေထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် ထွန်းထွန်းမင်း ကွာတားအဆင့်ရောက်ရှိနေ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန်-၁၆**

ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ကမ္ဘာ့မွေထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာမွေအားကစားသမား ထွန်းထွန်းမင်းသည် ဆီနီဂေါနှင့် ဆွစ်ဇာလန်ကစားသမားများကို ကျော်ဖြတ်အနိုင်ယူထားပြီး ကွာတားအဆင့်သို့ ရောက်ရှိနေကြောင်း သတင်းရရှိသည်။ ကမ္ဘာတစ်ဝန်းမှ ပြိုင်ပွဲဝင်မွေအားကစားသမား ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သည့် အဆိုပါပြိုင်ပွဲကို မေလ ၂၉ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာမွေအားကစားသမား ထွန်းထွန်းမင်းသည် လက်ရည်စစ်ပြိုင်ပွဲ၌ မွေဆီနီဂေါလက်ေ့ွသမားကိုပထမအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။

"ထွန်းထွန်းမင်းက လက်ရည်စစ်ပွဲမှာ ဆီနီဂေါမွေကစားသမားကို ပထမအချီမှာပဲ အလဲထိုးအနိုင်ယူခဲ့တာပါ။ ပြိုင်ဘက်ကစားသမားဒူးပြုတ်သွားပြီး အရှုံးပေးခဲ့ရခြင်းဖြစ်ပါတယ်"ဟု ထွန်းထွန်းမင်း၏ ဆရာဖြစ်သူ(ပုသိမ်)ရဲသွေးက ပြောသည်။

လက်ရည်စစ်ပွဲအောင်မြင်ခဲ့သော ထွန်းထွန်းမင်းသည် ပထမ ၁၆ ဦးအဆင့်တွင် ဆွစ်ဇာလန်လက်ေ့ွသမားနှင့် ဇွန်လ ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အမှတ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် နောက်ဆုံးရှစ်ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၇၀ ကီလိုတန်းတစ်တန်းသာ ထည့်သွင်းကျင်းပသော ရှုံးထွက်စနစ်ယှဉ်ပြိုင်ရသည့် ကမ္ဘာ့မွေထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ၂၀၁၂ အာရှမွေပြိုင်ပွဲ ၇၁ ကီလိုတန်း၌ ဒုတိယဆုရရှိခဲ့သည့် မြန်မာမွေကစားသမား ထွန်းထွန်းမင်းကို ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးစိုင်းဇော်ဇော်က ပြောသည်။

"ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တွေယှဉ်ပြိုင်ရမယ့် ရက်ကတော့ အတိအကျမသိရသေးပါဘူး။ ဇူလိုင်လထဲဖြစ်မှာပါ။ ဘယ်သူနဲ့ ယှဉ်ပြိုင်ရမယ်ဆိုတာကိုလည်း ပွဲစဉ်တွေနီးမှ မဲနှိုက်ရမှာပါ"ဟု ဦးစိုင်းဇော်ဇော်က ဆိုသည်။

မြန်မာမွေအားကစားသမား ထွန်းထွန်းမင်းသည် လက်ရည်စစ်ပွဲအောင်မြင်စဉ်က ဆုကြေးအဖြစ် ကန်ဒေါ်လာတစ်ထောင်နှင့် အုပ်စုပထမအဆင့်တွင် ဆွစ်ဇာလန်ကစားသမားကို အနိုင်ရရှိသည့်အတွက် ဆုကြေးကန်ဒေါ်လာ နှစ်ထောင်ရရှိထားကြောင်း သိရှိရသည်။

ပြိုင်ပွဲတွင်ဗိုလ်စွဲသည့်ကစားသမားကို ချီးမြှင့်မည့် ဆုကြေးပမာဏကိုမူ တိတိကျကျထုတ်ပြန်ထားခြင်းမရှိသော်လည်း ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း ဖိတ်ကြားလွှာတွင် ပါရှိသည်ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

ကွာတားဖိုင်နယ်အဆင့်ရှစ်ဦးတွင် အိမ်ရှင်ထိုင်းနိုင်ငံမှ မွေထိုင်းချန်ပီယံနှစ်ဦး ပါဝင်နေပြီး မြန်မာမွေအားကစားသမား ထွန်းထွန်းမင်းအနေဖြင့် လာမည့်အဆင့်များကို ခက်ခဲစွာကျော်ဖြတ်ရဖွယ်ရှိကြောင်း(ပုသိမ်)ရဲသွေးက ဆိုသည်။




# မြန်မာယူ - ၂၃ ဘောလုံးအသင်း ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် စက်တင်ဘာတွင် ခြေစမ်းမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန်-၁၆**

၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ- ၂၃ ဘောလုံးအသင်းသည် လာမည့်စက်တင်ဘာလအတွင်း ဟောင်ကောင်လက်ရွေးစင်ဘောလုံးအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါခြေစမ်းပွဲဖြစ်မြောက်ရန်အတွက် ဟောင်ကောင် ဘောလုံးအဖွဲ့ချုပ်သို့ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် လာရောက်ကစားရန် အကြောင်းပြန်ကြားထားပြီ ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

"မြန်မာယူ- ၂၃ အသင်းနဲ့ ဟောင်ကောင်လက်ရွေးစင်အသင်းတို့ လာမယ့်စက်တင်ဘာလအတွင်းမှာ ရန်ကုန်မှာ ခြေစမ်းပွဲကစားမှာပါ။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ နိုင်ငံတကာခြေစမ်းပွဲကစားဖို့ သတ်မှတ်ထားတဲ့ စက်တင်ဘာလ ၆ ရက်မှာ ကစားဖြစ်ဖို့ စီစဉ်နေပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူက ဇွန် ၁၅ ရက်တွင်ပြောသည်။

ပြည်တွင်းမြန်မာလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၅ ရက်တွင် ပြန်လည်စတင်နေပြီဖြစ်ရာ မြန်မာယူ- ၂၃ ပဏာမလက်ရွေးစင်ကစားသမားများအနေဖြင့် သက်ဆိုင်ရာ မိခင်ကလပ်အသင်းများတွင် ပြန်လည်ကစားနေကြပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့်မြန်မာယူ- ၂၃ အသင်းကို မြန်မာလိဂ်ဒုတိယအကျော့ပွဲစဉ်များပြီးဆုံးမည့် ဩဂုတ်လပထမပတ်အတွင်း ပြန်လည် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ပြီး စက်တင်ဘာလတွင် နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် အဖွဲ့ချုပ်က စီစဉ်ခြင်းဖြစ်သည်။

နည်းပြချုပ်ပတ်ဆောင်ဟွာကိုင်တွယ်သည့်မြန်မာယူ-၂၃ အသင်းသည်မြန်မာလိဂ်ပြိုင်ပွဲခေတ္တရပ်နားထားသည့် ပြီးခဲ့သည့် မေလအတွင်းကလည်း စခန်းသွင်းလေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ရက်ပေါင်း ၂၀ အတွင်းခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာယူ-၂၃အသင်းသည် မြန်မာလိဂ်ညွှန့်ပေါင်းအသင်း၊ စင်ကာပူလက်ရွေးစင်ဘောလုံးအသင်း၊ ဗီယက်နမ်ဒေါင်းနန်းကလပ်၊ဗီယက်နမ်ယူ-၂၃အသင်းတို့နှင့် ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ခဲ့ပြီး လေးပွဲလုံးရှုံးနိမ့်ထားသည်။






# C B Insurance

နိုင်ငံသား စီးပွားရေး အာမခံ (အများပိုင်) လီမိတက်၏ ဖွင့်ပွဲအခမ်းအနားကို
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သမဂ္ဂါယမစီးပွားရေးဗဟိုဌာန တွင်

၁၃.၆.၂၀၁၃ (ကြာသပတေးနေ့) ၌ အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း နှင့်အောက်ပါအာမခံလုပ်ငန်းဝန်ဆောင်မှု

(၁) ပြည်သူ့ပြည်သားအသက်အာမခံ
(၂) ပြည်သူ့ဝန်ထမ်းအသက်အာမခံ
(၃) တပ်မတော်သားအသက်အာမခံ
(၄) စုပေါင်းအသက်အာမခံ
(၅) အားကစားသမားအသက်အာမခံ
(၆) မြွေအန္တရာယ်အသက်အာမခံ

များကိုဆက်သွယ် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်း ပါးအပ်ပါသည်။

"သင့်ဘဝအနာဂတ်လုံခြုံဖို့ C B Insurance မှာ အာမခံထားကြစို့..."

**ဆက်သွယ်ရန်လိပ်စာ**

သမဂ္ဂါယမစီးပွားရေးဗဟိုဌာန (ဆရာစံပလာဇာ)၊ ၅ (ဆရာစံလမ်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၀၁) ၅၄၁၉၉၄၊ ၅၅၇၆၄၀ ဖက်စ် - (၀၁) ၅၅၅၂၁၆

www.cbinsurance.com.mm
www.facebook.com/cbinsurance.mm

အထူးအစီအစဉ် ဂျင်းရှီအဆင့်မြင့်မော်တော်ဆိုင်ကယ် များကို အရစ်ကျ (ငွေပေးချေမှုစနစ်) ဖြင့်ဝယ်ယူအားပေးနိုင်ပြီ....




ဂျင်းရှီအဆင့်မြင့်မော်တော်ဆိုင်ကယ် များကို အထက်ပါရုံးခွဲများအပြင် ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် ဝန်ဆောင်မှုပေးလျက်ရှိသော အမြို့မြို့ အနယ်နယ်ရှိ Company's Authorised Service Partner (Key Mechanics) ဆိုင်များတွင်လည်းဝယ်ယူရရှိနိုင်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။ အဆိုပါ ဆိုင်များ၏ လိပ်စာများကိုဆက်လက်ဖော်ပြပေးသွားပါမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# တန်းတက်ချင်းယူနိုက်တက်အသင်း ကျပ်သိန်းငါးထောင်ကျော်သုံးစွဲခဲ့

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန်-၁၅

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ပြီဖြစ်သည့် ချင်းယူနိုက်တက်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ကုန်ကျငွေကျပ်သိန်းငါးထောင်ကျော်သုံးစွဲခဲ့ရကြောင်း ၎င်းအသင်းပိုင်ရှင်ဒေါက်တာဂျိမ်းစ်လျန်ဆိုင်းကပြောသည်။

"မနှစ်ကမမျှော်လင့်ဘဲမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကနေ တန်းဆင်းခဲ့ရတော့ ဒီနှစ်မှာတန်းပြန်တက်နိုင်ဖို့အတွက်အသင်းကို ပိုမိုအားထည့်ပြီး ကစားသမားပိုင်းရော၊ ငွေအင်အားပိုင်းအနေနဲ့ပါ သေချာပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ မနှစ်က မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်က အသင်းအတွက် ကုန်ကျစရိတ် ကျပ်သိန်းလေးထောင်ကျော်ရှိခဲ့ပြီး ယခုနှစ် MNL-2 ပြိုင်ပွဲမှာ အသင်းအတွက်စုစုပေါင်းကုန်ကျငွေ ကျပ်သိန်းငါးထောင်အထက်မှာရှိပါတယ်။ မနှစ်ကထက် နှစ်ဆယ့်ငါးရာခိုင်နှုန်းကျော်ပိုသုံးစွဲခဲ့တာပါ" ဟု ချင်းယူနိုက်တက်အသင်းပိုင်ရှင်ဒေါက်တာဂျိမ်းစ်လျန်ဆိုင်းကပြောသည်။



*ချင်းယူနိုက်တက်အသင်းပိုင်ရှင်ဒေါက်တာ ဂျိမ်းစ်လျန်*

ဓာတ်ပုံ - မင်းကိုဇင်

ချင်းယူနိုက်တက်အသင်းသည် မြန်မာလိဂ်-၂ ပြိုင်ပွဲပြီးဆုံးရန် လက်ကျန်တစ်ပွဲအလိုတွင် ရမှတ် ၃၃မှတ်ရရှိကာ ပွဲစဉ်မပြီးဆုံးမီ တန်းတက်ခွင့်သေချာခဲ့ခြင်းဖြစ်သည်။ ဇွန် ၁၄ရက်က ကျင်းပခဲ့သည့် မြန်မာလိဂ်-၂ပြိုင်ပွဲ ပွဲစဉ် ၁၇တွင် ချင်းယူနိုက်တက်အသင်းသည် မြန်မာယူ-၁၉ အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

"မနှစ်က ချင်းယူနိုက်တက်အသင်းမှာ နိုင်ငံခြားသားကစားသမားမပါဝင်ခဲ့ပေမယ့် ဒီနှစ် MNL-2 ပြိုင်ပွဲဝင်အသင်းမှာ နိုင်ငံခြားကစားသမားသုံးဦးခေါ်ယူအားဖြည့်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအသင်းအနေအထားနဲ့တော့ လာမယ့်နှစ် ၂၀၁၄ခုနှစ်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် အခက်အခဲဖြစ်နိုင်ပါတယ်။ အသင်းကိုပြောင်းလဲမှုတွေ ထပ်လုပ်သွားဖို့ စီစဉ်မှာပါ"ဟု ချင်းယူနိုက်တက်အသင်းပိုင်ရှင်ကဆိုသည်။

လာမည့်နှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အသင်းအတွက် လက်ရှိပြည်တွင်း၊ ပြည်ပကစားသမားများထက် ပိုမိုအဆင့်မြင့်မားသည့် ကစားသမားများကို ခေါ်ယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း ချင်းယူနိုက်တက် အသင်းနည်းပြချုပ် ဦးဆန်းဝင်းက ပြောသည်။

အသင်းပေါင်းကိုးသင်းဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာလိဂ်-၂ပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် နှစ်သင်းသည် လာမည့် ၂၀၁၄ခုနှစ်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။ ပွဲစဉ် ၁၇ ပထမပွဲစဉ်အပြီးတွင် ချင်းယူနိုက်တက်အသင်းက တန်းတက်ခွင့်ရရှိခဲ့ပြီဖြစ်ပြီး ကျန်တစ်သင်းအတွက်မူ အဖြေမပေါ်သေးပေ။

လက်ကျန်ပွဲစဉ်တစ်ပွဲအလိုတွင်မြန်မာယူ-၁၉အသင်းက ဒုတိယနေရာတွင် ရမှတ် ၂၈မှတ်ဖြင့် ရပ်တည်နေပြီး ချင်းယူနိုက်တက်အသင်းက ငါးမှတ်အသာရကာ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာလိဂ်-၂ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာယူ-၁၉ အသင်းသည် တန်းတက်မည်မဟုတ်သည့် အတွက် လက်ကျန်တစ်သင်းအတွက် အခြားပြိုင်ပွဲဝင်အသင်းများထဲမှ ထွက်ပေါ်လာမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# ပါကစ္စတန် သမိုင်းဝင်အဆောက်အအုံကို စစ်သွေးကြွများ ဖောက်ခွဲဖျက်ဆီး

**ကွက်တာ၊ဇွန်-၁၅**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဇီယာရက်မြို့ရှိ ၁၉ ရာစုလက်ရာ သစ်သားအိမ်တော်ကို ဇွန်လ ၁၅ ရက် အရုဏ်တက်တွင် စစ်သွေးကြွများက စက်သေနတ်များ၊ ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ယင်းအိမ်တော်တွင် ပါကစ္စတန်နိုင်ငံ တည်ထောင်သူ ဖခင်ကြီး မိုဟာမက်အလီဂျင်းနာ နေထိုင်ခဲ့ပြီး ၎င်းကွယ်လွန်ပြီးနောက်ပိုင်းတွင် နိုင်ငံ၏ သမိုင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည်။ ယင်းအိမ်တော်ကို စစ်သွေးကြွများက စက်သေနတ်များ၊ ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အစောင့်တစ်ဦး သေဆုံးခဲ့ကြောင်း အကြီးတန်းညွှန်ကြားရေးအရာရှိ နာဒိန်းတာဟာက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။ ယင်းအိမ်တော်တွင် စစ်သွေးကြွများက ဗုံးအများအပြားထောင်ထားပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင် အက်စ်ဂဟာအလီက ပြောသည်။ အိမ်တော်၏ ဝရန်တာနှင့်သစ်သားဖြင့်ဆောက်လုပ်ထားသည့် ရှေ့ဘက်မျက်နှာစာ ပျက်စီးသွားပြီး ပေါက်ကွဲသံ အနည်းဆုံး လေးချက်ကြားရကာ လောင်နေသော မီးကို ငြိမ်းသတ်နိုင်ရန် ၅ နာရီကြာခဲ့ကြောင်း၊ ဇီယာရက်မြို့တွင် မီးသတ်ဌာနမရှိကြောင်း အဆိုပါညွှန်ကြားရေးအရာရှိကပြောသည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ တစ်ဦးတစ်ယောက်မှ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်းနှင့် မည်သူ့လက်ချက်ဖြစ်သည်ကို ပြောကြားခြင်းမရှိကြောင်း အာဏာပိုင်များက ပြောသည်။

—*Ref: AFP*



BANARAS KHAN/AFP

*ဇွန် ၁၅ ရက်က ကတ်တာမြို့မှ ကီလိုမီတာ ၈၀ အကွာ ဇီယာရက်ဒေသရှိ သမိုင်းဝင်အဆောက်အအုံ မီးလောင်ကျွမ်းနေသည်ကို မီးသတ်သမားများက ငြိမ်းသတ်နေသည်ကို ကြည့်ရှုနေသော ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ*

# ဆီးရီးယားအစိုးရတပ်များ ဓာတုလက်နက်အသုံးပြု တိုက်ခိုက်ခဲ့ဟု ကန် ပြောဆိုချက် ဆီးရီးယားပယ်ချ

**အလက်ပို၊ဇွန်-၁၅**

ဆီးရီးယားအစိုးရတပ်များက သူပုန်တပ်များကို တိုက်ခိုက်ရာတွင် ဓာတုလက်နက်များ အသုံးပြုခဲ့သည်ဟု အမေရိကန်နိုင်ငံ၏ ကြေညာချက်ကို ဆီးရီးယားနိုင်ငံက ပယ်ချလိုက်သည်။

အမေရိကန်နိုင်ငံ၏ ယင်းကြေညာချက်သည် မုသားများ ပြည့်နှက်နေပြီး လုပ်ကြံထားသည့် သတင်းအချက်အလက်များပေါ်တွင် အခြေခံထားကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ဇွန်လ ၁၄ ရက်တွင် ပြောသည်။ ဆီးရီးယားအစိုးရတပ်များသည် ဓာတုလက်နက်များအသုံးပြုတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စုံစမ်းစစ်ဆေးရေးအရာရှိများက ဆုံးဖြတ်ခဲ့ပြီး ဆီးရီးယားသူပုန်တပ်များသို့ အမေရိကန်က လက်နက်များစတင်ပေးပို့ကူညီသွားမည်ဟု ဇွန်လ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ အယ်လ်အာဆတ်၏ တပ်ဖွဲ့များသည် အာရုံကြောထိခိုက်စေသည့် ဆာရင်အဆိပ်ဓာတ်ငွေ့အပါအဝင်ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံတစ်ဝန်း လူ ၁၀၀ မှ ၁၅၀ ဦးအထိ သေဆုံးခဲ့ကြောင်း အမေရိကန်က ပြောသည်။ သူပုန်တပ်များ ဓာတုလက်နက်များဖြင့် တိုက်ခိုက်သည်ဆိုသည့် ယုံကြည်ရသော အထောက်အထား မတွေ့ရကြောင်း အမေရိကန်အစိုးရက ပြောသည်။

ဆီးရီးယားနိုင်ငံ ပဋိပက္ခများတွင် အမေရိကန်နိုင်ငံ ပါဝင်မှုကို တိုးမြှင့်စေနိုင်မည့် အနီရောင်စည်းမကျော်လွန်စေရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဓာတုလက်နက် အသုံးပြုမှုကို ယခင်က သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံက ရုရှားနိုင်ငံသို့ ပေးပို့ခဲ့သည့် အာဆတ်အစိုးရတပ်များ ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ကြောင်း အချက်အလက်များမှာ ယုံကြည်လောက်ဖွယ်မရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ထိပ်တန်းနိုင်ငံခြားရေးမူဝါဒ အကြံပေးပုဂ္ဂိုလ်က ဇွန်လ ၁၄ ရက်တွင် ပြောသည်။ ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားနေစဉ် ရုရှားနိုင်ငံက အာဆတ်အစိုးရတပ်များထံ လက်နက်များပေးပို့ကူညီနေသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.12, No.15 • JUNE 19 , 2013

# နော်ဝေးတပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ တာဝန်ထမ်းဆောင်မည်

**အော်စလို၊ ဇွန်-၁၅**
နော်ဝေးနိုင်ငံသည် ငြိမ်းချမ်းနေသောကာလတွင် အမျိုးသမီးများ စစ်မှုမထမ်းမနေရ ဥပဒေကို ပြဋ္ဌာန်းမည့် ဥရောပရှိ တစ်ခုတည်းသော နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။

ခရစ်ယာန်ဒီမိုကရက်တစ်ပါတီမှလွဲ၍ ပါလီမန်ရှိ ပါတီအားလုံးသည် ယောက်ျားမိန်းမသာတူညီမျှရှိသော စစ်မှုမထမ်းမနေရ ဥပဒေတစ်ခုအတွက် ဗဟိုလက်ဝဲ အစိုးရက ထောက်ခံသော အဆိုပြုချက်တစ်ခုကို ဇွန်လ ၁၄ ရက်တွင် သဘောတူညီခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် နော်ဝေးနိုင်ငံရှိ အမျိုးသမီးများ တစ်နှစ်တာစစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပြုချက်အရ သိရသည်။ "နော်ဝေးနိုင်ငံဟာ ငြိမ်းချမ်းနေတဲ့ ကာလမှာ အမျိုးသမီးတွေ စစ်မှုမထမ်းမနေရ ဥပဒေကို စတင်ပြဋ္ဌာန်းမယ့် ပထမဆုံး ဥရောပတိုင်းပြည်တစ်ပြည်ဖြစ်ပါတယ်" ဟု ကာ



ကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဥပဒေမူကြမ်းသည် ယောက်ျား၊ မိန်းမ သာတူညီမျှရှိမှုအတွက် ခြေလှမ်းတစ်လှမ်းနှင့် စစ်တပ်အတွင်း လုပ်ပိုင်ခွင့်အာဏာများ အပြောင်းအလဲလုပ်ရန် အားထုတ်မှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။ ဥပဒေပြဋ္ဌာန်းချက်အရ စစ်မှုထမ်းရသူများကို ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများနှင့်အတူ စိတ်ပါဝင်စားမှုများ အပေါ် အခြေခံ၍ ရွေးချယ်မည်ဖြစ်သည်။

နော်ဝေးနိုင်ငံသည် နိုင်ငံသားအမျိုးသမီးများကို ၁၉၇၆ ခုနှစ်ကတည်းက မိမိ၏ ဆန္ဒအရ စစ်ထဲဝင်လိုလျှင် စစ်တပ်၌ တာဝန်ထမ်းဆောင်ခွင့် ပြုခဲ့သည်။ ယခုကဲ့သို့ အမျိုးသမီးများ စစ်မှုမထမ်းမနေရ ဥပဒေကို အဆိုမပြုမီကပင် နော်ဝေးကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၌ စစ်တပ်အတွင်း အမျိုးသမီးတပ်သား ၂၀ ရာခိုင်နှုန်း ထားရှိရန် ရည်ရွယ်ထားပြီးဖြစ်သည်။

—*Ref: AAP*




စာမျက်နှာ ၄၈ မှ

## အမေရိကန်တိုက်လေယာဉ်နှင့် ဒုံးကျည်များ ဂျော်ဒန်နိုင်ငံတွင် ချထားမည်


ယင်းအရာရှိက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားခဲ့သည်။ သို့ရာတွင် နှစ်နိုင်ငံအရာရှိများသည် F-16 တိုက်လေယာဉ်မည်မျှ ချန်ထားခဲ့မည်ကို ပြောကြားရန် ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံသည် အမေရိကန်၏ အဓိက အာရပ်မဟာမိတ်နိုင်ငံဖြစ်ပြီး အစ္စရေးနိုင်ငံနှင့်လည်း ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ဂျော်ဒန်နိုင်ငံတောင်ပိုင်းရှိ အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ ပဋိပက္ခများ ဂျော်ဒန်နိုင်ငံသို့ ကူးစက်လာနိုင်သည့် အရေးနှင့်ပတ်သက်၍ စိုးရိမ်နေကြောင်း သိရသည်။

—*Ref: AFP*

စာမျက်နှာ ၄၈ မှ

## နယ်လ်ဆင် မန်ဒဲလား ကျန်းမာရေးအခြေအနေ တိုးတက်လာဟု တောင်အာဖရိကသမ္မတ ပြောကြား




ALEXANDER JOE/AFP

တောင်အာဖရိက အစိုးရသည် မစ္စတာမန်ဒဲလားနှင့်ပတ်သက်၍ မျှော်လင့်ချက် ဆက်လက်ဆုပ်ကိုင်ထားသော်လည်း တောင်အာဖရိကနိုင်ငံသားများက ၎င်း၏ ကျန်းမာရေးအားနည်းခြင်းကို ကောင်းစွာနားလည်သဘော ပေါက်ကြသည်ဟု ဘီဘီစီသတင်းဌာနက ပြောကြားသည်။

—*Ref: BBC*

စာမျက်နှာ ၄၈ မှ

## အိန္ဒိယနိုင်ငံ မြောက်ပိုင်း မုတ်သုံမိုးကြောင့် ရေကြီး၍ သေဆုံးသူ ၁၉ ဦးခန့်ရှိလာ

ရေကြီးမှုဒဏ် အဆိုးရွားဆုံးဖြစ်ကြောင်း ဘီဘီစီသို့ ပြောကြားသည်။

အိန္ဒိယနိုင်ငံ မြို့တော်ဒေလီ၌ မကြာမီက နွေရာသီတွင် အပူဒဏ်ပြင်းထန်ခဲ့ပြီးနောက် တနင်္လာနေ့တွင်မူ လမ်းမများမှာ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလျှံခဲ့ပြီး ယာဉ်များလည်း သွားလာရခက်ခဲခဲ့သည်။ ဒေလီလေဆိပ်တွင်လည်း ဇွန်၁၆ရက်က ရေအမြင့် လေးလက်မခန့်အထိ တက်ခဲ့ပြီး ခရီးသည်များမှာ တစ်နေ့လုံး ဒူးအထိမြုပ်သည့် ရေထဲတွင် ရေမကျမချင်း သွားလာခဲ့ရသည်။

—*Ref: BBC*



အရက်သောက်ခြင်းကြောင့်ဖြစ်သော အသည်းရောဂါများ နှင့် နှလုံးရောဂါများ အတွက်
အကောင်းဆုံး အသည်းနှင့် နှလုံးအားဖြည့်ဆေး
HEPALUCKY Soft Caps
ARGININE + B1+B2+VIT C
Happy Summer Present
HEPALUCKY
ကဒ်ခွဲ(၈)ခု
HEPALUCKY ရေခဲဘူး(၁)ဘူး
Promotion ကာလ
1st April 2013 to 30th Jun 2013
Myn Reg. No: R1209A2601
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.




မိသားစုတိုင်းပြုံးပျော်မှာ တစ်လုံးတည်းပါ . . . ဖူဂါကာ
Fugacar
mebendazole
သင့်မိသားစုလည်း သူတို့လို...
လုံခြုံစိတ်ချမှုရှိရဲ့လား... ?
သင့်မိသားစု သန်ကောင်၊ တုတ်ကောင်ရောဂါ ကင်းဝေးစေရန်
Fugacar တစ်လုံးကို ၆ လတစ်ကြိမ် သောက်ပါ။
janssen
အိမ်သားတစ်ဦးဦးတွင် သန်ကောင်၊ တုတ်ကောင်ရှိလျှင် မိသားစုအားလုံး ကုသမှုခံယူပါ။

7 DAY NEWS JOURNAL

# International

Vol.12, No.15 • JUNE 19 , 2013

## နယ်လ်ဆင် မန်ဒဲလား ကျန်းမာရေးအခြေအနေ တိုးတက်လာဟု တောင်အာဖရိက သမ္မတ ပြောကြား

**ပရီတိုးရီးယား၊ ဇွန်-၁၆**

ပရီတိုးရီးယားဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူနေရသော တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလား၏ ကျန်းမာရေးအခြေအနေမှာ ဆက်လက်တိုးတက်မှုရှိနေကြောင်းနှင့် အဆုတ်ရောဂါအပြင်းအထန်ခံစားနေရာမှ ကျန်းမာလာပြီဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ပြောကြားသည်။

"ပြီးခဲ့တဲ့နှစ်ရက်က မစ္စတာမန်ဒဲလားကျန်းမာရေးအခြေအနေ ဆိုးနေပေမယ့် ဆရာဝန်တွေက သူ့ကျန်းမာရေး ဆက်လက်တိုးတက်လာပြီလို့ ပြောပါတယ်။ မစ္စတာမန်ဒဲလားဟာ သူ့မိသားစုနဲ့လည်း တွေ့နေဆဲပါပဲ" ဟု မစ္စတာဇူးမားက ပြောကြားသည်။

မစ္စတာဇူးမားသည် ၁၉၇၆ ခုနှစ် ဆိုဝက်တိုလူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေးအမှတ်တရအဖြစ် ပြုလုပ်သော လူငယ်များနေ့စုဝေးပွဲ၌ မိန့်ခွန်းပြောကြားစဉ် မစ္စတာမန်ဒဲလားကျန်းမာရေးနှင့် ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ပေးပြောကြားခဲ့ခြင်းဖြစ်သည်။ မစ္စတာဇူးမားသည် ဖခင်များနေ့၌ မစ္စတာမန်ဒဲလားအတွက် ဆုတောင်းပေးရာတွင် ၎င်းအား ပါဝင်ခွင့်ပြုရန် ပရိသတ်များကို တောင်းဆိုခဲ့သည်။

ဘီဘီစီသတင်းဌာန၏ ပြောကြားချက်အရ မစ္စတာမန်ဒဲလား၏ မြေးဖြစ်သူကလည်း မစ္စတာမန်ဒဲလား၏ အခြေအနေမှာ ဆက်လက် တိုးတက်မှုရှိနေသည်ဟု ပြောကြားကြောင်း၊ သို့သော် မည်သူကမျှ မစ္စတာမန်ဒဲလားသည် မည်သည့်နေ့တွင် ဆေးရုံမှဆင်းမည်ကို အတည်ပြုပြောကြားခြင်း မရှိကြောင်း ဆိုသည်။

စာမျက်နှာ ၄၆ ››



MUHAMMAD HAMED/REUTERS

*ဇွန် ၁၇ ရက်က အိန္ဒိယနိုင်ငံ ဥတ္တရကန်ပြည်နယ် ဂိုဗင်ဒက်မြို့အနီး မုတ်သုံမိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသောလမ်းကို အိန္ဒိယအမျိုးသားတစ်ဦး ကြည့်ရှုနေစဉ်*

## အစ္စရေးနှင့် ပါလက်စတိုင်း စီးပွားရေးအရ ပြန်လည်ဆက်ဆံမည်

**ဂျေရုဆလင်၊ ဇွန်-၁၇**

ဇွန်လ ၁၆ ရက်တွင်ပြုလုပ်ခဲ့သည့် အစ္စရေးနိုင်ငံနှင့် ပါလက်စတိုင်း ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးပွဲ၌ ပြီးခဲ့သည့်နှစ်အတွင်းက ပါလက်စတိုင်းနှင့် စီးပွားရေးအဆက်အသွယ် ဖြတ်တောက်မှုကို ဖျက်သိမ်း၍ ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်ရန် နှစ်ဖက်အာဏာပိုင်များ သဘောတူ ဆုံးဖြတ်လိုက်သည်။

မကြာမီက ခန့်အပ်လိုက်သည့် ပါလက်စတိုင်း ဘဏ္ဍာရေးဝန်ကြီး ရှုကရီဘစ်ဟာရာသည် အစ္စရေးဘဏ္ဍာရေးဝန်ကြီး ယာလာပစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အစ္စရေးဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့အတွက် ကောက်ခံခဲ့သည့် လစဉ်အခွန်ငွေများကို အစ္စရေးနိုင်ငံက လွှဲပြောင်းပေးအပ်ရန် သဘောတူလိုက်ကြောင်း ပါလက်စတိုင်းဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ် ရာမီမာဒါဝီက ပြောသည်။

အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့က တားမြစ်နေသည့်ကြားမှ ပါလက်စတိုင်းကို ကုလသမဂ္ဂ အထွေထွေညီလာခံက အဆင့်တိုးမြှင့်ပေးခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလတွင် နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲများကို အစ္စရေးနိုင်ငံက ရပ်တန့်ထားခဲ့သည်။

ယခုပြန်လည်တွေ့ဆုံ ဆွေးနွေးရန် သဘောတူညီမှု၏ ရည်ရွယ်ချက်မှာ အစ္စရေးနိုင်ငံ ဆေးရုံများတွင် ကုသမှုခံယူနေသည့် ပါလက်စတိုင်းသားများ၏ စရိတ်စက ပေးချေရေးနှင့် လောင်စာဆီ၊ လျှပ်စစ်၊ ရေ စသည့် အစ္စရေး၏ ထောက်ပံ့မှုအပါအဝင် နှစ်ဖက်နယ်စပ်ဖြတ်သန်းသွားလာမှုကိစ္စများအတွက် ပုံမှန်အစည်းအဝေးများပြန်လည်စတင်ရန်ဖြစ်သည်။

*—Ref: AFP*

## အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် မုတ်သုံမိုးကြောင့် ရေကြီး၍ သေဆုံးသူ ၁၉ ဦးခန့်ရှိလာ

**မွမ်ဘိုင်း၊ဇွန်-၁၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များတွင် မုတ်သုံမိုးများရွာသွန်း၍ ရေကြီးမှုများကြောင့် အနည်းဆုံး လူပေါင်း ၁၉ ဦးခန့် သေဆုံးခဲ့ရသည်။

ရေကြီးမှုကြောင့် ဥတ္တရကန်ပြည်နယ်တွင် ၁၅ ဦးနှင့် ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် လေးဦးသေဆုံးခဲ့သည်။ သေဆုံးမှုများမှာ မိုးအဆက်မပြတ်ရွာသွန်း၍ ရေကြီးကာ မြေပြိုမှုများကြောင့်ဖြစ်ကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ဇွန်၁၆ရက်က ရေကြီးပြီး တံတားများလည်း ကျိုးကျနစ်မြုပ်ခြင်းကြောင့် ဥတ္တရကန်ပြည်နယ်၌ ဘုရားဖူးထွက်နေသော ခရီးသည်များစွာမှာ လမ်းခုလတ်တွင်ပင် လူပေါင်းထောင်ချီ၍ သောင်တင်နေခဲ့သည်။

ဥတ္တရကန်ပြည်နယ် ထိပ်တန်းတာဝန်ရှိသူတစ်ဦးကလည်း ပြည်နယ်အတွင်း ကီဒါနတ်နှင့် ရူဒရာပရာယက် ဒေသများမှာ

စာမျက်နှာ ၄၆ ››



MUHAMMAD HAMED/REUTERS

*ဇွန် ၁၆ ရက်က ဂျော်ဒန်နိုင်ငံမြို့တော် အမန်မြို့တောင်ဘက် မိုင် ၁၈၀ အကွာ အကာဘာမြို့အနီး ကူဝေးရားဒေသ၌ပြုလုပ်သော နိုင်ငံပေါင်းစုံစစ်ရေးလေ့ကျင့်မှု Eager Lion Exercise အတွင်း အမေရိကန်မရိန်း အမှတ် ၂၆ ခြေမြန်တပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် ဂျော်ဒန်စစ်သားများကို တွေ့ရစဉ်*

## အမေရိကန်တိုက်လေယာဉ်နှင့် ဒုံးကျည်များ ဂျော်ဒန်နိုင်ငံတွင် ချထားမည်

**ဝါရှင်တန်၊ ဇွန်-၁၇**

အမေရိကန်နိုင်ငံသည် ယခုလအတွင်း ဂျော်ဒန်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြီးဆုံးလျှင် F-16 တိုက်လေယာဉ်များနှင့် ပက်ထရီးယော့ ဒုံးခွင်းဒုံးများကို ဂျော်ဒန်နိုင်ငံ၌ ချန်ထားခဲ့မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဇွန်လ ၁၅ ရက်တွင် အတည်ပြုပြောကြားသည်။


"နောက်တစ်ပတ်ထဲမှာ ပူးတွဲစစ်ရေးလေ့ကျင့်တာတွေ အဆုံးသတ်ပြီးတာနဲ့ ဂျော်ဒန်နိုင်ငံမှာ F-16 တိုက်လေယာဉ်တွေနဲ့ ဒုံးခွင်းဒုံးတွေ ချန်ထားခဲ့ဖို့ သဘောတူပြီးပါပြီ။ အမေရိကန်တပ်သားတွေအားလုံးကတော့ ဒီစစ်ရေးလေ့ကျင့်တာပြီးတာနဲ့ ပြန်ကြမှာပါ။ အမေရိကန်ဟာ ဂျော်ဒန်နဲ့ ကာလကြာမဟာမိတ်တွေဖြစ်ရတာကို သဘောကျပါတယ်" ဟု အမေရိကန်ကာကွယ်ရေး အရာရှိဂျော့လစ်တဲက ပြောကြားသည်။

အမေရိကန် စစ်တပ်သည် ဂျော်ဒန်နိုင်ငံနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် ပင်လယ်နီ ကမ်းရိုးတန်းအနီးတွင် အမေရိကန်ရေတပ်၏ ကြည်း၊ရေနှစ်သွယ်သင်္ဘောများကို ဆက်လက်ထားရှိမည်ဟု

စာမျက်နှာ ၄၆ ››



# IN DEPTH



## ၂၀၁၃၊ ဇွန် ၁၉မှ ၂၅ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေ အနေ

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနဲ့ အနောက်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့မှာ မုတ်သုံလေအားကောင်းနိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အားအသင့်အတင့်သာ ရှိနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းရှိ အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေမှာ လေထုမငြိမ်မသက်ဖြစ်ပေါ် နိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်နိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မကြာခဏမိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး တစ်ခါတစ်ရံမြေပြင်လေပြင်လေဟာ တစ်နာရီ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၅ ပေမှ ၇ ပေ ခန့်နဲ့ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုး တန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင် ပါတယ်။

### နေ့အပူချိန်များ အခြေအနေ

မန္တလေးတိုင်း၊ နေပြည်တော်တိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်နဲ့ မကွေးတိုင်း၊ မွန်ပြည် နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွေမှာ ၃၃-၃၈ ဒီဂရီစင်တီဂရိတ်နဲ့ ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ တောင်ပိုင်း၊ ချင်းပြည်နယ်တို့မှာ ၂၇-၃၂ ဒီဂရီစင်တီဂရိတ် ရှိနိုင်ပါတယ်။

### ခရမ်းလွန်ရောင်ခြည်အခြေနေ

ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ uv index တန်ဖိုးများ လျော့နည်းနေနိုင်ပြီး တန်ဖိုးအားဖြင့် ၆ အထိ ရှိနိုင်ပါတယ်။ ကယားပြည်နယ်နဲ့ ပဲခူးတိုင်းတို့မှာ uv index တန်ဖိုး ၈ အထိ မြင့်တက်နိုင်ပြီး ကျန်ဒေသတွေမှာ uv index တန်ဖိုးများ ၆ အထိသာ ရှိနိုင်ပါတယ်။

### မိုးတိမ်တောင်အခြေအနေ

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ တနင်္သာရီတိုင်းတို့မှာ မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်ပါတယ်။ မိုးတိမ်တောင်ဖြစ်ရန် သေချာမှု ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နဲ့ အရှေ့ပိုင်းတို့မှာ တိမ်အသင့်အသင့်ဖြစ်ထွန်းနိုင်ပြီး နေပြည်တော်တိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ နေရာကွက်ကျားကျန်ဒေသတွေမှာ နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်ပါတယ်။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာ မိုးကြီးနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၈၀ ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။

ဒေါက်တာထွန်းလွင်(MCCW)

မျက်နှာဖုံးမှ

# လိင်အသားပေးဇာတ်ဝင်ခန်းများ ထိန်းချုပ်သင့်ပြီလား

အသက်မပြည့်သေးသူမြန်မာမင်းသမီး သရုပ်ဆောင်ထားသော ဇာတ်ဝင်ခန်းအချို့ လူပြောများနေဆဲမှာပင် လင်မယားအတူနေသည့်ဇာတ်ဝင်ခန်းပါဇာတ်ကားတစ်ကား ထွက်လာပြန်သည်။ ကြိုဆိုသူ အနည်းစုရှိသော်လည်း ယင်းဇာတ်ကားဖန်တီးသူတို့ ပရိသတ်ကိုတောင်းပန်ဖြေရှင်းလာရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဗီဒီယိုဆင်ဆာဖြေလျှော့ပေးမှုအပေါ် အနုပညာဖန်တီးသူများက မယုံမရဲနှင့် မိမိတို့ဖန်တီးချင်သည့် ဇာတ်လမ်းလေးများ သွေးတိုးစမ်းတင်ပြနေရချိန်တွင် လိင်အသားပေးဟုဆိုသော ဇာတ်ကားများ ထွက်ရှိလာခြင်းကြောင့် ရရှိထားသည့်လွတ်လပ်ခွင့်ကို အဆုံးရှုံးမခံနိုင်သူတို့ စိုးရိမ်ပူပန်လာကြသည်။ တစ်ချိန်တည်းမှာပင် မြန်မာဗီဒီယိုဆင်ဆာအဖွဲ့ကလည်း ယဉ်ကျေးမှုနှင့် မသင့်လျော်သည့် ပြကွက်များကို ပိုပိုတင်းကျပ်တော့မည်ဟု စကားဦးသန်းလာပြီဖြစ်သည်။

"အဲဒါမှမရရင် ခွေကို ဈေးကွက်ထဲကပြန်သိမ်းတဲ့အထိအရေးယူပါမယ်။ အိပ်ရာခန်းတွေကို လိုအပ်လို့ထည့်တာကထည့်ပေ့ါ။ ဒါပေမယ့် မူဝါဒသတ်မှတ်ထားတာကိုကျော်ပြီးရိုက်ရင်ပထမထောက်ညွှန်မယ်။ မရရင်ဒီအခန်းတွေကို ဖြတ်တောက်ရမယ်"ဟုမြန်မာဗီဒီယိုဆင်ဆာအဖွဲ့မှ အဖွဲ့ဝင် ဦးခင်မောင်ချင်းက ပြောသည်။

တင်းကျပ်သည့်ဆင်ဆာမူဝါဒဟုမြန်မာအနုပညာရှင်တို့ပြောဆိုဝေဖန်ခဲ့သော ဆင်ဆာခေတ်သည် လွန်ခဲ့သည့်တစ်နှစ်ခွဲတွင် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။ ဆင်ဆာအဆီးအတားမရှိတော့သည့်နောက် "ဘယ်လိုကားတွေရိုက်လာကြမှာလဲ" လို့ ပရိသတ်က မေးခွန်းမထုတ်နိုင်သေးခင်မှာပင် သရဲတစ္ဆေဇာတ်ကားများ တရစပ်ထွက်ရှိလာသည်။ ယင်းနောက်မှာတော့ နောက်ခံအချစ်သီချင်းဖွင့်ပြီး ပန်းခြံထဲတွင် ပြေးလွှားနေသော ချစ်သူစုံတွဲများ၊ ပန်းပွင့်လေးပေါ် လိပ်ပြာနား၍ ဝတ်ရည်သောက်သုံးနေသည့်တင်စားချက်ပြကွက်များ နေရာတွင် မြန်မာမင်းသားနှင့် မင်းသမီးတို့ အကြင်နာပေးခြင်း (နှုတ်ခမ်းချင်းထိတွေ့နမ်းရှုပ်ခြင်း)၊ လင်မယားခုတင်ပေါ်က ဇာတ်ဝင်ခန်းအချို့ နေရာယူလာသည်။

လွတ်လပ်ခွင့်ပေးလိုက်ချိန်တွင်ယခင်ကမရိုက်ခဲ့ရသောဆင်းရဲမွဲတေသည့် သရုပ်မှန်စရိုက်၊ မီးပြတ်သည့်အကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်သည့်အကြောင်း၊ အစိုးရဌာနပိုင်းဆိုင်ရာ အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုစသည်တို့ကို အနုပညာဖြင့် ပြောင်မြောက်အောင် ဖော်ထုတ်သည့်ဇာတ်ကားများ ထွက်မလာခဲ့ဘဲ သရဲကားများနှင့် နမ်းရှုတ်သည့် ဇာတ်ကားများ ထွက်လာခြင်းမှာ ဆင်ဆာလွတ်လပ်ခွင့်တဖွဖွတောင်းသူတို့ပင် မျက်စိလည်ကုန်သည်။

"ကျွန်မ ဆင်ဆာလွတ်လာခွင့်ရတာနဲ့ ကိုမြအေးနဲ့ ကိုမင်းကိုနိုင်တို့ရဲ့ ဝတ္ထုတွေ ဗီဒီယိုရိုက်တယ်။ အောက်ခြေလူတန်းစားမိသားစုဘဝတွေကို အရင်က မရိုက်ခဲ့ရသမျှ အတိုးချရိုက်ကူးတယ်။ ဒါကို ပရိသတ်ကလည်း အားပေးကြတာ တွေ့ရတယ်။ ပရိသတ်တောင့်တတာက ဇာတ်လမ်းဆန်းသစ်တာလို့ ကျွန်မထင်ပါတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် ကိုမြအေးတို့၏ ဝတ္ထုများကို ဗီဒီယိုဇာတ်ကားပြန်လည်ဖန်တီးခဲ့သူ ဒါရိုက်တာ ကြည်ဖြူသျှင်က ဆိုသည်။

"အခုမြန်မာကားမှာက နှုတ်ခမ်းချင်းနမ်းလိုက်တာကိုပဲ အနမ်းခံရတဲ့ မင်းသမီးက အသေးစိတ်ပြန်ခံစားပြနေတယ်။ ဒါကို ကလေးတွေအတုယူမှားနိုင်တယ်။ လွတ်လပ်ခွင့်ရလာတဲ့အခါ ရှေ့ဆက်သွားရမှာကို မဟုတ်တမ်းတရားတွေရိုက်ပြီး လွတ်လပ်ခွင့်ကို အဆုံးရှုံးခံကြတော့မှာလား။ ပြောရင်တော့ ခင်ဗျားကြီးက အသက်ကြီးလို့ မရိုက်ရဲတိုင်းပြောတယ် ဖြစ်မယ်။ ကလေးတွေအတွက်စဉ်းစားပါ"ဟု ချစ်တင်းနှောခန်းများ မပါပါက အနုပညာမမြောက်ဆိုသည့် ရှုထောင့်ကိုလက်မခံသည့် ဒါရိုက်တာမောင်တင်ဦးကဆိုသည်။

တင်းကျပ်သည်ဆိုသော ဆင်ဆာအချက် ၁၀ ချက်မှ လေးချက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လျှော့ပေ့ါလိုက်ပြီးနောက် တင်ပြလာသည့်မြန်မာဇာတ်ကားများကို နိုင်ငံတော်မူဝါဒ၊ ကိုးကွယ်သည့်ဘာသာ၊ ပြည်သူတို့၏ အကျင့်စာရိတ္တ၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားယဉ်ကျေးမှုတို့ကို ထိခိုက်ခြင်းရှိ မရှိ ယင်းအချက် ခြောက်ချက်အပေါ် အခြေခံ၍ ဆင်ဆာကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ထိုအချက်ထဲက လွတ်ရင်ပြီးရော မောင်နှင့်နှမ၊ သားနှင့်အမိ အတူကြည့်လို့မသင့်သည့်မြန်မာဇာတ်ကားများထပ်မထွက်လာစေရန်အတွက် ဆင်ဆာပြန်လည်တင်းကျပ်သည့်စနစ်ကိုတော့ ရုပ်ရှင်လောကသားအားလုံးက ခါးခါးသီးသီး ကန့်ကွက်နေကြသည်။ ထို့ပြင် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်များကဲ့သို့ အသက် ၁၈ နှစ်အောက်ကလေးများ မကြည့်ရဆိုသည့် အဆင့်သတ်မှတ်သည့်စနစ် (Rating) မှာလည်း မြန်မာ့လူမှုဝန်းကျင်နှင့် လတ်တလောပြုလုပ်ရန် လုံးဝလွယ်ကူဦးမည်မဟုတ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအပါအဝင် လောကသားအများစုက ဆိုပြန်သည်။

ထိုသို့ဆိုလျှင် နောက်ထပ်ညစ်ညမ်းပါသည်ဆိုသည့် လင်မယားအတူနေဇာတ်ဝင်ခန်းများ၊ သမီးရည်းစား အကြင်နာပေးသည့် ဇာတ်ဝင်ခန်းများမပါအောင်၊ အနုပညာဖန်တီးသူများကိုလည်း မပွန်းပဲ့အောင် မည်သို့ဖန်တီးကြမည်နည်း။ အဖြေကိုရုပ်ရှင်အစည်းအရုံး၏ ဥက္ကဋ္ဌရာထူးကို မကြာမီက ရရှိခဲ့သည့် သရုပ်ဆောင်ဒါရိုက်တာ ဦးလူမင်းက ပေးပါသည်။

"မြန်မာ့ယဉ်ကျေးမှုဆိုတဲ့နေရာမှာ မြန်မာတွေလည်း ချစ်တတ်တာပါပဲ။ ဒါကြောင့် ချစ်ခန်းကြိုက်ခန်းတွေကို သဘာဝကျပြီး အမြင်မရိုင်းအောင်တော့ ဖန်တီးမယ့်သူတွေက ကြိုးစားပေးသင့်ပါတယ်။ 'မျက်လုံးလေးကလယ် ကလယ်' ဇာတ်ကားမှာကတည်းက Rating စနစ်လိုနေပြီလို့ ကျွန်တော်ပြောခဲ့ပေမယ့် လတ်တလောလုပ်ဖို့လုံးဝအဆင်မပြေပါဘူး"ဟု လူမင်းက ပြောသည်။

အသက် ၁၈ နှစ်အောက် ကလေးများမကြည့်ရဟု တံဆိပ်ကပ်နှိပ်လိုက်ပါက အသက် ၁၈ နှစ်အောက်မပြည့်သေးသည့် ထိုကလေးအများစုကပင် ယင်းဇာတ်ကားများကို ရွေးချယ်ကြည့်ရှုသွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ မြို့စွန်နှင့် ကျေးလက်နေလူတန်းစားများဖြစ်နေပြီး ၎င်းတို့မှာ အခကြေးငွေယူ၍ ပြသကြသည့် ဗီဒီယိုရုံများ၊ လက်ဖက်ရည်ဆိုင်ကြီးများတွင် ပြသသည့် မြန်မာဇာတ်ကားများကို အားထားကြည့်နေကြရသည်။

ဆေးလိပ်၊ အရက်တို့ကိုပင် ကလေးငယ်များကိုဖော်ဖော်သီသီ ရောင်းနေသည့် မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက် ကလေးငယ်များ မကြည့်ရဟု ဇာတ်ကားများသတ်မှတ်လိုက်ပါက အတိအကျလိုက်နာကျင့်သုံးရေး စိစစ်ကြပ်မတ်ရန်မှာ အတော်ပင်မလွယ်ကူသေးသည့် အလုပ်ဖြစ်ကြောင်း ဒါရိုက်တာကြည်ဖြူသျှင်က ဆိုသည်။

"ကျော်ဆွေသေနတ်ပြောင်းပြန်ထမ်းတာတွေ့ပြီး အားကျပြီး ကျွန်တော်လည်း သေနတ်ပြောင်းပြန်ထမ်းလိုက်တာ တပ်ထဲမှာ အဆူအကြိမ်းခံလိုက်ရတာပဲ။ ဒါဘာကိုပြလဲဆိုတော့ ခင်ဗျားတို့မှာ ပရိသတ်အများကြီးရှိတာပဲ" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ယမန်နှစ်က လာရောက်ခဲ့သည့် သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ စကားမှာ သမားရိုးကျချစ်ကြိုက်ကွဲညားကို ဆန်းသစ်အောင် လိင်အသားပေးဇာတ်ဝင်ခန်းများ ထည့်သွင်းရိုက်ကူးသူတို့ စဉ်းစားသင့်သည့်အချက်ဖြစ်နေသည်။

"မင်္ဂလာဦးညကို ရင်ခုန်အောင် ရိုက်ပြရမယ်ဆိုရင်တော့ အထိတွေ့လေးတွေ၊ အနမ်းလေးတွေပါသင့်တာပေ့ါ။ ကြည့်တဲ့သူတွေမှာလည်း အကြည်ဓာတ်လေးလိုတယ်လေ။ ခက်တာက လိုတာထက်ပိုပြနေတာပဲ။ စွတ်လုပ်နေရင် ရထားတဲ့ လွတ်လပ်ခွင့်လေးပြန်ဆုံးရှုံးမှာစိုးတယ်" ဟု ဒါရိုက်တာဝိုင်းက ဆိုသည်။ သို့သော်သူက ဇာတ်ကားများအဆင့်သတ်မှတ်သည့် စနစ်ကို ထောက်ခံသူလည်းဖြစ်သည်။

"ရေရှည်ကို ကြည့်ပါ။ လတ်တလောအဆင်ပြေအောင်အဲဒီအခန်းဖြတ်ဆိုတာ မလုပ်နဲ့တော့။ နိုင်ငံတကာကို သွားမယ်ဆိုရင် Rating က အကောင်းဆုံးပဲ။ စစချင်းခက်မှာပဲ။ ဘယ်အလုပ်မဆိုခက်မှာပဲ" ဟု ဝိုင်းက ဆိုသည်။

လောကသားအများစုမှ စိုးရိမ်သလို ဆင်ဆာပြန်လည်တင်းကျပ်သည့်စနစ်ကိုတော့ မပြုလုပ်လိုကြောင်း ဆင်ဆာအဖွဲ့ဝင် ဦးခင်မောင်ချင်းက ကတိပြုသော်လည်း မူဝါဒခြောက်ချက်နှင့် ငြိစွန်းလာလျှင်တော့ နောက်နောင်ညှာတာတော့မည်မဟုတ်ဟု ဆိုသည်။